# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလကွယ် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁၁ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၃၁၃)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## စဉ့်ကူးမြို့နယ် ညောင်ပင်ကျေးရွာ ကျေးလက်ခန်းမနှင့် ပွင့်လင်းသုတစာဖတ်ခန်းဖွင့်ပွဲ တက်ရောက်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စဉ့်ကူးမြို့နယ် ညောင်ပင်ကျေးရွာ ကျေးလက်ခန်းမနှင့် ပွင့်လင်းသုတစာဖတ်ခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

**မန္တလေး ဩဂုတ် ၁၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ဒေါက်တာမြင့်ထွေး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စဉ့်ကူးမြို့နယ် ညောင်ပင်ကျေးရွာ ကျေးလက်ခန်းမနှင့် ပွင့်လင်းသုတစာဖတ်ခန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

အစီအစဉ်အရ ကျေးလက်ခန်းမနှင့် ပွင့်လင်းသုတစာဖတ်ခန်းအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်းရှိ သုတရသ စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**မြန်မာ- ဘင်္ဂလားဒေ့ရှ် ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပ**

*ပြည်တွင်းသတင်း* *စာမျက်နှာ - ၈*

**အင်ဒိုနီးရှားသမ္မတ ရွေးကောက်ပွဲတွင် ဂျိုကိုနှင့် ပရာဘိုဝိုတို့ ယှဉ်ပြိုင်ကြမည်**

*နိုင်ငံတကာသတင်း* *စာမျက်နှာ - ၁၄*

**ရေစီမံခန့်ခွဲမှု နည်းပညာများနှင့် စင်ကာပူနိုင်ငံ**

*ဆောင်းပါး* *စာမျက်နှာ - ၁၆*




မြန်မာ့အလင်း

# နိုင်ငံ့အနာဂတ်အတွက် အရင်းအနှီး

မြန်မာလူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုး အပါအဝင် ဗလငါးတန် မြှင့်တင်ပေးနိုင်ရေးနှင့် အနာဂတ်မြန်မာ့လူ့ဘောင် အဖွဲ့အစည်းကို လူငယ်များ၏ အတွေးအမြင်ကောင်းများ၊ အရည်အသွေး ကောင်းများဖြင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရေးဆိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပသည့် "လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)"ကို ယနေ့မှစ၍ သုံးရက်တိုင်တိုင် (ဩဂုတ်လ ၁၁၊ ၁၂၊ ၁၃ ရက်တို့တွင်) ကျင်းပသွားတော့မည်ဖြစ်သည်။

ပထမအကြိမ် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ယမန်နှစ် ဒီဇင်ဘာလ ၁ ရက်မှ ၃ ရက်အထိ ရန်ကုန်တက္ကသိုလ်၌ ကျင်းပခဲ့ရာ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ တက္ကသိုလ်မျိုးဆက်ဟောင်းများ၊ ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့များ ပါဝင်ဆင်နွှဲခဲ့ကြပြီး လူငယ်စကားဝိုင်းများ၊ အနုပညာလှုပ်ရှားမှုများ၊ အားကစားလှုပ်ရှားမှုများဖြင့် ရန်ကုန်တက္ကသိုလ်ပရိဝုဏ်အတွင်း စည်ကားသိုက်မြိုက်စွာဖြင့် အောင်အောင်မြင်မြင် ကျင်းပပြီးစီးခဲ့သည်။ ယခုလည်း မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုမြို့တော်ဖြစ်သည့် မန္တလေးတွင် ကျင်းပမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို စာပေဆိုင်ရာလှုပ်ရှားမှု၊ အနုပညာဆိုင်ရာလှုပ်ရှားမှု၊ အားကစားဆိုင်ရာလှုပ်ရှားမှု၊ အိုင်တီနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ လှုပ်ရှားမှုများ၊ စာအုပ်ဈေးရောင်းပွဲတော်၊ လူငယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်များ၊ ဆွေးနွေးပွဲများ၊ ဖျော်ဖြေမှုများ စသည့်အစီအစဉ်များနှင့် ကဏ္ဍအလိုက် ကျင်းပသွားမည်ဖြစ်ကြောင်းကို မီဒီယာများမှတစ်ဆင့် သိရှိထားကြပြီးဖြစ်သည့်အလျောက် စိတ်ဝင်စားမှုများလည်း မြင့်မားလျက်ရှိကြောင်း သိရသည်။

လူငယ်မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ခြင်း၊ အားပေးမြှင့်တင်ခြင်းတို့သည် နိုင်ငံ၏ အနာဂတ်လူ့ဘောင်အတွက် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရေး အလို့ငှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းပင် ဖြစ်သည့်အလျောက် ကမ္ဘာ့နိုင်ငံတိုင်းတွင်လည်း လူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ပြုလုပ်ကြရစမြဲပင်ဖြစ်သည်။ မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်းကို လွတ်လပ်မှု **(Freedom)**၊ ဖွံ့ဖြိုးတိုးတက်မှု **(Development)** နှင့် ကြွယ်ဝချမ်းသာမှု **(Prosperity)** ဆိုသည့် အခြေခံတန်ဖိုးများဖြင့် တည်ဆောက်လျက်ရှိသည်။ အနာဂတ်တွင် ပွင့်လင်းလွတ်လပ်သော၊ ဖွံ့ဖြိုးတိုးတက်သော၊ ကြွယ်ဝချမ်းသာသော လူ့အဖွဲ့အစည်းကို တည်ဆောက်မည့်သူများမှာ ယနေ့လူငယ်များပင်ဖြစ်သည့်အလျောက် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန် မြင့်မားသော လူငယ်များဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည်သာ ဖြစ်သည်။

ဗီဇသဘောအရ မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးဖြစ်စေ၊ လူဖြူ လူမည်း လူညို လူဝါစသည်တို့ မွေးလာခါစတွင် ဘာမှမကွာ။ လူ့အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်တို့၏ လွှမ်းမိုးမှု၊ သွန်သင်မှု၊ ပြုစုပျိုးထောင်မှုတို့အပေါ်မူတည်၍သာ အရွယ်ရောက်သည်နှင့်အမျှ တစ်စစ ကွာခြားသွားတတ်ကြသည်ဟု သုတေသီတို့က ဆိုကြသည်။

ယနေ့လူငယ်များ ဘက်စုံအရည်အသွေးမြင့်မားရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့်အလျောက် အတွေးအမြင်ကောင်းသော၊ အရည်အသွေးမြင့်မားသော လူငယ်များ ပေါ်ပေါက်လာရေး ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးကို ကြိုဆိုအပ်ပါကြောင်း။ ။

## မုတ်သုံလေ အားကောင်းနေမည်

**နေပြည်တော် ဩဂုတ် ၁၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းနေမည်။

မိုး/ဇလ

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၀**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခေမာမြကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက နယူးဇီလန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၀**




မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Steve Marshall နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် အစိုးရဌာနများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) ဖွဲ့စည်းနိုင်ရန် ဆွေးနွေးနေမှုများ၊ အများပိုင်နှင့် ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများတွင် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များ ရေးသားရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပဲခူး၌ ရေနစ်မြှုပ်ပျက်စီးသွားသောလယ်မြေများ မိုးစပါးပြန်လည်စိုက်ပျိုး

**ပဲခူး ဩဂုတ် ၁၀**

ပဲခူးမြို့နယ် မယင်းကျေးရွာအုပ်စု အကျဉ်းဦးစီးဌာန မိုးစပါးစိုက်ကွင်းတွင် ဩဂုတ် ၁၀ ရက် နံနက် ၈ နာရီခွဲက ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ ရေကြီးနစ်မြှုပ်ပျက်စီးသွားသော လယ်မြေများ၌ မိုးစပါးပြန်လည်စိုက်ပျိုးခြင်းအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လုပ်ငန်းခွင်လုပ်ကိုင်နေသော ဝန်ထမ်းများနှင့် ကောက်စိုက်သမအဖွဲ့တို့အား ကျေးဇူးတင်အားပေးစကား ပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်က ရေကြီးနစ်မြှုပ်မှုကြောင့် စိုက်ကွင်းများဆုံးရှုံးမှု၊ ပြန်လည်စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် ဌာနဆိုင်ရာများမှ စိုက်ပျိုးရေးဝန်ထမ်းများ၊ ကောက်စိုက်သမများနှင့်အတူ ရေကြီးနစ်မြှုပ်မှုကြောင့် ပျက်စီးသွားသော မယင်းကျေးရွာအနီးရှိ အကျဉ်းဦးစီးဌာနပိုင် မိုးစပါးစိုက်ကွင်း ၄၃ ကေအနက် အရန်ပျိုး (ဆင်းသုခမျိုး) ဖြင့် ၁၈ ကေကို ပြန်လည်စိုက်ပျိုးကြသည်။ ယနေ့တွင် ကျန်မစိုက်ပျိုးရသေးသော စိုက်ကွက်ကေများအား စိုက်ပျိုးရေးဦးစီးဌာနမှ Drum Seeder စိုက်စနစ်ဖြင့် (မျိုးစေ့ချကိရိယာဖြင့်) ၁၅ ကေ၊ ပျိုးသက်နုဖြင့် ၁၀ ကေ၊ စုစုပေါင်း ၂၅ ကေအား ပြန်လည်စိုက်ပျိုးပေးကြပြီး ကောက်စိုက်သမအဖွဲ့နှင့် ဝန်ထမ်းများအား အချိုရည်များ လက်ဆောင်ပေးအပ်ကြသည်။

အဆိုပါ ရေကြီးနစ်မြှုပ်ပျက်စီးသော လယ်ယာမြေများအား ပြန်လည်စိုက်ပျိုးခြင်းကို တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး စက်မှုလယ်ယာဦးစီးဌာနမှ စက်ကိရိယာများဖြင့် မြေပြုပြင်ခြင်းလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာအုပ်စု ၆၄၂ အုပ်စုမှ တောင်သူပေါင်း ၉၈၆၆၀ ဦး၏ မိုးစပါးစိုက်ကေ ၉၄၂၃၁၄ ကေ၊ အခြားစိုက်ကေ ၂၇၇၂ ကေ၊ စုစုပေါင်း ၄၉၆၁၉၆ ကေ ရေလွှမ်းခဲ့ပြီး ပြန်ပေါ်ကေ ၂၀၂၅၉၇ ကေ၊ ရေလွှမ်းဆဲကေ ၂၉၃၅၉၉ ကေ၊ ထိခိုက်ကေ ၈၆၀၆၆ ကေ၊ ပျက်စီးကေ ၅၇၇၁၅ ကေနှင့် ပြန်လည်စိုက်ပျိုးပြီး ကေ ၃၉၂၁၂ ကေ ဖြစ်ကြောင်းနှင့် ပဲခူးမြို့နယ်အတွင်းတွင်လည်း ရေလွှမ်းကေ ၂၅၅၀၀ ကျော်၊ ထိခိုက်ပျက်စီးကေ ၆၇၀ ကျော်၊ ပြန်လည်စိုက်ပျိုးပြီး ကေ ၁၀၀၀ ကျော်ရှိကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ဟိန်းထက် (ပြန်/ဆက်)**

## မော်တော်ယာဉ်စစ်ရက်ချိန်းရယူခြင်းအား ကြိုတင်စာရင်းသွင်းသည့်စနစ်ကို ဩဂုတ် ၂၀ ရက်မှ စတင်ဆောင်ရွက်ပေးမည်

**နေပြည်တော် ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံးအသီးသီးတွင် နေ့စဉ် ယာဉ်မှန်၊ မမှန် စစ်ဆေး ဆောင်ရွက်ပေးသည့် ယာဉ်စီးရေ များပြားလျက်ရှိသဖြင့် လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် ယာဉ်စစ်ရက်ချိန်းရယူခြင်းအား www.rtad.gov.mm Website တွင် ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System) ကို ဩဂုတ်၂၀ ရက် (တနင်္လာနေ့)မှ စတင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မော်တော်ယာဉ်မှတ်ပုံတင် မှန်ကန်ခြင်း ရှိ၊ မရှိ ယာဉ်စစ်ဆေးခြင်းကို နေ့စဉ် ရုံးဖွင့်ရက်များအတွင်း နှစ်လဲသက်တမ်းတိုး ယာဉ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးချိန် မွန်းလွဲ ၂ နာရီ နောက်ပိုင်း၊ လစဉ် လဆန်း ၁ ရက်မှ ၂၅ ရက်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး Online Booking ကို အနည်းဆုံး နှစ်ရက်မှ အများဆုံး ၃၀ ရက် အထိ ကြိုတင်ရယူနိုင်မည် ဖြစ်သည်။ ရုံးဖွင့်ရက် တစ်ရက်လျှင် တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၌ ၂၅ စီး၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ၌ ၃၅ စီး၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)၌ ၅၀၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၌ ၂၅ စီး၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၌ ၃၀ တို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Online အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.motc.gov.mm၊ www.myanmarrtad.com၊ www.rtad.gov.mm Website များနှင့် Road Transport Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ မရှင်းလင်းသည်များရှိပါက ရုံးချုပ် (နေပြည်တော်)- ၀၆၇-၃၄၀၅၀၉၉၊ တိုင်းဒေသကြီးရုံး (ရန်ကုန်)- ၀၁-၅၇၀၉၆၇၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)- ၀၁-၂၅၈၅၀၈၂၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)- ၀၁-၅၉၀၁၀၇၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)- ၀၁-၅၇၃၁၀၉၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)- ၀၅၆-၂၁၀၈၀၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)- ၀၁-၃၆၄၄၄၁၀ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## မွန်နှင့် ကရင်ပြည်နယ်ရှိ ရေဘေးသင့်သူများအား ငွေနှင့်ပစ္စည်းများ လှူဒါန်း

**တပ်ကုန်း ဩဂုတ် ၁၀**

နေပြည်တော် တပ်ကုန်းမြို့နယ် မေတ္တာရိပ်လူမှုကူညီရေးအသင်းကြီးက ဦးဆောင်၍ တပ်ကုန်းမြို့နယ် ပြည်သူများလှူဒါန်းသည့် ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၁၃၃၇ အိတ်၊ ဆီ၊ ဆား၊ ရေသန့်နှင့်လူသုံးကုန်ပစ္စည်းမျိုးစုံ၊ အဝတ်အထည်များအား ကုန်တင်ယာဉ်နှစ်စီးဖြင့် တင်ဆောင်ကာ ဩဂုတ် ၁၀ ရက်က မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တွင်းရှိ ရေဘေးသင့်ပြည်သူများထံ ထွက်ခွာသွားပြီဖြစ်သည်။ စေတနာရှင်ပြည်သူများက လှူဒါန်းမှု စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်သိန်းသုံးရာကျော် ဖြစ်ကြောင်း သိရှိရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**



ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသထံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက တရားတော်များ နာယူကြစဉ်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

အဆိုပါ ကျေးလက်ခန်းမနှင့် ပွင့်လင်းသုတစာဖတ်ခန်းသည် စဉ့်ကူးမြို့နယ် ညောင်ပင်ကျေးရွာအုပ်စု နေပူကုန်းကျေးရွာနေ ဦးသန်းဆွေ၊ ဦးဌေးကို မိသားစုတို့မှ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသထံသို့ ညောင်ပင်



ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသထံ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဝါဆိုသင်္ကန်းဒွိစုံကို ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

ကျေးရွာအုပ်စုနေ ပြည်သူများ စာပေလာရောက်ဖတ်ရှုပြီး အသိအမြင်ဗဟုသုတ ရရှိစေရန်အတွက် လှူဒါန်းခဲ့သည့် မြေပေါ်တွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ငွေကျပ်သိန်း ၃၆၀ အကုန်အကျခံ၍ ကွန်ကရစ်တစ်ထပ်တိုက် တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ပွင့်လင်းသုတစာဖတ်ခန်း၌ သုတ၊ ရသ စာအုပ်ပေါင်း ၁၃၉၂ အုပ်နှင့် ကွန်ပျူတာနှစ်စုံကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ညောင်ပင်ကျေးရွာ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကျေးရွာအနီးပတ်ဝန်းကျင်မှ အမျိုးသမီးငယ်များအား စက်ချုပ်သင်တန်းဖွင့်လှစ်ပို့ချပေးနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းကျောင်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အခြေခံအိမ်တွင်းမှုသင်တန်းခုနစ်ကြိမ်နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း ခြောက်ကြိမ်ဖွင့်လှစ်၍ သင်တန်းသား ၃၉၀ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဒေသခံပြည်သူများနှင့် တွေ့ဆုံ**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် သင်တန်းကျောင်းခန်းမ၌ စဉ့်ကူးမြို့နယ် ညောင်ပင်ကျေးရွာအုပ်စုမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ ဒီရွာကိုလာပြီး ရွာသူရွာသားတွေနဲ့ တွေ့ဆုံခွင့်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ လူအများစု ၇၀ ရာခိုင်နှုန်းက ကျေးလက်တောရွာတွေမှာပဲ နေတဲ့အတွက် ကျွန်မတို့က ရွာတွေကိုဆင်းမှပဲ ပြည်သူတွေရဲ့ တကယ့်ဘဝအမှန်ကို မြင်နိုင်တွေ့နိုင်မှာ ဖြစ်ပါတယ်။ ကျွန်မဒီကိုလာတာ ပထမဦးဆုံး ဆရာတော်ဘုရားကြီးကို ကျောင်းလှူပြီး အခု စာကြည့်တိုက်ဖွင့်ဖို့ လာတာပါ။

“တစ်နိုင်ငံလုံးမှာ စာကြည့်တိုက်တွေ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ချင်တယ်။ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ချင်တယ်ဆိုတာ ကျွန်မတို့ ပြည်သူတွေ ဗဟုသုတတိုးပွားစေချင်လို့၊ မျက်စိတွေ၊ နားတွေ ပွင့်စေချင်လို့ဖြစ်ပါတယ်။ ဒီလိုစာကြည့်တိုက်တွေ ဖွင့်နိုင်ရင် ကလေးတွေဟာ ငယ်ငယ်ကတည်းက စာဖတ်ချင်စိတ်၊ စာအုပ်ကို ချစ်တတ်တဲ့ အစွဲလေးတွေ ပါသွားအောင်လို့ ဖြစ်ပါတယ်။

**ကလေးတွေ စာဖတ်ချင်ဖို့ အားပေး**

“ကလေးတွေ စာဖတ်ချင်ဖို့၊ စာအုပ်ကို ချစ်ဖို့ဆိုရင် လူကြီးတွေက အားပေးမှ ဖြစ်မှာပါ။ ကျွန်မတို့ မျိုးဆက်တွေ တစ်ဆင့်ကနေ တစ်ဆင့် ဆင့်ကမ်းချန်ထားခဲ့တဲ့ အမွေတွေက ကောင်းမွေတွေရှိသလို ဆိုးမွေတွေလည်း ရှိပါတယ်။ ဒါကလည်း ပုထုဇဉ်လူသားတွေဆိုတော့ ရှောင်လွှဲလို့ မရနိုင်ပါဘူး။

“ဒါကြောင့် ကျွန်မ ခဏခဏ ပြောပါတယ်။ အမွေထားပစ်ခဲ့တဲ့နေရာမှာ အရေးအကြီးဆုံးက မှန်ကန်တဲ့စိတ်ဓာတ်နဲ့ ပညာပဲ။ ဒါကိုထားခဲ့နိုင်ရင် ကျန်တာတွေကို သိပ်ပြီးစိတ်ပူဖို့ မလိုပါဘူး။ ပိုက်ဆံတို့၊ အိမ်တို့ထားခဲ့ရင် ပျောက်ပျက်သွားနိုင်ပါတယ်။ ငယ်ငယ်က သင်ခဲ့ရတဲ့ ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး ဆိုတဲ့အတိုင်း ဘယ်သူကမှ မခိုးနိုင်တာ မြတ်ရွှေအိုးပါ။

“ ဒါကြောင့် ကျွန်မက ပညာကိုအင်မတန်အားပေးပါတယ်။ ပညာဆိုတာကလည်း ဘွဲ့ရတာမှ ပညာမဟုတ်ဘူးဆိုတာကို အထူးသဖြင့် ကျေးရွာတွေက ပြည်သူလူထုကို အသိပေးချင်ပါတယ်။ တချို့က ရိုးသားတဲ့စိတ်နဲ့ တခြားသူတွေကို အားကျပြီး တက္ကသိုလ်ကဘွဲ့ရမှ ပညာတတ်ဖြစ်တယ်ဆိုပြီးတော့ သားသမီးတွေကို တက္ကသိုလ်သွားစေချင်ကြတယ်။ ဒါက မိဘတွေရဲ့ စေတနာပေါ့။ တကယ်တော့ပညာဆိုတာ တက္ကသိုလ်သွားမှ ရတဲ့အရာမျိုး မဟုတ်ပါဘူး။

“ ပညာဆိုတာ နေရာမရွေးရှာတတ်လို့ရှိရင် ရှာနိုင်ပါတယ်။ ကျွန်မတို့ စာကြည့်တိုက်တွေဖွင့်တယ်ဆိုတာက ပညာရှာတတ်တဲ့ အလေ့အကျင့်တွေ၊ ပညာရှာချင်တဲ့ စိတ်ဓာတ်တွေ ပွားများဖို့ပဲ ဖြစ်ပါတယ်။ တချို့အသက်မွေးဝမ်းကျောင်းပညာ သင်တန်းတွေ ဖွင့်တယ်ဆိုတာကလည်း ပညာဆိုတာ ကိုယ့်ဘဝမှာ ရပ်တည်နိုင်စေဖို့ အထောက်အပံ့ပေးတဲ့အရာ ဖြစ်ရမယ်။ ကျွန်မတို့နိုင်ငံရဲ့ဆိုရိုးစကားက အလုပ်လက်မဲ့ ဘွဲ့ရတွေဆိုတာ အဲဒါမျိုးတွေကို မမွေးထုတ်ချင်ဘူး။ ဘွဲ့ရရင် သူ့ဘွဲ့နဲ့ ကိုက်ညီတဲ့ အလုပ်ရရမယ်။ ဒါပေမယ့် တက္ကသိုလ်ပညာတတ်ထားသူ မဟုတ်ဘဲ အခြားပညာတတ်ထားသူတွေလည်း ကျွန်မတို့နိုင်ငံမှာ အများကြီး လိုအပ်ပါတယ်။

**အလုပ်အကိုင်ရနိုင်တဲ့ အခွင့်အရေးတွေရှိ**

“ အခုအသက်မွေးဝမ်းကျောင်းပညာကို အားပေးတဲ့စနစ်ကို ကျွန်မတို့အစိုးရက ဆောင်ရွက်နေပါတယ်။ အသက်မွေးဝမ်းကျောင်းပညာဆိုတာက တကယ်ကို လက်တွေ့လည်း ကျပါတယ်။ သေသေချာချာ စီစဉ်မယ်ဆိုရင် သင်ကြားပြီးတာနဲ့ အလုပ်အကိုင်ရနိုင်တဲ့ အခွင့်အရေးတွေ ရှိပါတယ်။ ဒါကြောင့် အလုပ်လက်မဲ့ ဘွဲ့ရမဟုတ်ဘဲ ကိုယ့်သင်တန်းပြီးတာနဲ့ ကိုယ့်တစ်ပိုင်တစ်နိုင်လုပ်ကိုင်ပြီး ဘဝမှာရပ်တည်နိုင်တဲ့ အခြေအနေမျိုး ဖြစ်သွားတယ်ဆိုရင် အကျိုးဆက်ကောင်းတွေက အများကြီးရှိပါတယ်။

“ ပထမဆုံး လူငယ်တွေဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာမယ်။ ငါဒီသင်တန်းပြီးသွားရင် ဘာလုပ်ရမလဲဆိုတဲ့ စိုးရိမ်စိတ်မရှိတော့ဘဲ ဒီသင်တန်းပြီးရင် ဘာဆက်လုပ်နိုင်တယ်ဆိုတဲ့ ရွေးချယ်နိုင်မယ့် အခွင့်အရေးကို ပေးတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် နောင်ဆိုရင် အသက်မွေးဝမ်းကျောင်းပညာသင်တန်းတွေအတွက် အခြေခံလိုအပ်ချက်ကို အနည်းငယ်နှိမ့်ပေးမယ်လို့စဉ်းစားထားပါတယ်။

*စာမျက်နှာ ၄ သို့*





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စဉ့်ကူးမြို့နယ် ညောင်ပင်ကျေးရွာအုပ်စုမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဒီအသက်မွေးဝမ်းကျောင်းပညာနဲ့ ပတ်သက်လို့ရှိရင် ကောင်းကောင်းရေးတတ်၊ ဖတ်တတ်နားလည်သွားရင် လုံလောက်ပါတယ်။ ၈ တန်းအောင်လို့ရှိရင် တက်ရောက်နိုင်တဲ့ ကျောင်းမျိုးကိုလည်း ကျွန်မတို့ စဉ်းစားပါတယ်။ ဒါမှ ကျွန်မတို့ လူငယ်တွေအတွက် ဘဝမှာ အခွင့်အရေးရကြမှာပါ။

"နောက်တစ်ခု စဉ်းစားရမှာက အရင်တုန်းက ပညာသင်ဖို့ အခွင့်အရေးမရခဲ့တဲ့ လူငယ်လူလတ်ပိုင်းနဲ့ နီးနေတဲ့ လူငယ်တွေ အတွက်လည်း ကျွန်မတို့ စဉ်းစားရမှာပါ။ မနေ့တုန်းက ကျွန်မ တို့ကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ကွန်ပျူတာသင်တန်းကိုသွား တဲ့အခါမှာ အဲဒီထဲက ကျောင်းသားတချို့က သေချာကိုပြော ပါတယ်။ ငယ်ငယ်လေးတွေတော့မဟုတ်တော့ဘူး။ ကျောင်း ပညာသင်ခွင့်မရခဲ့တဲ့ ပြည်သူပြည်သားတွေအတွက်လည်း စဉ်းစားပါဦးတဲ့ ဒါလည်း မှန်ပါတယ်။

**ဘဝရပ်တည်ရေးအတွက်**
**ဘယ်လိုလုပ်ပေးနိုင်လဲဆိုတာ စဉ်းစား**

"ကျွန်မတို့နိုင်ငံမှာ ပညာရေးစနစ်က အားနည်းခဲ့တဲ့ နှစ်တွေကများတော့ ကျောင်းပညာ ကောင်းကောင်းမသင်ခဲ့ ရတဲ့ ပြည်သူပြည်သားတွေ အများကြီးပဲ ရှိပါတယ်။ အဲဒီပြည်သူ ပြည်သားတွေအတွက်လည်း ကျွန်မတို့ပြန်ပြီးတော့ ဘယ်လို ပံ့ပိုးပေးနိုင်လဲ၊ မိမိတို့ ဘဝရပ်တည်ရေးအတွက် ဘယ်လိုလုပ် ပေးနိုင်လဲဆိုတာ စဉ်းစားရမှာဖြစ်ပါတယ်။

"ကျွန်မတို့ ဒီလိုပြည်သူတွေနဲ့ တွေ့ဆုံတဲ့အခါမှာ ပြည်သူ တွေရဲ့ အတွေးအမြင်တွေကိုလည်း ကျွန်မတို့ သိချင်ပါတယ်။ ကျွန်မ စောစောကဝင်ကြည့်ခဲ့တဲ့ အချုပ်အလုပ် သင်တန်းက အမျိုးသမီးလေးတွေကို မေးကြည့်တဲ့အခါ သူတို့အားလုံးရဲ့ ရည်ရွယ်ချက်က ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်ချင်ကြတယ်။ ဒီက တတ်တဲ့ပညာနဲ့ မြို့ကိုသွားပြီးတော့ အလုပ်လုပ်ချင်တဲ့သူက လူနည်းစုလောက်ဖြစ်တယ်လို့ ထင်တယ်။ မေးတဲ့သူတွေကတော့ အားလုံးက ရွာပြန်ချင်တယ်။

**အခွင့်အလမ်းတွေကို ရှာဖွေ**

"ရွာပြန်ပြီးတော့ ရွာကို အခြေခံပြီးတော့ စီးပွားရှာနိုင်တဲ့ အခွင့်အလမ်းတွေလည်း အစိုးရက ဖန်တီးပေးရမယ်။ ဒါပေမယ့် အားလုံးကလည်း ရွာမှာအခြေချမယ့် အမျိုးသမီးလေးတွေ ကိုယ်တိုင်ကလည်း ဝါယမစိုက်ထုတ်ရမယ်၊ ကြိုးစားရမယ်၊ အခွင့်အလမ်းတွေကို ရှာဖွေတတ်ရမယ်။ ဒီလိုပဲ ထိုင်နေရုံနဲ့ အလုပ်က ကောင်းကင်ကနေ ကျရောက်လာမှာ မဟုတ်ပါဘူး။ ကျွန်မတို့ အစိုးရဘက်ကလည်း ကူညီမယ်။ ကိုယ့်ကိုယ်ကိုယ် လည်း ကူညီစေချင်တယ်။ ကိုယ့်ကိုယ်ကိုယ်ကူညီနိုင်တဲ့ အင်အား တွေကို ကျွန်မတို့ရဲ့ပြည်သူပြည်သားတွေကို ကျွန်မတို့ ပေးချင် ပါတယ်။

"အဲဒါကြောင့် အခုလို ရွာသူရွာသားတွေနဲ့ တွေ့တဲ့အချိန် မှာ ကိုယ့်ကိုယ်ကိုယ်ကို ကူညီနိုင်တဲ့ အင်အားတွေနဲ့ အစိုးရ အနေနဲ့ ဖြည့်ဆည်းပေးဖို့အတွက် ဘာတွေများလုပ်ပေးစေ ချင်သလဲ။ ဘယ်အရာတွေက အရေးကြီးသလဲဆိုတာကို ကျွန်မ တို့ကို အခွင့်အခါရှိတုန်း ပြောပြစေချင်ပါတယ်။ အစိုးရအနေနဲ့ အဓိက အလေးထားတာက ကျန်းမာရေး၊ ပညာရေးပါ။

**ကျန်းမာရေးနဲ့ ပညာရေးကလည်းဆက်နေ**

"ကျွန်မတို့ ပြည်သူတွေဟာ ကျန်းမာမှ ရုပ်ပိုင်းဆိုင်ရာ အင်အားနဲ့ ပြည့်စုံမယ်။ ပညာတတ်မှ စိတ်ပိုင်းဆိုင်ရာ၊ ဦးနှောက်ပိုင်းဆိုင်ရာ အင်အားနဲ့ ပြည့်စုံမယ်။ ကျန်းမာရေးနဲ့ ပညာရေးကလည်း ဆက်နေပါတယ်။ ကျန်းမာရေးဆိုင်ရာ သုတေသနတွေအရ အသက် ၂ နှစ်အောက်မှာ ကျန်းမာရေး ချို့တဲ့ ကလေးများဟာ ဦးနှောက်မဖွံ့ဖြိုးဘူးလို့ သုတေသနတွေ က ပြထားပါတယ်။ အဲဒီတော့ ရုပ်ပိုင်းနဲ့ စိတ်ပိုင်း ခွဲလို့မရဘူး။ အသက် ၂ နှစ်အောက် ကလေးတွေဟာ အာဟာရပြည့်ဝလို့ရှိရင် သူတို့ရဲ့ဦးနှောက်က သန်မာဖွံ့ဖြိုးတယ်။ အာဟာရ သိပ်ချို့တဲ့ရင် သာမန်လို မဖွံ့ဖြိုးတဲ့အခါကျတော့ တစ်သက်တာအတွက် နစ်နာ သွားတဲ့ အနေအထားမှာ ရှိပါတယ်။

**ထွားကျိုင်းမှုဟာ ရှိသင့်သလောက်မရှိ**

"ဒီရွာက ကလေးတွေကို လမ်းမှာတွေ့လိုက်တဲ့အခါ ခန့်မှန်းရခက်တယ်။ ကျွန်မ အရင်ကိုယ်စားပြုတဲ့ ကော့မှူးမြို့နယ် မှာဆိုရင် ကလေးတွေဟာလှီတယ်လို့ ဆိုရမယ်။ ထွားကျိုင်းမှု ဟာ ရှိသင့်သလောက် မရှိဘူး။ ကျန်းမာရေးရှုထောင့်က ညှက်တယ်ဆိုတဲ့ ကလေးတွေက အဓိပ္ပာယ်က ထွားသင့် သလောက် မထွားဘူး။ ဥပမာဆိုရင် ကလေးတစ်ယောက်ကို သားတို့ သမီးတို့ အသက်ဘယ်လောက်ရှိပြီလဲလို့ မေးလိုက်ရင် ကျွန်မစိတ်ထဲမှာ မှန်းလိုက်တာ လေးငါးနှစ်လောက်ရှိမယ်လို့ မှန်းလိုက်တာ၊ ၈ နှစ်၊ ၉ နှစ် လောက်ရှိနေပြီ။ အင်မတန်မှ ညှက်တယ်။ ၈ နှစ် ၉နှစ်လောက်ရှိမယ်လို့ မှန်းတဲ့ကလေးတွေက တစ်ခါတလေ ၁၂ နှစ်၊ ၁၃ နှစ် ဝန်းကျင်။ တစ်ခါတုန်းကဆိုရင် ၁၅ နှစ်အထက်တွေကို တွေ့ရတဲ့အတွက် ကျွန်မစိတ်ပူမိပါတယ်။ ကျွန်မတို့ ကလေးတွေ ဒီလောက်ညှက်သလားပေါ့။

"အဲဒါက အာဟာရမပြည့်ဝလို့၊ ဒါကျတော့ တစ်နှစ် လောက်နဲ့ အာဟာရဖြည့်ပေးဖို့ မလောက်ဘူး။ ကျွန်မရဲ့အမြင် မှာ ကျွန်မတို့ရဲ့ ကလေးတွေရဲ့ဦးနှောက်တွေက ဖွံ့ဖြိုးပါတယ်။ ၂ နှစ်ထိတော့အာဟာရပြည့်ဝပုံရပါတယ်။ မိခင်နို့ကိုတိုက်ကျွေး တယ်ဆိုတော့ မိခင်နို့ဟာ ကလေးများလိုအပ်တဲ့ အာဟာရ အားလုံးနဲ့ ပြည့်ဝပါတယ်။ ကလေးတွေကလည်း သိပ်ပြီး ဆော့ကစားတဲ့ အရွယ်မဟုတ်တော့ ဒီလောက်လည်း မလိုဘူး ပေါ့နော်။ အစားအစာအားဖြင့် မိဘတွေက ကျွေးနိုင်မွေးနိုင်တဲ့ အချိန်ဖြစ်တဲ့အတွက် အဆင်ပြေပါတယ်။ ဒါထက် ပိုကြီးလာရင် မိခင်နို့လည်း ပြတ်သွားပြီ၊ ကလေးတွေကလည်း လှုပ်ရှားမှုပိုပြီး များလာပြီ။

**ဉာဏ်ပညာအရ တိုးပွားစေချင်**

"အဲဒီနောက်ကနေ အာဟာရမလိုက်နိုင်တာ၊ ပြတ်သွား တာကို ကျွန်မတို့ သတိထားမိပါတယ်။ ဒါကြောင့် ရုပ်ပိုင်းနဲ့ စိတ်ပိုင်းဆိုတာ ဦးနှောက်နဲ့ခွဲထားလို့ မရပါဘူး။ ကျွန်မတို့ နိုင်ငံအနေနဲ့ ကျွန်မတို့ ပြည်သူတွေကို ရုပ်ပိုင်းအရရော၊ စိတ်ဓာတ်အရရော၊ ဉာဏ်ပညာအရရော တိုးပွားစေချင်ပါတယ်။ ကြီးထွားစေချင်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ကျွန်မတို့ အစိုးရအနေနဲ့ ဘယ်လိုပံ့ပိုးကူညီသင့်သလဲဆိုတာ ကျွန်မတို့ ပြည်သူတွေထဲက၊ ရွာသူရွာသားတွေထဲကနေပြီး အကြံပြုချင် တာတွေ၊ သိချင်တာတွေရှိလို့ရှိရင် အခုတွေ့ဆုံတုန်း မေးပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကျေးရွာ သားများက ကျေးရွာဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဒေသ၏ လျှပ်စစ်မီးလိုအပ်ချက်များကို တင်ပြကြရာ တိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပံ့ပိုးဖြည့်ဆည်း ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။

**ကျေးရွာအတွက်ဆိုလာပြားများပေးအပ်**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ညောင်ပင်ကျေးရွာ မူလတန်းလွန်ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်များ၊ စာရေးကိရိယာများ၊

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မဟာဘဒ္ဒမုနိဘုရားလိုဏ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှတ်(၃) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း(စစ်ကိုင်း)၌ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှတ်(၃) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း စာသင်ဆောင်၌ ရဲကျင့်ဝတ်နှင့် ဥပဒေပညာရပ်များ လေ့ကျင့်သင်ကြားပို့ချပေးနေမှုကို သင်တန်းသားများနှင့်အတူ တက်ရောက်နားထောင်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

ကျောင်းဝတ်စုံများ၊ အားကစားပစ္စည်းများနှင့် မုန့်များ၊ ကျေးရွာအတွက် ဆိုလာမီးနှင့် ဆိုလာပြားများကို ကျောင်းအုပ်ဆရာကြီးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ထံ ပေးအပ်သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ယက္ကန်းစင်တောင်ဒေသ သစ္စာနန္ဒ ဓမ္မစင်တာ၌ တည်ထားသည့် မဟာဘဒ္ဒမုနိဘုရားသို့ရောက်ရှိ ဖူးမြော်ကြည်ညိုပြီး ဘုရားလိုဏ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်းရေချမ်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သစ္စာနန္ဒဓမ္မစင်တာရှိ ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသကို ဖူးမြော်ကြည်ညို၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော်ထံ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဝါဆိုသင်္ကန်းဒွိစုံကို ဆက်ကပ်လှူဒါန်းသည်။

**ရေစက်သွန်းချအမျှပေးဝေ**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သမ္မတရုံးဝန်ကြီးဌာနမှ လှူဒါန်းသည့် နဝကမ္မအလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်တို့နှင့်အတူ အမှတ်(၃) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း (စစ်ကိုင်း) သို့ ရောက်ရှိကြသည်။

သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ရဲလေ့ကျင့်ရေး သင်တန်းကျောင်းများ တည်ဆောက်နေမှုကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်အပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယခင်က လူထုမှ ရဲတပ်ဖွဲ့ဝင်များကို ပုလိပ်ဟု ခေါ်ဆိုကြပြီး ရဲတပ်ဖွဲ့အပေါ် အားကိုးယုံကြည်မှုမရှိပါကြောင်း၊ ထို့ကြောင့် ရဲတပ်ဖွဲ့ကို နာမည်ပြောင်းလဲခဲ့ပါကြောင်း၊ ထိုသို့ နာမည်ပြောင်းလဲပြီးနောက် ပြည်သူများ ယုံကြည်အားကိုးရသည့် ရဲတပ်ဖွဲ့ဖြစ်လာအောင် ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယင်းသို့ ကြိုးစားဆောင်ရွက်ရာတွင် အောင်မြင်ခြင်း တရား ၄ ပါး ဖြစ်သည့် ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်နှင့် ပညာတို့အနက် စိတ်ဓာတ်ကို အဓိကထား ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထိုသို့ ပြောင်းလဲဆောင်ရွက်ရန်မှာ နိုင်ငံရေး၊ လူမှုရေးနှင့် နည်းပညာ တိုးတက်ပြောင်းလဲမှုတို့အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြောင်းလဲဆောင်ရွက်ရန် အချိန်အခါကောင်းကို ရောက်နေပါကြောင်း၊ ယခုကဲ့သို့ အချိန်အခါကောင်းတွင် ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူလူထု ယုံကြည်အားကိုးရသည့် ရဲတပ်ဖွဲ့ ဖြစ်လာအောင် ကြိုးစားကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

**တက်ရောက်နားထောင်**

ထို့နောက် စာသင်ဆောင်၌ ရဲကျင့်ဝတ်နှင့် ဥပဒေပညာရပ်များ လေ့ကျင့်သင်ကြား ပို့ချပေးနေမှုကို သင်တန်းသားများနှင့်အတူ တက်ရောက်နားထောင်သည်။

ယင်းနောက် ကျောင်းဝင်းအတွင်းရှိ နိုင်ငံတော်သမ္မတ၏ အရေးပေါ် ရန်ပုံငွေဖြင့် ဆောက်လုပ်နေသည့် သင်တန်းသား အိပ်ဆောင်၊ စာသင်ဆောင်၊ နည်းပြမိသားစုများ နေထိုင်ရာ နေအိမ်လိုင်းခန်းများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၂/ ၂၀၁၈ )ကြိမ်မြောက် အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၁၀**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၂/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင် ၁၂ ဦး တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသောခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၂/ ၂၀၁၈)အစည်းအဝေးမှ အဆိုပြုလွှာတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့် (၅)ခုနှင့် အတည်ပြုမိန့် (၃)ခု ခွင့်ပြုရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စွမ်းအင်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် မြေနေရာငှားရမ်းရရှိနိုင်မှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် International Finance Corporation (IFC) မှ Country Manager, Mr. Vikram Kumar နှင့် အဖွဲ့အား ယမန်နေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ဝဲပုံ)**



ထိုသို့တွေ့ဆုံစဉ် ရေအားလျှပ်စစ်ကဏ္ဍအတွက် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်း ရေးဆွဲပြုစုဆောင်ရွက်မှု၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာများနှင့်ပတ်သက်၍ သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း လုပ်ငန်းစဉ်များ မြန်ဆန်ချောမွေ့စေရေး စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ နည်းပညာအထောက်အပံ့ပေးခြင်း ဆောင်ရွက်ပေးနိုင်မှုများ၊ နေရောင်ခြည် စွမ်းအင်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် မြေနေရာငှားရမ်းရရှိနိုင်မှုအခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

အမှတ်(၂)ရဲလေ့ကျင့်ရေးကျောင်း (ဝက်ထီးကန်) အခြေခံရဲတပ်သားသစ် သင်တန်းအမှတ်စဉ် (၃၁၃/၁၈)တေဇတပ်ခွဲသင်တန်းဆင်းပွဲကို ဩဂုတ် ၁၀ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ခေတ္တကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီး လှမြင့်က ဆုရသင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။

ခရိုင်(ပြန်/ဆက်)



# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ဖြေကြားကြသည်။

အစည်းအဝေးတွင် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၏ **မြစိမ်းရောင်စီမံကိန်းအား ပန်းတောင်းမြို့နယ်ရှိ ကျေးရွာများ၌ ထပ်မံတိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များမှလည်း မြို့နယ်များအလိုက် စီမံကိန်းကျေးရွာများ ခွဲဝေလျာထားပေးပါကြောင်း၊ မြို့နယ်အဆင့်တွင် လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီး စီမံကိန်းလက်စွဲစာစောင်ပါ ကျေးရွာရွေးချယ်ရေးမူများနှင့်အညီ စီမံကိန်းကျေးရွာများကို ပဏာမရွေးချယ်ပါကြောင်း။


ဒုတိယဝန်ကြီး ဦးလှကျော်


ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်

## လူထုဗဟိုပြုစီမံကိန်းကိုလည်း ကျေးရွာအားလုံးတွင် စီမံကိန်း စက်ဝန်း ၄ နှစ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

ပန်းတောင်းမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းကို ကျေးရွာ ၂၃ ရွာတွင် ဆောင်ရွက်လျက်ရှိသည့်အပြင် လူထုဗဟိုပြုစီမံကိန်းကိုလည်း ကျေးရွာအားလုံးတွင် စီမံကိန်း စက်ဝန်း ၄ နှစ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းများ ဆောင်ရွက်ခွင့်မရှိသေးသည့် အခြားမြို့နယ်များရှိ ကျေးရွာများကိုလည်း ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ပန်းတောင်းမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ထပ်မံတိုးချဲ့ဆောင်ရွက်ပေးရန် လတ်တလော အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထီးလင်း မဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၏ **ထီးလင်းမြို့နယ်အတွင်း ကျင်းကျေးရွာဒေသ၌ ကျေးရွာ ၉ ရွာ လျှပ်စစ်မီးရရှိရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်အတွင်း ကျင်းကျေးရွာဒေသရှိ ကျေးရွာ ၉ ရွာတွင် အိမ်ခြေ ၁၀၀၀ ခန့်ရှိပြီး အနီးဝန်းကျင်တွင် ဖြတ်သန်းသွားသော ဓာတ်အားလိုင်းမှာ ၆၆ ကေဗွီ ပေါက်-ကျောက်ထု ဓာတ်အားလိုင်းဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်အားလိုင်းသည် ကျေးရွာများသို့ တိုက်ရိုက်ဓာတ်အားဖြန့်ဖြူးရရှိနိုင်သည့် ၁၁ ကေဗွီ ဓာတ်အားလိုင်း အမျိုးအစားမဟုတ်ပါကြောင်း၊ ထပ်ဆင့်ခွဲရုံများအဆင့်ဆင့် တည်ဆောက်ပြီးမှသာ ဓာတ်အားဆက်သွယ်ရရှိနိုင်ပါကြောင်း။

ကျေးရွာ ၉ ရွာအား ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးကိစ္စအား နည်းပညာနှင့် အဆိုပါဒေသ၏ မြေမျက်နှာပြင်အနေအထား အခက်အခဲများကြောင့် လတ်တလောဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း၊ Off Gird System (Solar) ဖြင့်သာ ဓာတ်အားဖြန့်ဖြူးပေးရန် သင့်လျော်သည့်အတွက် ထိုနည်းလမ်းဖြင့် ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရန် ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ညှိနှိုင်းအကြောင်းကြားထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

## လျှပ်စစ်ဓာတ်အားလိုအပ်ချက် အနည်းအများ လိုအပ်သည့် ပုံစံအတိုင်း လျှပ်စစ်ဓာတ်အားကို ပမာဏကိုက်ညီအောင် ထိန်းညှိထုတ်လုပ်ပေး

ကျောက်တံတား မဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ **Base Load ဖြစ်သော ရေအားလျှပ်စစ်စီမံကိန်းများကို လျှပ်စစ်လိုအပ်လျက်ရှိသော မြန်မာနိုင်ငံအတွင်းတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြည်သူများ၏ ပြုမူနေထိုင်မှု အချိန်များအလိုက် တစ်နေ့တာ၏ နာရီစဉ်များတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက် အနည်းအများ လိုအပ်သည့် ပုံစံအတိုင်း လျှပ်စစ်ဓာတ်အားကို ပမာဏကိုက်ညီအောင် ထိန်းညှိထုတ်လုပ်ပေးရပါကြောင်း၊ တစ်နေ့တာ ဖြစ်ပေါ်နေသည့် လျှပ်စစ်ထုတ်ပေးရသည့်ပုံကို Daily Load Curve ဟု ခေါ်ပါကြောင်း၊ ထို Daily Load Curve မှာ ၂၄ နာရီ ဆက်တိုက် ပုံသေပမာဏမျှသော လျှပ်စစ်ထုတ်ပေးရန် လိုအပ်မှုကို Base Load ဟု ခေါ်ဆိုပါကြောင်း။

Base Load ၏ သဘောသဘာဝအရ နေ့စဉ် ရက်ဆက် ၂၄ နာရီ ဆက်တိုက် လပေါင်းများစွာ လျှပ်စစ်ကို ပုံသေထုတ်ပေးရသော အခြေအနေဖြစ်၍ ကာလကြာရှည် မရပ်မနားတမ်း ပုံသေပမာဏကို ထုတ်လုပ်ပေးရသည့် သဘာဝနှင့်ကိုက်ညီသော လျှပ်စစ်ထုတ်လုပ်နည်းများကို အသုံးပြုရပါကြောင်း၊ ရေအားလျှပ်စစ်အားလုံးကို Base Load အဖြစ် မောင်းနှင်ကာ လျှပ်စစ်ထုတ်လုပ်ရန် သင့်တော်မှုမရှိပါကြောင်း၊ သူ့အမျိုးအစားနှင့်သူ လိုက်လျောညီထွေစွာ လျှပ်စစ်ထုတ်လုပ်မှသာ တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် ဓာတ်အားထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လက်ရှိ တည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံ ၂၇ ရုံရှိပြီး စက်တပ်ဆင်အင်အားမှာ ၂၉၀၀ မဂ္ဂါဝပ်ဖြစ်ပါကြောင်း၊ အဆိုပါ ရေအားလျှပ်စစ်စက်ရုံ ၂၇ ရုံအနက် Intermediate Load Generation အဖြစ် သုံးသင့်သည့် Reservoir type ရေအား ၂၁ ရုံ၊ စက်တပ်ဆင်အင်အား ၂၁၇၀ မဂ္ဂါဝပ်ရှိပြီး Base Load Generation အဖြစ်သုံးသင့်သည့် Run-off-river type ရေအား ၆ ရုံ၊ စက်တပ်ဆင်အင်အား ၆၃၀ မဂ္ဂါဝပ်ရှိပါကြောင်း။

## ကျန်ရှိနေသော ရေအားအရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်ရေး စီမံဆောင်ရွက်

နောင်တွင် ထပ်မံတည်ဆောက်နိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းများကို နိုင်ငံ့ဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်ရန် ကွင်းဆင်းတိုင်းထွာတွက်ချက်၍ ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာများ ပြုစုလျက်ရှိပါကြောင်း၊ စီမံကိန်းဒေသ၏ မြေပြင်အနေအထား၊ ဘူမိဗေဒအခြေအနေ၊ မိုးရေချိန်၊ ရေစီးဝင်နှုန်း၊ ရေသိုလှောင်နိုင်မှု အလားအလာ၊ ထုတ်လုပ်နိုင်မည့် လျှပ်စစ်ပမာဏ၊ ရေလွှမ်းဧရိယာကျရောက်သွားနိုင်မည့် သစ်တော၊ ကျေးရွာ၊ စိုက်ပျိုးမြေ၊ သယံဇာတ လုပ်ကွက် အစရှိသည်တို့ကို စူးစမ်းလေ့လာ တွက်ချက်မှုများအား အနည်းဆုံး ၃ နှစ်ခန့် အချိန်ယူဆောင်ရွက်ရပါကြောင်း၊ တည်ဆောက်ရေးကာလမှာ ၄ နှစ်မှ ၁၀ နှစ်အထိ အချိန်ယူဆောင်ရွက်ရပါကြောင်း၊ စီးပွားရေးအရ တွက်ခြေကိုက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ရှုထောင့်မှ စစ်ဆေးမှုတို့ကိုလည်း အသေးစိတ် စိစစ်ပြီးမှသာ ကျန်ရှိနေသော ရေအားအရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ရေအားလျှပ်စစ်စီမံကိန်းအား စီမံဆောင်ရွက်ရပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းနှင့် ဆီဆိုင် မဲဆန္ဒနယ်မှ ဦးခွန်သန်းထူးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ဥပဒေကြမ်းကော်မတီဝင်က အဆိုတင်သွင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် ရွာတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း တင်သွင်းသည့် **သမဝါယမဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ဆန်းစစ်သုံးသပ်ပြီး လိုအပ်သည့် ပံ့ပိုးမှုများ အပါအဝင် ပြုပြင်ပြောင်းလဲမှုများအား အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ချောက် မဲဆန္ဒနယ်မှ ဦးဘိုကြီးက သမဝါယမဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းနှင့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ သမဝါယမဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းတွင် သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမအသင်းများ ဖွဲ့စည်းပေးပြီး အသင်းများ တိုးတက်အောင်မြင်၊ ရှင်သန်ကြီးထွားစေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အသင်းများတည်ရှိနေသော်လည်း နိုင်ငံသူ နိုင်ငံသားများအနေဖြင့် သမဝါယမအသင်းများ ရပ်တည်နေမှုကိုပင် မသိရှိကြခြင်း၊ စိတ်ဝင်စားမှု မရှိကြခြင်းတို့ကို မြင်တွေ့နေကြရပါကြောင်း။

## ပွင့်လင်းမြင်သာသိရှိစေရန် ဖော်ထုတ်ရေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်မှ ကြီးကြပ်ဆောင်ရွက်ပေးရန်လို

ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်တွင် သမဝါယမအသင်းများအနက် လုပ်ငန်းလည်ပတ်နေပြီး အောင်မြင်မှုရရှိနေသောအသင်း မည်မျှရှိသည်(သို့မဟုတ်) အောင်မြင်မှုမရှိဘဲ ရပ်တန့်နေသောအသင်း မည်မျှရှိသည်ကိုလည်းကောင်း၊ အသင်းများ၏ စာရင်းဇယားများ တိကျမှန်ကန်မှုရှိစေရန်၊ နိုင်ငံသူ နိုင်ငံသားများအားလုံး ပွင့်လင်းမြင်သာသိရှိစေရန် ဖော်ထုတ်ရေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်မှ ကြီးကြပ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေတွင် ပါရှိသည့်အတိုင်း သမဝါယမပိုင် ပစ္စည်းများကို ရယူထိန်းသိမ်းအသုံးပြုရာတွင် တိကျမှန်ကန်မှု၊ စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုနှင့် ထိရောက်စွာ အသုံးပြုမှု ရှိ၊ မရှိကို သမဝါယမအသင်းအားလုံးအား စိစစ်၍ သီးသန့်အစီရင်ခံစာ ရေးသားပြုစု၍ သက်ဆိုင်ရာသို့တင်ပြကာ နိုင်ငံသူ နိုင်ငံသားများသိစေရန်အတွက် ဆောင်ရွက်ပေးပါရန် အကြံပြုဆွေးနွေးသည်။

## သမဝါယမသည် ဆိုရှယ်လစ်စနစ် ဆိုရှယ်လစ်ခေတ်က သန္ဓေတည်ခဲ့

ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက အဆိုရှင်က အဆိုကို သုံးပိုင်းခွဲ၍ တင်ပြသွားသည်ကို တွေ့ရပါကြောင်း၊ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်တို့သည် အလွန်ကောင်းမွန်ပါကြောင်း၊ သို့သော်လည်း အမှန်တကယ်မြေပြင်ပေါ်တွင် အကောင်အထည်ဖော်နိုင်ပါသလား၊ ပကတိမြေပြင်တွင် အသုံးဝင်သလား၊ အောင်မြင်သလား စသည်တို့ကို ပြန်လည်ဆန်းစစ်ရန်လိုပါကြောင်း၊ မျှော်မှန်းချက်တွင် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေခြင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှု၊ တိုးတက်မှုတို့ကို အထောက်အကူဖြစ်စေရန်ဟု ရေးဆွဲထားသည်ကို တွေ့ရပါကြောင်း၊ သမဝါယမသည် ဆိုရှယ်လစ်စနစ်၊ ဆိုရှယ်လစ်ခေတ်က သန္ဓေတည်ခဲ့ပါကြောင်း၊ လက်ရှိ ဒီမိုကရေစီခေတ်နှင့် ဈေးကွက်စီးပွားရေးစနစ်တွင် လိုက်လျောညီထွေမှု ရှိ၊ မရှိ၊ ကိုက်ညီမှု ရှိ၊ မရှိတို့ကို ပြန်လည်စမ်းသုံးသပ်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန်၊ အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်သင်း၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၊ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၊ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၊ မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင်၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်းနှင့် အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က သမဝါယမဝန်ကြီးဌာနအနေဖြင့် လွတ်လပ်ရေးရပြီး ၁၉၅၁ ခုနှစ် ဧပြီ ၅ ရက်ကတည်းက ဝန်ကြီးဌာနတစ်ခုအဖြစ် သန္ဓေတည်ခဲ့ပြီး ယခုအခါတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဖွဲ့စည်းပြီး ယင်းဝန်ကြီးဌာနအောက်တွင် သမဝါယမဦးစီးဌာနအနေဖြင့် ပါဝင်တည်ရှိခဲ့သည့်အတွက် ယနေ့အထိ သမဝါယမကဏ္ဍ၏ ရပ်တည်မှုသည် ၆၇ နှစ်အထိ ရှိခဲ့ပြီဖြစ်ပါကြောင်း၊ သမဝါယမဦးစီးဌာနသည် သမဝါယမအသင်းဥပဒေပါ အခြေခံမူ ၁၀ ရပ်နှင့်အညီ သမဝါယမအသင်းများကို ဖွဲ့စည်းပေးခြင်း၊ ပညာပေးခြင်းနှင့် စာရင်းစစ်ဆေးခြင်း အပါအဝင် ဥပဒေနှင့်အညီ ထိန်းကျောင်းတည့်မတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာန၏ ရည်ရွယ်ချက်၊ မူဝါဒနှင့် လုပ်ငန်းစဉ်တို့တွင် သမဝါယမကဏ္ဍနှင့် ပတ်သက်၍ ရည်မှန်းချက် ၃ ရပ်၊ မူဝါဒ ၅ ရပ်နှင့် လုပ်ငန်းစဉ် ၉ ရပ်တို့ ပါဝင်ပါကြောင်း။

## သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အထောက်အကူဖြစ်မည့် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့

သမဝါယမအသင်းတစ်သင်းကို ဖွဲ့စည်းရာတွင် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းကို အခြေခံထားခြင်းမဟုတ်ဘဲ ဒေသတစ်ခုရှိ ဆန္ဒတူသူများ အတူတကွ ဆောင်ရွက်ရန်အတွက် အသင်းသားအများစု၏ ဆန္ဒကို အခြေခံပြီး တည်ဆဲ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ သမဝါယမဦးစီးဌာနမှ အသင်းဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်းတို့ကိုဆောင်ရွက်ပေးပါကြောင်း၊ သမဝါယမအသင်းများအနေဖြင့် သမဝါယမအသင်းဥပဒေနှင့်အညီ အမှုဆောင်အဖွဲ့ဖွဲ့စည်းရာတွင် အသင်းသားများ၏ ဆန္ဒနှင့်အညီ ဖွဲ့စည်းထားသောကြောင့် အသင်းသားတစ်ဦးချင်း၏ ပါဝင်ဆောင်ရွက်နိုင်မှု Member- Participate လုပ်နိုင်မှုသည် အလွန်အရေးကြီးပါကြောင်း၊ သို့မှသာ အသင်းသည် အမှုဆောင်အဖွဲ့၏ တာဝန်တစ်ခုတည်း လည်ပတ်ခြင်းမဟုတ်ဘဲ အသင်းတစ်ခုလုံးအနေဖြင့် အစုအဖွဲ့အလိုက် ဖွံ့ဖြိုးမှု Community Development ရရှိလာမည်ဖြစ်ပါကြောင်း၊ သမဝါယမအသင်းများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့် လိုက်လျောညီထွေမှုရှိရန် လိုအပ်လာပါကြောင်း၊ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အထောက်အကူဖြစ်မည့် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါကြောင်း။

သမဝါယမစနစ် အမှန်တကယ်အားကောင်းခိုင်မာစွာ ရှင်သန်ရပ်တည်နိုင်ရန်အတွက် လုပ်ဆောင်ခဲ့မှုများနှင့် လုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းရပ်များ၏ အားနည်းချက်များကို သင်ခန်းစာယူပြီး သမဝါယမဖွံ့ဖြိုးရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးအတွက် (Monitoring & Evaluation) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းအားဖြင့် တွေ့ကြုံခဲ့ရသည့် အခြေအနေများပေါ်တွင် မူတည်ပြီး လိုက်နာဆောင်ရွက်သင့်သည့် ညွှန်ကြားချက်၊ လမ်းညွှန်ချက်များကို ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရသစ်ကာလတွင် ချမှတ်ထားသည့် သမဝါယမကဏ္ဍနှင့်စပ်လျဉ်းသည့် ရည်မှန်းချက်၊ မူဝါဒနှင့် လုပ်ငန်းစဉ်များသည် လက်ရှိနိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးဆိုင်ရာ မူဝါဒများနှင့် လိုက်လျောညီထွေမှုရှိရန်အတွက် အကောင်အထည်ဖော်သည့် အပိုင်းတွင်လည်း ကြီးကြပ်စောင့်ကြည့်ကွပ်ကဲသည့် အနေအထားများရှိသည့်အတွက် အဆိုအား မှတ်တမ်းတင်ထားရှိပါရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကို ဩဂုတ် ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးကဏ္ဍနှင့် သက်ဆိုင်သည့် မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခုအား ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းတစ်ခု လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ၂၀၁၈ ခုနှစ် ဒီဇင်ဘာသူနာပြုသစ်လွင် ခန့်ထားသည့်အခါတွင် ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးသို့ ဦးစားပေး ခန့်ထားပေးသွားမည်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၏ **မြန်မာနိုင်ငံ၌ မျက်စိရောဂါများနှင့် စပ်လျဉ်း၍ အကြီးမားဆုံးဆေးရုံဖြစ်သည့် ရန်ကုန်မျက်စိရောဂါ အထူးကုဆေးရုံကြီးတွင် အမှန်တကယ်ကုသနေရသည့် ဝန်နှင့်အားကို မျှတနိုင်စေရန် လိုအပ်နေသည့် သူနာပြုများနှင့် ဘဏ္ဍာငွေများအား နိုင်ငံတော်မှ ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကုသရေးဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာသူနာပြုသစ်လွင်ခန့်ထားသည့်အခါတွင် ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးသို့ ဦးစားပေးခန့်ထားပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံအတွက်လိုအပ်သည့် ဘဏ္ဍာငွေကို နိုင်ငံတော်မှရရှိသည့် ရန်ပုံငွေအပေါ် မူတည်ပြီး ခွဲဝေပေးခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၁၁၈၈ဒသမ ၆၂၇ ကို ခွဲဝေချထားပေးခဲ့ပါကြောင်း၊ ထို့ပြင် ရန်ပုံငွေ ထပ်မံတောင်းခံသည့်အပေါ် ငွေကျပ်သန်း ၆၈ ဒသမ ၉၇ သန်းကို ထပ်မံခွင့်ပြုပေးခဲ့ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ **ဆေးရုံစည်းကမ်းများကို လူနာစောင့်နှင့် ညှိသည်များသိရှိနားလည်ပြီး လိုလိုချင်ချင် လိုက်နာကြရန်အတွက် ပညာပေးကာလသတ်မှတ်ပြီး စည်းရုံးရှင်းပြရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပြည်သူ့ဆေးရုံများတွင် လူနာစောင့်များနှင့်ဧည့်သည်များ များပြားသည့်အတွက် လူနာနှင့်လူနာစောင့်များ လိုက်နာရမည့် စည်းကမ်းများကို အများပြည်သူများ မြင်သာအောင် ဖော်ပြထားခြင်း၊ ဆရာဝန်နှင့်သူနာပြုများက လူနာများအား ပြုစုကုသမှုပေးနေစဉ် အခါအားလျော်စွာ ပညာပေးခြင်း၊ ဆေးရုံမှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို ကာကွယ်ခြင်း လုပ်ငန်းတစ်ခုအဖြစ် လက်ဆေးခြင်း၊ ပညာပေးခြင်းနှင့် လက်တွေ့ပြခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။



ဒုတိယဝန်ကြီး
ဒေါက်တာမြလေးစိန်



စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၁)မှ
ဦးကျော်သောင်း

## လူနာနှင့် လူနာစောင့်များသည် ရောဂါဝေဒနာကုသရန် လာရောက်သည့်အခါ အသိပညာပေးခြင်းများကို ဆောင်ရွက်သွားမည်

လူနာနှင့် လူနာစောင့်များသည် ရောဂါဝေဒနာကုသရန် လာရောက်သည့် စိတ်ပူပန်နေရသူများဖြစ်သည့်အတွက် သီးခြားတစ်ဦးစီ ပညာပေးရန်ခက်ခဲသဖြင့် ဆေးကုသရန်လာရောက်သည့်အခါ ပညာပေးစာရွက်များ ဖြန့်ဝေခြင်း၊ ညှိသည်များအား ဆေးရုံမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများကာကွယ်ခြင်းနှင့် ပတ်သက်သည့် ပညာပေးစာရွက်များဖြန့်ဝေခြင်း၊ ပညာပေးအစီအစဉ်ကို အပတ်စဉ်ဆောင်ရွက်ခြင်း၊ ဆေးရုံအထောက်အကူပြုအဖွဲ့အစီအစဉ်ဖြင့် ပညာပေးကာလ သတ်မှတ်ဆောင်ရွက်ခြင်းနှင့် မီဒီယာများမှ အသိပညာပေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ဆရာဝန်များ လက်ရှိတာဝန်ထမ်းဆောင်သည့် ဆေးရုံတွင် တာဝန်လစ်ဟင်းမှုမဖြစ်စေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံ၊ ကျန်းမာရေးဌာနများမှ ဆရာဝန်များအား အလှည့်ကျတာဝန်ချထား

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အနက် မြို့နယ်ငယ်လေးများရှိ (၂၅) ခုတင်ဆံ့ဆေးရုံများနှင့် ကျေးရွာများရှိ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် T.M.O များ၊ A.S လက်ထောက်ဆရာဝန်များအနေဖြင့် လက်ရှိတာဝန်ကျရာ ဆေးရုံမှ အခြားဒေသရှိ ဆေးရုံများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်ကျလာသည့်အခါ ၎င်းကိုယ်စား တာဝန်ထမ်းဆောင်ရမည့် T.M.O,SMO, A.S ဆရာဝန်များ ရောက်ရှိမှသာ အခြားဆေးရုံများသို့ ပြောင်းရွှေ့ခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ထားခြင်းရှိ၊ မရှိ သိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဆရာဝန်များ လက်ရှိတာဝန်ထမ်းဆောင်သည့် ဆေးရုံတွင် တာဝန်လစ်ဟင်းမှုမဖြစ်စေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံ၊ ကျန်းမာရေးဌာနများမှ ဆရာဝန်များအား အလျဉ်းသင့်သလို အလှည့်ကျ တာဝန်ချထားပါကြောင်း၊ ထိုသို့ တာဝန်ချထားရာတွင် လုပ်ငန်းလိုအပ်ချက်အရ ကိုယ်စား ဆရာဝန်များတစ်ဦးနှင့်တစ်ဦး လွှဲပြောင်းရာတွင် အနည်းဆုံးနှစ်ရက် ပူးတွဲလုပ်ငန်း တာဝန်ထမ်းဆောင်နိုင်ရန် Overlap သုံးရက်လုပ်ပြီး အချိန်ယူလွှဲပြောင်းရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ကျောက်ချောင်းတိုက်နယ် အနောက်ရွာကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝှေ့တင်း၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆီမီးမြို့နှင့် မီးဇာကျေးရွာတို့ရှိ တိုက်နယ်ဆေးရုံတို့တွင် အရေးပေါ် လူနာတင်ယာဉ်တစ်စီးစီနှင့် ဒီဇယ်မီးစက်တစ်လုံးစီချထားပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းအား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၇)မှ ဒေါက်တာ မြသောင်းက ဆွေးနွေးသည်။

## ရာဇသတ်ကြီးကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးနိုင်ရန်အဆို လွှတ်တော်က သဘောတူ

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်းက ရာဇသတ်ကြီးကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးနိုင်ရန် လွှတ်တော်သို့ အဆိုတင်သွင်းရာ လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

အဆိုရှင်က ကိုလိုနီခေတ် နှစ် ၁၅၀ ကျော်က အတည်ပြုကျင့်သုံးထားသော The Penal Code ရာဇသတ်ကြီးပုဒ်မ ၃၇၆ ပါ မုဒိမ်းမှုအတွက် ပြစ်ဒဏ်တို့မှာ ထိုခေတ် အချိန်အခါက လူနေမှုစရိုက်အပေါ် မူတည်ပြဋ္ဌာန်းထားခြင်းဖြစ်သော်လည်း ယနေ့လူနေမှုစနစ် ယဉ်ကျေးမှု၊ လူဦးရေတိုးမြင့်လာမှု၊ ပတ်ဝန်းကျင်အခြေအနေ၊ အသိပညာဗဟုသုတနည်းပါးမှု၊ ဆင်းရဲမွဲတေမှု၊ ဘဝမလုံခြုံမှုစသည့် အခြေအနေများကြောင့် သက်ငယ်မုဒိမ်းမှုတိုးပွားလာသည့်အတွက် လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို ခြိမ်းခြောက်လာနေမှုများ ဖြစ်ပေါ်နေမှုကို ထိန်းချုပ်ဟန့်ထားနိုင်ရေးအတွက် ပြစ်ဒဏ်တိုးမြှင့်ရန် ပြင်ဆင်သည့် ဥပဒေကို တင်သွင်းရခြင်းဖြစ်ကြောင်း အဆိုတင်သွင်းစဉ် ဆွေးနွေးပြောကြားခဲ့သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကို ဩဂုတ် ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဩဂုတ် ၁၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစံကြီးကော် မိုင်းခတ်မဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်ကြသည့် ရှမ်းပြည်နယ် အရှေ့ပိုင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲရုံးမှ ဦးမျိုးဝင်းအောင် ဦးဆောင်သည့် ဝန်ထမ်း ၁၀ ဦးနှင့် ရန်ကုန်ပညာရေး တက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါ်နှင်းမာလွင် ဦးဆောင်သည့် ဆရာ ဆရာမများ နှင့် ကျောင်းသား ကျောင်းသူ ၂၈၀၊ စုစုပေါင်း ၂၉၀ တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်နေ့ရက်မှ ယနေ့အထိ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၄၀၀၇၆ ဦးနှင့် ပြည်ပဧည့်သည် ၁၇၉၆ ဦး ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဩဂုတ် ၁၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါ်နှင်းမာလွင်နှင့် ကထိက ဒေါက်တာဌေးဝင်း ဦးဆောင်သည့် ကျောင်းသား ကျောင်းသူ ၂၇၁ ဦးနှင့် ကြီးကြပ်သူ ဆရာ ဆရာမ ၁၁ ဦး စုစုပေါင်း ၂၈၂ ဦးတို့သည် အမျိုးသားလွှတ်တော်သို့ ဩဂုတ် ၁၀ ရက်တွင် လာရောက်လေ့လာကြကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်သည့်ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၁၅၉၅၅ ဦးနှင့် ပြည်ပဧည့်သည် ၁၆၁၆ ဦး ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❄ *ကျောဖုံးမှ*

တိုက်စစ်မှူး ဒွေးကိုကိုချစ်ကိုမူ ပွဲထွက်လူစာရင်းတွင် အသုံးပြုမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲမှ အသင်း၏ လိုအပ်ချက်များ၊ အားနည်းချက်များကို ပြန်လည်ပြင်ဆင်နေပြီး အရန်ကစားသမားများ၏ ခြေစွမ်းကို သိရှိနိုင်ရန် ကစားခြင်းဖြစ်သည်။ Police Tero အသင်းသည် မြန်မာ ယူ-၂၃ အသင်းတိုက်စစ်မှူး အောင်သူ သွားရောက်ကစားနေသည့် ကလပ်အသင်းဖြစ်ပြီး မြန်မာအသင်းနှင့် ခြေစမ်းပွဲကို ထိုင်းနိုင်ငံမှ ပရိသတ်များ အများအပြား လာရောက်အားပေးရန် စီစဉ်ဆောင်ရွက်နေသည်။ ဘောလုံးပွဲမတိုင်မီ The Voice Myanmar Winner ဆုရှင် ငွေစိုးနှင့် အခြားအဆိုတော်များ၊ Miss Myanmar World 2018 အလှမယ်များ၏ ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်သည်။ မြန်မာယူ-၂၃ အသင်းသည် ယခုခြေစမ်းပွဲအပြီးတွင် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် အပြီးသတ်ကစားသမား ၂၀ ကို ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ဩဂုတ် ၁၂ ရက်တွင် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်နေသည့် မြန်မာ ယူ-၂၃ အသင်းတွင် **နည်းပြချုပ်**အဖြစ် အန်တွမ်နီဟေး၊ **လက်ထောက်နည်းပြ**အဖြစ် ဦးစိုးမြတ်မင်း၊ ဟာလက်၊ **အသင်းအတွင်းရေးမှူး**အဖြစ် ဦးမိုးဝေအောင်၊ **ဂိုးနည်းပြ**-ကာစတန်၊ ကစားသမားများအဖြစ် **ဂိုးသမား**-ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်(ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ **နောက်တန်း**-ဟိန်းဖြိုးဝင်း၊ ထိုက်ထိုက်အောင် (ရှမ်းယူနိုက်တက်)၊ တေဇော်လင်း၊ မင်းကျော်ခန့်၊ ဇော်မင်းထွန်း (ရန်ကုန်)၊ ရဲရင့်အောင် (ရတနာပုံ)၊ နန္ဒကျော်၊ ဝင်းမိုးကျော် (မကွေး)၊ စိုးမိုးကျော် (အား/ကာသိပ္ပံ)၊ **အလယ်တန်း**- လှိုင်းဘိုဘို၊ စည်သူအောင်၊ မြတ်ကောင်းခန့် (ရတနာပုံ)၊ လွင်မိုးအောင် (အား/ကာသိပ္ပံ)၊ မောင်မောင်စိုး (မကွေး)၊ မောင်မောင်လွင် (ရန်ကုန်)၊ ရန်နိုင်ဦး (ရှမ်းယူနိုက်တက်)၊ **ရှေ့တန်း**-အောင်သူ (Police Tero)၊ အီစိုး (ရန်ကုန်)၊ ဒွေးကိုကိုချစ်၊ ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်) တို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဗြိတိန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E .Mr. Daniel Patrick Chugg အား ယမန်နေ့နံနက် ၁၀ နာရီ ၄၅ မိနစ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရားဥပဒေစိုးမိုးမှုတိုးတက်ကောင်းမွန်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အင်္ဂလိပ်စာသင်တန်းနှင့် ပညာသင်များစေလွှတ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ဗြိတိသျှကောင်စီ၏ MyJustice Program ဖြင့် ဆောင်ရွက်နေသော ဥပဒေအထောက်အကူပေးရေးဆိုင်ရာလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့(FATF)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဒီမိုကရေစီစနစ် ကူးပြောင်းမှုလုပ်ငန်းစဉ်နှင့် သတင်းမီဒီယာကဏ္ဍ စသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်းအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းသည် မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်းအား ယမန်နေ့ နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-2) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းပြီး အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူများ ဆုံးရှုံးနစ်နာမှုမရှိစေရန်၊ အကျိုးဆောင်များအနေဖြင့် ဥပဒေနှင့်အညီ စနစ်တကျ လုပ်ကိုင်နိုင်စေရန်နှင့် အိမ်၊ ခြံ၊ မြေဈေးကွက်အား ထိန်းသိမ်းနိုင်ရေးစသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ - ဘင်္ဂလားဒေ့ရှ် ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဝန်ကြီးအဆင့် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူအာဆန် မာမွတ်အာလီ တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒေါက်တာ ဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ကိစ္စအား ဖြေရှင်းရာတွင် အိမ်နီးချင်းကောင်းပီသစွာဖြင့် နှစ်ဖက် တိုင်ပင်ဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များ တိုးမြှင့် ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း သိရှိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား နေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**

**မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဝန်ကြီးအဆင့် အစည်းအဝေးကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပစဉ်။**
သတင်းစဉ်

◆ *ကျောဖုံးမှ*

(ဂ) ပြန်လည်လက်ခံရေးအစီအစဉ်တွင် သဘောတူထားသည့်အတိုင်း မြန်မာအစိုးရအနေဖြင့် ယာယီလက်ခံရေးစခန်း(၂)ခုနှင့် ကြားစခန်း (၁)ခု ဖွင့်လှစ်ထားပြီး ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ဆောင်ရွက်ရန်သဘောတူထားသည့် ယာယီစခန်း (၅)ခု အနက် စခန်း (၁) ခုအား ဆောက်လုပ်ပြီးဖြစ်ကြောင်း၊ ယာယီစခန်း (၁)ခုမှ ဆောက်လုပ်ဆဲဖြစ်ကြောင်း၊ ယာယီစခန်း (၃) ခုမှာ ဆောက်လုပ်ရန် ကျန်ရှိနေသေးကြောင်းကို အတည်ပြုပြောကြားခဲ့ပါသည်။

(ဃ) အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်း ဆောင်ရွက်မှု အရှိန်မြှင့်တင်ဆောင်ရွက်သွားရန်အတွက် သတင်းများ အပြန်အလှန်ဖလှယ်ရေး၊ နှစ်နိုင်ငံ နယ်စပ်လုံခြုံရေးအတွက် တာဝန် ရှိသူများအကြား နီးကပ်စွာပူးပေါင်း ဆောင်ရွက်နိုင်ရေး၊ နယ်ခြားစောင့် တပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို နှစ်နိုင်ငံ အကြား သဘောတူညီခဲ့ပါသည်။

(င) မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား နိုင်ငံတကာ နယ်နိမိတ်တွင် နေထိုင်လျက်ရှိသူများ၊ အထူးသဖြင့် နိုင်ငံတကာနယ်နိမိတ်နှင့် မြန်မာ နိုင်ငံပိုင်နက်နယ်မြေပေါ်တွင် တည်ဆောက်ထားသည့် ခြံစည်းရိုး အကြား နေထိုင်နေသူများအား ပြန်လည်လက်ခံနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်သွားရန် နှစ်နိုင်ငံအကြား သဘောတူညီခဲ့ပါသည်။

(စ) ထို့ပြင် အဆိုပါ မြန်မာပိုင်နက်နယ်မြေပေါ်တွင် နေထိုင်နေသူများအား လူသားချင်းစာနာထောက်ထားမှု ပစ္စည်းများ ထောက်ပံ့ပေးသည့် ကိစ္စအား မြန်မာနိုင်ငံဘက်ရှိ အထောက်အပံ့ပေးရေးဆိုင်ရာ အဖွဲ့ အစည်းများမှ ဆောင်ရွက်သွားရန်အတွက် နှစ်နိုင်ငံအကြား သဘော တူညီခဲ့ပါသည်။

(ဆ) မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာသွားသူများအား ထုတ်ပေးထားသည့် သက်သေခံလက်မှတ်များအပေါ်တွင် အသုံးပြုထားသည့် အသုံးအနှုန်း အား ပြန်လည်ပြင်ဆင်ပေးရန်အတွက် ဘင်္ဂလားဒေ့ရှ်ဘက်မှ သဘော တူညီခဲ့ပါသည်။

(ဇ) နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် ဘီပီ-၃၄ နှင့် ဘီပီ-၃၅ အကြားရှိ နယ်စပ် မျဉ်းအား နှစ်နိုင်ငံ ပူးတွဲစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရန် နှစ်နိုင်ငံအကြား သဘောတူညီခဲ့ပါသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများကိစ္စအား ဖြေရှင်းရာတွင် အိမ်နီးချင်း ကောင်းပီသစွာဖြင့် နှစ်ဖက်ညှိနှိုင်းတိုင်ပင် ဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက် သွားရန် သဘောတူညီခဲ့ပါသည်။

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၀)ရက်**




# (၅၃)နှစ်မြောက် စင်ကာပူနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၀**

(၅၃)နှစ်မြောက် စင်ကာပူနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နှင့် ဇနီး ဒေါ်လွင်လွင်မှန်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် စင်ကာပူနိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားကို စတင် ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး H.E. Ms. Chan Yuen Ying Vanessa Elisabeth နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့က နှုတ်ခွန်းဆက် စကား ပြောကြားကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီး တို့က တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပိုနှင့် ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ် များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်ကူညီဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၀**

ဩဂုတ် ၉ ရက် ည ၁၀ နာရီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရိုးမြောင်းများရေလျှံကာ နေပြည်တော် လယ်ဝေးမြို့ အမှတ်(၃)ရပ်ကွက် နယ်မြေ(၁၁) ပေတောကုန်းရပ်ရှိ အိမ်ခြေ ၂၉ အိမ်ခန့်တွင် နေအိမ်များအောက် ရေ သုံးပေခန့် ဝင်ရောက်သဖြင့် လူဦးရေ ၁၃၄ ဦးတို့ကို ဖောင်တော်ချက်မဘုရား နဂါးရုံစောင်းတန်းသို့ ပြောင်းရွှေ့ရာတွင် ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက် ကူညီဆောင်ရွက်ပေးခဲ့သည်။

ယနေ့ နံနက်တွင် အမှတ်(၂) ရပ်ကွက် နယ်မြေ(၈)နှင့်(၉) အနိမ့်ပိုင်းရှိ အိမ်ခြေ ၅၄ အိမ်၊ လူဦးရေ ၂၇၀ တို့အား ထပ်မံရွှေ့ပြောင်းထားကာ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားပြီး နံနက် ၉ နာရီ မိနစ် ၂၀ က နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းနောင်၊ နေပြည်တော်ကောင်စီဝင် (လယ်ဝေးမြို့နယ်တာဝန်ခံ) ဦးအေးမောင်စိန်၊ နေပြည်တော် လေတပ်ဆွယ်မှ တပ်နယ်မှူး၊ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဖုန်းမြင့်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တိုင်းဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ညွှန့် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင် ၂၀ တို့က ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားခဲ့ပြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနမှ ရေဘေးသင့်ပြည်သူ ၄၁၁ ဦးအတွက် ငွေကျပ် ၈၆၃၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် လယ်ဝေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

**ကိုရဲ**



# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ကျင်းပရန် စီစဉ်ဆောင်ရွက်ထားမှုများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကြည့်ရှုစစ်ဆေး

**မန္တလေး ဩဂုတ် ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် အဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပမည့် မန္တလေးတက္ကသိုလ်အတွင်း ပွဲတော်ကျင်းပရန် စီစဉ်ဆောင်ရွက်ထားမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတက္ကသိုလ်ပင်မဆောင်သို့ ရောက်ရှိပြီး ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် အစီအစဉ်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များ စာပေစကားဝိုင်းကျင်းပမည့် ဘွဲ့နှင်းသဘင်ခန်းမကို ရောက်ရှိကာ နေရာထိုင်ခင်းစီစဉ်ထားရှိမှု၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ရန် ဆောင်ရွက်နေမှုတို့ကို အသေးစိတ် ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များ စာပေစကားဝိုင်းအခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားကျင်းပပုံများကို နံနက် ၉ နာရီမှ




စတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ mntv၊ Sky Net Up to Date၊ Sky Net တိုင်းရင်းသား၊ မြန်မာ့အသံ ရေဒီယိုအစီအစဉ်၊ MIR(Radio) နှင့် MOI Web-portal Myanmar Facebook၊ MRTV Facebook၊ Myanmar Digital News Facebook၊ President Office၊ Myanamar State Counsellor Office နှင့် Information Committee Facebook တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

ပွဲတော်ကျင်းပစဉ် ကာလအတွင်း Science Fair ပြခန်းများအား လေးထပ်ဆောင် မြေညီထပ်တွင် ခင်းကျင်းပြသမည်ဖြစ်ရာ ပြခန်းများတွင် IT ပစ္စည်းများပြသခြင်း၊ IT Quiz များ ပြုလုပ်ခြင်း၊ Cyber Security Awareness ကျင်းပခြင်း၊ IT Power Test ကျင်းပခြင်း၊ မေးချင်ရာမေး IT အကြံပေး၊ Project Show၊ IT Book Show၊ Minecraft Game ပြိုင်ပွဲများကိုလည်းကောင်း၊ လေးထပ်ဆောင်ရှေ့တွင် ပြည်တွင်းကုမ္ပဏီများမှ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပြသခြင်းများ ပါဝင်မည်ဖြစ်သည်။

ထို့အတူ အသိပညာပေးပြခန်းများအနေဖြင့် တက္ကသိုလ်နှင့် အခြေခံကျောင်းများအလိုက် ပြခန်းများ၊ တက္ကသိုလ်များအလိုက် ဘာသာရပ်ပြခန်းများ၊ ကျန်းမာရေးဆိုင်ရာပြခန်းများ၊ လူငယ်စံပြရိပ်သာ၊ မူးယစ်ဆေးဝါး ပညာပေးပြခန်းများ၊ ကလေးသူငယ်စွန့်ပစ်မှုပပျောက်ရေးဆိုင်ရာ ပြခန်းများကိုလည်း လေးထပ်ဆောင်အဝင်လမ်းမတစ်လျှောက်တွင် ထည့်သွင်းပြသထားကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ဖွင့်ပွဲအခမ်းအနား ဝတ်စုံပြည့် အစမ်းလေ့ကျင့်ဆောင်ရွက်




**မန္တလေး ဩဂုတ် ၁၀**

မြန်မာလူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးအပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်မြှင့်တင်ပေးနိုင်ရေးနှင့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်ရေးအတွက် ရည်ရွယ်၍ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ဖွင့်ပွဲအခမ်းအနား ဝတ်စုံပြည့် အစမ်းလေ့ကျင့်ခြင်းကို ယနေ့နံနက် ၈ နာရီက မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြသည်။ **(ဝဲပုံ)**

ယနေ့တွင် ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှုအနေဖြင့် အခမ်းအနားအစီအစဉ်အတိုင်း မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် အဖွဲ့သီချင်းဖြင့် သရုပ်ဖော်ဖျော်ဖြေခြင်း၊ အမှတ်တရစကားပြောကြားခြင်း၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များက တက္ကသိုလ်/ကောလိပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ၊ လူငယ်ဆိုင်ရာအဖွဲ့အစည်းများမှ လူငယ်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းတို့နှင့် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည့် စာပေစကားဝိုင်းဆွေးနွေးခြင်း စသည့်အစီအစဉ်များကို လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## မန္တလေးတွင်ကျင်းပမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှ ပြခန်းများ ပါဝင်ပြသ

**မန္တလေး ဩဂုတ် ၁၀**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှ ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း၌ ရင်ခွင်မဲ့ကလေးငယ်များနှင့် အမျိုးသမီးထုများအား ကာကွယ်စောင့်ရှောက်ရေးတေးသီချင်းများ၊ ပဟေဠိဉာဏ်စမ်းအစီအစဉ်များ၊ အသိပညာပေး တေးသရုပ်ဖော်ပြဇာတ်များ၊ စကားဝိုင်းများ၊ ပြခန်းများကို စည်ကားသိုက်မြိုက်စွာ ပါဝင်ကျင်းပသွားမည်ဖြစ်ပြီး အခြားသော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များကလည်း သက်ဆိုင်ရာအခန်းကဏ္ဍများအလိုက် အသီးသီးပါဝင် ကျင်းပသွားမည်ဖြစ်သဖြင့် မည်သူမဆို လာရောက်ပါဝင် ဆင်နွှဲနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## ဝဝန်မြစ်ရေ သာပေါင်းမြို့တွင် စိုးရိမ်ရေမှတ် ရောက်နိုင်

**နေပြည်တော် ဩဂုတ် ၁၀**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်လက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/၉လ**



## လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း ပြခန်းကို လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)တွင် ထည့်သွင်းပြသမည်

**မန္တလေး ဩဂုတ် ၁၀**

လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းပြခန်းများကို လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ထည့်သွင်းပြသသွားမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် ကုမ္ပဏီပေါင်း ၂၀ ကျော်မှ အလုပ်အကိုင်အခွင့်အလမ်းပြခန်းများစွာ ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လူငယ်များအလုပ်အကိုင်ရှာဖွေရာတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ Career Interest Test ကိုလည်း ထည့်သွင်းဆောင်ရွက်ထားကြောင်း သိရသည်။

ပြခန်းများနှင့် ပတ်သက်၍ တာဝန်ခံ ကိုသန်းစိုးက "ပွဲတော်မှာ လာရောက်ပြသတဲ့ ကုမ္ပဏီ ၂၀ ကျော်လောက်ပါတယ်။ Center တွေပါတယ်။ Service Center တွေလည်း ပါပါတယ်။ ပြီးတော့ Manufacture အပိုင်း၊ Production အပိုင်း၊ Trading အပိုင်း စသည်ဖြင့် ကဏ္ဍစုံအောင် ထည့်ထားပါတယ်။ အဓိကတော့ အလုပ်လိုချင်တဲ့ ကလေးတွေသိအောင်ပါ။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီပွဲကို လာရောက်တဲ့အထဲမှာ ကျောင်းပြီးတော့မယ့် ကလေးတွေ ပါမှာပါ။ အလုပ်လိုချင်တဲ့ ကလေးတွေ လည်းပါမယ်။ သူတို့အနေနဲ့ အလုပ်အတွက် ဘာတွေပြင်ဆင်ထားရင် အဆင်ပြေမလဲဆိုတာ သိသွားစေချင်တယ်။ ပြီးတော့ အလုပ်အကိုင် အခွင့်အလမ်းတွေကို ရှာဖွေတဲ့အခါ အထောက်အပံ့ဖြစ်စေဖို့ မြန်မာနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု ပညာအသင်းက ဆောင်ရွက်ပေးတာပါပါတယ်။ ဘာလဲ ဆိုတော့ လူငယ်တွေအတွက် Career Interest Test ကို ဆောင်ရွက်ပေးမယ်။ လူငယ်တွေ ကိုယ့်ရဲ့ Career နဲ့ ပတ်သက်ပြီးတော့ အစိုးရလုပ်ငန်းလား၊ ကုမ္ပဏီလား၊ ရုံးမှာ အထိုင်ပုံစံမျိုး လုပ်ချင်တာလား၊ သွားလာလှုပ်ရှားပြီး လုပ်ချင်တာလားဆိုတာမျိုးကို စစ်ဆေးပေးတာပါ။ သူတို့ရဲ့ လမ်းကြောင်းအတွက် ကိုယ်နဲ့ကိုက်ညီတာ၊ ဘာလုပ်သင့်တယ်ဆိုတာ သိအောင် ဒီ Test လေးကို ထည့်ပေးတာပါ"ဟု ပြောကြားသည်။

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကို မန္တလေးမြို့၌ ဩဂုတ် ၁၁ ရက်မှစတင်ကာ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း ပြခန်းများကို မန္တလေးတက္ကသိုလ်ဝင်းအတွင်းရှိ လေးထပ်ဆောင်ရှေ့တွင် ခင်းကျင်းပြသသွားမည်ဖြစ်သည်။

**အောင်မင်းဟန်**

# ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ။)

၁၃၈၀ ပြည့်နှစ်၊    လ    ရက်

(၂၀၁၈ ခုနှစ်၊    လ    ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ရာဇသတ်ကြီးတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁၅ နှင့် ၁၆ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"15. The expression **the person with disabilities** shall be interpreted as defined under sub-section (a) of section 2 of the Rights of the Person with Disabilities Law (Pyidaungsu Hluttaw Law No. 30 of 2015).

16. **Imprisonment for life** means imprisonment passed on a convicted person to serve in the prison until death."

၃။ ရာဇသတ်ကြီး ပုဒ်မ ၃၇၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**Punishment for rape**

"376. (1) Whoever commits rape except the rape cases contained in sub-section (2) and (3), shall be punished with imprisonment for a term of twenty years, or with imprisonmentof either description for a term which may extend to ten years, and shallalso be liable to fine.

(2) Whoever commits rape against a woman who is his own wife and is not under twelve years of age, shall be punished with imprisonment of either description for a term which may extend to two years, or with fine, or with both.

(3) Whoever commits rape against a woman who is a person with disabilities, or a girl who is under twelve years of age shall be punished with imprisonment for a term of twenty years, or imprisonment for life."

---

# မန္တလေး၌ကျင်းပမည့် စာပေစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြမည့် လူငယ်များ၏ စကားသံများ



ဦးနေဝင်းအောင်



ဒေါက်တာတေဇာစန်း



ကိုအောင်ဌေးမြင့်



ဒေါ်မြတ်မွန်ဇော်



ဒေါက်တာကေသရီကျော်



မနန်းသင်းမြတ်စုအောင်

**လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုး အပါအဝင် ဗလငါးတန်မြှင့်တင်ပေးနိုင်ရေးနှင့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်ရေးအတွက် ရည်ရွယ်၍ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကို ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ မန္တလေးတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ပွဲတော်ကြီးတွင် စကားဝိုင်းဆွေးနွေးပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ အဆိုပါဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးကြမည့်သူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်။**

**ဦးနေဝင်းအောင်**

**မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း**

မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းအနေနဲ့ အခုကျင်းပမယ့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှာ Digital နဲ့ ပတ်သက်တဲ့ နည်းပညာအခြေခံတွေကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဆွေးနွေးမယ့် အကြောင်းအရာတွေထဲမှာ Digital နည်းပညာတွေဟာ လူမှုပတ်ဝန်းကျင်မှာ ဘယ်လိုအကျိုးရှိအောင် သုံးနိုင်မယ်ဆိုတဲ့ အချက်နဲ့ အခြေခံအားဖြင့် သုံးစွဲရမယ့် အချက်တွေ၊ ဆောင်ရန်၊ ရှောင်ရန်တွေကို ဆွေးနွေးပေးသွားမှာပါ။

**နည်းပညာကတစ်ဆင့် သုံးစွဲနိုင်တာကိုသိရှိဖို့ ဆွေးနွေးသွားမှာဖြစ်**

အခု ဒီခေါင်းစဉ်နဲ့ ပတ်သက်ပြီး ရွေးချယ်ဖြစ်တာကတော့ မြန်မာနိုင်ငံမှာ သုံးစွဲနေတဲ့ Digital မီဒီယာတွေ၊ မိုဘိုင်းဖုန်းတွေနဲ့ စီးပွားရေး ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်တွေမှာ Digital နည်းပညာကို အသုံးချမှုက ကျယ်ပြန့်လာပြီး နိုင်ငံသား အတော်များများဟာလည်း တယ်လီဖုန်းတွေ အသုံးပြုလာကြပြီဖြစ်တဲ့အတွက် သုံးစွဲမှုရာနှုန်းလည်း မြင့်လာပါပြီ။ တစ်နိုင်ငံလုံးမှာ သုံးစွဲသူ သန်း ၃၀ လောက်ရှိနေပြီဖြစ်တဲ့အတွက် နေ့စဉ်လူနေမှုဘဝမှာ မပါမဖြစ် ပစ္စည်းတစ်ရပ်အနေနဲ့ ရှိနေပါပြီ။ Digital နည်းပညာတွေကတစ်ဆင့် မိမိရဲ့လူနေမှုဘဝ အကျိုးရှိအောင် အသုံးပြုနိုင်ဖို့ လိုက်နာရမယ့်ကျင့်ဝတ်တွေကို လိုက်နာနိုင်ဖို့ ဆိုးကျိုးတွေဖြစ်ပေါ်မလာဖို့ မိမိရဲ့ ကျန်းမာရေး ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးတွေကို နည်းပညာကတစ်ဆင့် သုံးစွဲနိုင်တာကို သိရှိဖို့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာတေဇာစန်း**

**အမှုဆောင်ဒါရိုက်တာ၊ ယုံကြည်ရာအသိပညာပြန့်ပွားရေးအသင်း**

အခု ကျင်းပမယ့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးမှာ ယုံကြည်ရာ အသိပညာ ပြန့်ပွားရေးခေါင်းစဉ်နဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အခုကျင်းပတဲ့ ပွဲတော်ကြီးကလည်း လူငယ်တွေအတွက် ရည်ရွယ်ကျင်းပတဲ့ပွဲ ဖြစ်တဲ့အတွက်ကြောင့် "အနာဂတ် မြန်မာနိုင်ငံနှင့် လူငယ်တို့၏ အခန်းကဏ္ဍ"ဆိုတဲ့ခေါင်းစဉ်နဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပါဝင်ဆွေးနွေးမယ့် ပုဂ္ဂိုလ်အားလုံးကလည်း လူငယ်တွေပဲဖြစ်ပါတယ်။ သူတို့ဘဝ ဖြတ်သန်းမှုအတွေ့အကြုံအရ မတူညီတဲ့ရှုထောင့်တွေက ပြောကြားမယ့် လူငယ်တွေအနေနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်အခန်းကဏ္ဍက ပါဝင်နေသလဲ၊ ပိုကောင်းအောင် ဘယ်လိုဆောင်ရွက်နေမလဲဆိုတာကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံနေထိုင်တဲ့ နိုင်ငံဖြစ်တဲ့အတွက် တိုင်းရင်းသားတွေကိုလည်း စကားဝိုင်းမှာ ထည့်သွင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုတဲ့ခေါင်းစဉ်နဲ့ ပတ်သက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လူငယ်ထုရဲ့အင်အားဟာ ၃၀ ရာခိုင်နှုန်းအထက်မှာ ရှိပါတယ်။ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ဖို့အတွက် အင်မတန်ကြီးမားတဲ့ အင်အားစုကြီးတစ်ရပ်လည်း ဖြစ်ပါတယ်။ ဒါကြောင့် အခုခေါင်းစဉ်ကို ရွေးချယ်ခဲ့ခြင်း ဖြစ်ပါတယ်။

**တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါ**

ကျွန်တော်တို့နိုင်ငံရဲ့ အသွင်ကူးပြောင်းရေးကာလမှာ တိုင်းပြည်ခေါင်းဆောင်တွေက လူငယ်ထုအပေါ်မှာ အားထားတယ်ဆိုတာကို သိသာပါတယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့ မိမိတို့ရဲ့ စွမ်းအားစုဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတယ်ဆိုတာ သိစေချင်ပါတယ်။ အခုလို လူငယ်တွေအတွက် ရည်ရွယ်ကျင်းပတဲ့ ပွဲတော်တွေမှာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ပြောလိုပါတယ်။

**ကိုအောင်ဌေးမြင့်**

**မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင်**

လူငယ်ရေးရာမူဝါဒ၏ အကျိုးသက်ရောက်မှုများ ခေါင်းစဉ်နဲ့ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံရဲ့မူဝါဒအရ လူငယ်ဆိုတာ အသက် ၁၅ နှစ်ကနေ ၃၅ နှစ်ထိ ဖြစ်ပါတယ်။ လူငယ်တွေနဲ့ပတ်သက်တဲ့ ပတ်ဝန်းကျင်ကောင်းတွေဖြစ်ပေါ်ဖို့ လူငယ်ရေးရာမူဝါဒဆိုတာ ဖြစ်ပေါ်လာတာပါ။ လက်ရှိအချိန်မှာတော့ နိုင်ငံရေးကဏ္ဍ အပါအဝင် ကဏ္ဍတော်တော်များများမှာ လူငယ်တွေပါဝင်နိုင်မှု အတော်ရလာပါပြီ။ အခုပွဲမှာ လူငယ်ထုနှင့် အစိုးရအဖွဲ့ ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုအားကောင်းလာတယ်လို့ ထင်ပါတယ်။

ဒီကနေတစ်ဆင့် လူငယ်ထုရဲ့အခန်းကဏ္ဍကို ပိုမိုချဲ့ထွင်နိုင်ဖို့ ဆောင်ရွက်သွားမှာပါ။ လူငယ်ထုဟာ တိုင်းပြည်လူဦးရေရဲ့ ၃၀ ရာခိုင်နှုန်းလောက်ရှိတာကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့အခန်းကဏ္ဍတစ်ခု ဖြစ်ပါတယ်။ လူငယ်ရေးရာမူဝါဒမှာ လူငယ်တွေနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေ ထည့်သွင်းဖော်ပြထားတာဖြစ်တာကြောင့် လူငယ်တွေသိရှိနားလည်ထားဖို့ လိုပါတယ်။ ဒီအပေါ်မှာ လူငယ်တွေရဲ့ ဝေဖန်သုံးသပ်ချက်တွေလည်း ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် မူဝါဒတွေကိုလည်း ပြင်ဆင်သွားနိုင်မှာဖြစ်ပါတယ်။

**ဒေါ်မြတ်မွန်ဇော်**

**စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း**

လူငယ်နှင့် အနာဂတ်ဘဝလမ်းကြောင်းရွေးချယ်မှု ခေါင်းစဉ်နဲ့ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးပွဲမှာ လူငယ်တွေအနေနဲ့ မိမိတို့သင်ကြားထားတဲ့ပညာရေးနဲ့ အလုပ်အကိုင်တွေ၊ ပညာရပ်ဆိုင်ရာ အထောက်အပံ့တွေအတွက် ပြင်ပနဲ့ အဆက်အသွယ်မပြတ်ဘဲရှိနေဖို့ မိမိတို့ရဲ့အတွေးအခေါ်တွေကို ခေတ်စနစ်နဲ့အညီ ပြောင်းလဲသွားနိုင်ဖို့ ဆွေးနွေးသွားမှာပါ။ အခုခေတ်လူငယ်တွေအတွက် အခွင့်အလမ်းတွေက ပိုမိုများပြားလာပါတယ်။ အခုလိုဆွေးနွေးပွဲတွေက ဘွဲ့ရပြီးရင် အလုပ်အကိုင်အတွက် ဘယ်လိုရွေးချယ်ရမလဲဆိုတာ သိရှိသွားမှာဖြစ်ပါတယ်။

**ဒေါက်တာကေသရီကျော်**

**မန်နေဂျင်းဒါရိုက်တာ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ စိန်နဲ့မြမွေ့ရာလုပ်ငန်း**

အခုစကားဝိုင်းမှာ လုပ်ငန်းရှင်တစ်ဦးဖြစ်ချင်ရင် ဘာတွေကို ကြိုတင်ပြင်ဆင်ထားရမယ်ဆိုတာနဲ့ ကြုံတွေ့ရမယ့် အခက်အခဲတွေကို အဓိကထားပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်ဆိုတာနဲ့ အရင်က ကျောင်းတက်ကြတယ်ဆိုရင် ဘွဲ့ရဖို့ကိုပဲ ဦးတည်ခဲ့ကြတယ်။ လုပ်ငန်းခွင်ဆိုတာ ဘွဲ့ရပြီးမှပဲ စဉ်းစားရတဲ့ကိစ္စလို့ သဘောထားခဲ့ကြတယ်။ အခုလို ဆွေးနွေးပွဲတွေမှာ တက်ရောက်နားထောင်ခြင်းအားဖြင့် ကျောင်းတက်နေစဉ်မှာပဲ လုပ်ငန်းခွင်အတွက် ဘယ်လိုကြိုတင်ပြင်ဆင်ရမယ်ဆိုတာကို သဘောပေါက်လာမှာ ဖြစ်ပါတယ်။ ဒီမှာ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာပြပွဲတွေ၊ ပြိုင်ပွဲတွေ၊ ပညာရပ်ဆိုင်ရာ ပြခန်းတွေ၊ ဟောပြောပွဲတွေ၊ နှီးနှောဖလှယ်ပွဲတွေ ပါဝင်မှာဖြစ်တဲ့အတွက် လူငယ်တိုင်း ဒီပွဲတော်ကြီးကို လာရောက်ဆင်နွှဲလှည့်ပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**မနန်းသင်းမြတ်စုအောင်**

**Primary Colour Civic Edu Network**

ပြောဆိုဆွေးနွေးမယ့်သူတွေကို အချိန်နဲ့ပတ်သက်လို့ စီမံခန့်ခွဲမှုတွေ လုပ်ပေးသွားပါမယ်။ ဆွေးနွေးကြမယ့် ခေါင်းစဉ်အပေါ်မှာ သက်ရောက်မှုရှိအောင် ချိတ်ဆက်ပေးသွားမှာပါ။ အခုဆွေးနွေးကြဖို့ ရွေးချယ်ထားတဲ့ခေါင်းစဉ်တွေက လူငယ်တွေအတွက် တကယ်လိုအပ်တဲ့ ခေါင်းစဉ်တွေဖြစ်တာကြောင့် အလွန်ကောင်းမွန်ပါတယ်။ အခု လူငယ်နှင့် ဘက်စုံဖွံ့ဖြိုးရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဆွေးနွေးတဲ့အခါမှာ အနုပညာ၊ အားကစား၊ စာပေ၊ မူးယစ်ဆေးဝါးဆိုတဲ့ အကြောင်းအရာတွေကို ဦးဆောင်ဆွေးနွေးသူတစ်ဦးအနေနဲ့ အချိန်ကို စီမံခန့်ခွဲပေးသွားမှာပါ။

**အေးမြ(မန္တလေး)**

> "**အခုခေတ်လူငယ်တွေအတွက် အခွင့်အလမ်းတွေက ပိုမိုများပြားလာပါတယ်။ အခုလိုဆွေးနွေးပွဲတွေက ဘွဲ့ရပြီးရင် အလုပ်အကိုင်အတွက် ဘယ်လို ရွေးချယ်ရမလဲဆိုတာ သိရှိသွားမှာဖြစ်ပါတယ်**"
>
> ဒေါ်မြတ်မွန်ဇော်

> "**အခုလို ဆွေးနွေးပွဲတွေမှာ တက်ရောက်နားထောင်ခြင်းအားဖြင့် ကျောင်းတက်နေစဉ်မှာပဲ လုပ်ငန်းခွင်အတွက် ဘယ်လိုကြိုတင်ပြင်ဆင်ရမယ်ဆိုတာကို သဘောပေါက်လာမှာဖြစ်ပါတယ်**"
>
> ဒေါက်တာကေသရီကျော်

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၀

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူအာဆန် မာမွတ်အာလီ နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)မှ တာဝန်ရှိသူများနှင့် ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။**



ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) မှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ UEHRD အား ဖွဲ့စည်းထားရှိပြီး လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ဖြင့် စီမံကိန်းများဆောင်ရွက်နေမှု၊ နေရပ် စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် နှစ်နိုင်ငံသဘောတူညီချက်များအတိုင်း စီစဉ်ဆောင်ရွက်ထားပြီး ပြန်လည်လက်ခံရေးအတွက် အဆင်သင့်ဖြစ်နေမှုများ၊ ပြန်လည်လက်ခံရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအား တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နေသည့်ကိစ္စများ၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့၏ အကူအညီဖြင့် ပြန်လည်နေရာချထားရေးအတွက် အိမ်ရာများတည်ဆောက်နေမှု၊ နိုင်ငံတော်အစိုးရ၊ UNHCR နှင့် UNDP တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၍ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နည်းပညာလုပ်ငန်းအဖွဲ့ ဖွဲ့စည်း၍ ရခိုင်ပြည်နယ်သို့ ကွင်းဆင်းဆောင်ရွက်မှုအခြေအနေများနှင့် ရခိုင်ပြည်နယ်တစ်ခုလုံး ရေရှည်ဖွံ့ဖြိုးရေးနှင့် ပဋိပက္ခကင်းဝေးရေးအတွက် UEHRD စီမံကိန်းကို Private Public Partnership ချဉ်းကပ်မှုပုံစံဖြင့် ဆောင်ရွက်ချက်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအနက် အချက် ၈၀ ကျော် အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးတင်ပြပြီး နေရပ်စွန့်ခွာသူများပြဿနာကို နှစ်နိုင်ငံမိတ်ဆွေကောင်းစိတ်ဓာတ်ဖြင့် ပူးတွဲဖြေရှင်းနိုင်ရေး အလေးထားဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံကူးလက်မှတ်ဌာန၊ ဘင်္ဂလားဒေ့ရှ် သဘာဝဘေးစီမံခန့်ခွဲမှုဝန်ကြီးဌာန၊ ဒုက္ခသည်များ အကူအညီပေးရေးနှင့် ပြန်လည်လက်ခံရေး မဟာမင်းကြီးရုံးတို့မှ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံဘက်မှ UEHRD ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ UEHRD ၏ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊ UEHRD ၏ သတင်းနှင့်ဆက်သွယ်ရေးညွှန်ကြားရေးမှူးဖြစ်သူ ဦးကျော်မြိုင်၊ UEHRD ဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်ဖြစ်သူ ဦးတိုးအောင်နှင့် ဌာနဆိုင်ရာအရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ရေးညှိနှိုင်း

လွိုင်ကော် ဩဂုတ် ၁၀

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကယားပြည်နယ် အစိုးရအဖွဲ့တို့ ပူးပေါင်း၍ မိမိတို့ပြည်နယ်အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်မြင့်မားသည့် ကလေးသူငယ်များ ပေါ်ထွက်စေရန် ရည်ရွယ်၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား အထောက်အပံ့ပေးရေးအစီအစဉ် အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီခွဲက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖေါင်းရှိုက "မိမိတို့ပြည်နယ်မှာရှိတဲ့ အသက် ငါးနှစ်အောက် ကလေးသူငယ်များရဲ့ အာဟာရဆိုင်ရာ အခြေအနေဟာ ပြည်ထောင်စုအဆင့် ပျမ်းမျှအညွှန်းကိန်းများအောက် နိမ့်ကျနေတာကို တွေ့ရတယ်။ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်မြင့်မားတဲ့ ကလေးသူငယ်များကသာ မိမိတို့ပြည်နယ် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်သွားကြမှာဖြစ်တယ်။ ဒါကြောင့် မိမိတို့ပြည်နယ် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိပြည်နယ်အတွင်းမှာရှိတဲ့ ကလေးသူငယ်များအားလုံး အာဟာရပြည့်ဝပြီး ကျန်းမာသန်စွမ်း၊ ဉာဏ်ရည်မြင့်မားနေဖို့ လိုအပ်တယ်။ ဒါ့ကြောင့် ဒီနေ့ အစည်းအဝေးမှာ MCCT လုပ်ငန်း အစီအစဉ်အကောင်အထည်ဖော်နိုင်ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနနဲ့ တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ NGO , INGO စတဲ့ အစိုးရမဟုတ်တဲ့ လူမှုရေးအဖွဲ့အစည်းများကပါ ပူးပေါင်းညှိနှိုင်းပြီး အောင်မြင်အောင်ဆောင်ရွက်ပေးစေလိုပါတယ်" ဟု ပြောသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်စန်းစန်းအေးက အမှာစကား ဆက်လက်ပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်လင်းထင်က ကယားပြည်နယ်၌ MCCT အစီအစဉ် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အစီအစဉ်ကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုစိုင်း (လွိုင်ကော်)**

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) ၌ စာပေဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၀**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) ရှိ ကျောင်းသား၊ ကျောင်းသူများ ကိုယ်ရည်ကိုယ်သွေးမြင့်မားရေးနှင့် မိမိတို့၏ အသက်မွေးဝမ်းကျောင်း ပညာရပ်ကို တန်ဖိုးထားလေးစားတတ်စေရေးတို့အတွက် ရည်ရွယ်၍ Personal and Professional Development (PPD) အစီအစဉ် စာပေဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပရာ စာရေးဆရာ သရဝဏ် (ပြည်)က **"နိုင်ငံတစ်နိုင်ငံမှာ အရေးကြီးဆုံးအရာ"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကာတွန်း အော်ပီကျယ်က **"မြန်မာပြည်တွင် ပြုလုပ်သည်"** ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များအား ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိခန်းမ နေပြည်တော်၌ တွေ့ဆုံ၍ လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံခြားငွေကြေးဈေးကွက်အခြေအနေ၊ နိုင်ငံခြားငွေကြေးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဆောင်ရွက်ထားမှု၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များနှင့် အခြားသက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဆွေးနွေးခဲ့ပြီး အဆိုပါကော်မတီမှ လိုအပ်သည့် ကူညီပူးပေါင်း ညှိနှိုင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**

**တက်ရောက်**

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သော ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






## ပြည်တွင်းသတင်းမီဒီယာအဖွဲ့ မောင်တောဒေသတွင် မြေပြင်ကွင်းဆင်း သတင်းရယူ

**မောင်တော ဩဂုတ် ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသည့် ပြည်တွင်း သတင်းမီဒီယာအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့အနီး နှစ်နိုင်ငံနယ်စပ်တံတားသို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဒေသအခြေအနေနှင့် ပတ်သက်၍ မေးမြန်းသတင်းရယူကြသည်။

ထို့နောက် ပြည်တွင်းသတင်းမီဒီယာအဖွဲ့သည် တောင်ပြိုလက်ဝဲ ကြိုဆိုလက်ခံရေးစခန်းသို့ သွားရောက်ပြီး စခန်းတာဝန်ရှိသူများနှင့်တွေ့ဆုံကာ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို မေးမြန်းသတင်းရယူကြပြီး နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းတွင် နေထိုင်ကြသူများထံ သွားရောက်ကာ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြသည်။

ညနေပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့မှ စစ်တွေမြို့သို့ ရောက်ရှိပြီး လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

**သတင်း-မင်းသစ်( MNA)**

**ဓာတ်ပုံ-ကိုမင်း**

# ထာဝရငြိမ်းချမ်းရေးစေတီတော်၌ ဘုရားကိုးဆူနှင့် ရှင်ဥပဂုတ္တမထေရ်မြတ် ပူဇော်ခြင်းအခမ်းအနားများ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီးတွင် တည်ထားကိုးကွယ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေးစေတီတော်၌ ဘုရားကိုးဆူပူဇော်ခြင်းနှင့် ရှင်ဥပဂုတ္တမထေရ်မြတ် ပူဇော်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်နှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဘုရားကိုးဆူအား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းများ ဆက်ကပ်ပူဇော်သည်။

ဆက်လက်၍ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ရှင်ဥပဂုတ္တမထေရ်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းများ ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီးမိသားစုက အလှူငွေကျပ် လေးသိန်းနှင့် မန္တလေးမြို့နေ ဒေါ်စိန်လှဖြူနှင့် သာသနာပြုအဖွဲ့မှ အလှူငွေကျပ် ၁၆ သိန်း စုစုပေါင်း အလှူငွေကျပ်သိန်း ၂၀ လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၅)ကြိမ်မြောက် အရှေ့တောင်အာရှ ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန အာရှဗိုဗီနမ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၈ ခုနှစ် (၅)ကြိမ်မြောက် အရှေ့တောင်အာရှ ဗိုဗီနမ်ချန်ပီယံ ရှစ် (5th South East Asian Vovinam Championship 2018) ပြိုင်ပွဲအား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ယှဉ်ပြိုင်ရာ အတိုက်ပွဲစဉ်အဖြစ် အမျိုးသား (57 Kg)ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ယှဉ်ပြိုင်ရာ ကမ္ဘောဒီးယားအသင်းမှလည်းကောင်း၊ (64 Kg) ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ရာတွင် ကမ္ဘောဒီးယားအသင်းမှ လည်းကောင်း၊ အမျိုးသမီး (51Kg) ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ယှဉ်ပြိုင်ရာတွင် မြန်မာအသင်းမှလည်းကောင်း၊ အမျိုးသမီး (54Kg) ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ရာတွင် မြန်မာအသင်းမှလည်းကောင်း၊ အပြပြိုင်ပွဲများအဖြစ် ယှဉ်ပြိုင်ရာ အမျိုးသားတစ်ဦးချင်း ဓား(၁)လက် ပြိုင်ပွဲတွင် မြန်မာအသင်းမှ ပထမ၊ ကမ္ဘောဒီးယားအသင်းမှ ဒုတိယနှင့် အင်ဒိုနီးရှားအသင်းမှ တတိယကို လည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း ဓား (၁) လက်ပြိုင်ပွဲတွင် ဗီယက်နမ်အသင်းမှ ပထမ၊ အင်ဒိုနီးရှားအသင်းမှ ဒုတိယနှင့် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့မှ ပူးတွဲတတိယကိုလည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲတွင် မြန်မာအသင်းမှ ပထမ၊ ကမ္ဘောဒီးယားအသင်းမှ ဒုတိယကို လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပြီး ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**တောင်ငူ ဩဂုတ် ၁၀**



တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူးဖလား အသက်(၂၁)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၁၀ ရက် ညနေ ၃ နာရီတွင် တောင်ငူခရိုင် ဘောလုံး အားကစားကွင်း၌ ကျင်းပသည်။ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးက အမှာစကားပြောကြားပြီး အဆိုပါအားကစားပြိုင်ပွဲတွင် အသင်းပေါင်း ၂၀ က အုပ်စု လေးအုပ်စုခွဲကာ ကစားကြမည် ဖြစ်သည်။ ဖွင့်ပွဲအဖြစ် ကေတုမတီမြို့သစ် ဘောလုံးအသင်းနှင့် ရပ်ကွက်(၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၁၀) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကေတုမတီမြို့သစ် ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# အမျိုးသမီးလိဂ်ပြိုင်ပွဲ အား/ကာဦးစီးဌာန ဂိုးပြတ်နိုင်

**ရန်ကုန် ဩဂုတ် ၁၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပလျက်ရှိသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၁၃) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ဇွဲကပင်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ပြီး ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၉ မိနစ်တွင် အသင်းခေါင်းဆောင် ခင်မာလာထွန်းက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်း အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း ဆက်လက်ဖိကစားနိုင်ခဲ့သော်လည်း ၄၂ မိနစ်မှ ဂိုးထပ်ရခဲ့ပြီး ဝေဝေအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင်လည်း အားကစားနှင့် ကာယပညာ ဦးစီးဌာနအသင်းက ပွဲကို ထိန်းချုပ်ကစားခဲ့ပြီး အနိုင်ဂိုးများကို ၅၉ မိနစ်တွင် နုနု၊ ၇၄ မိနစ်နှင့် ၈၄ မိနစ်တွင် ရီရီဦးတို့က သွင်းယူသည်။ ဇွဲကပင်အသင်းသည် ယခုပွဲတွင် ပုံစံကောင်းပြသနိုင်ခြင်းမရှိဘဲ မိနစ် ၈၀ တွင် စန်းသော်သော် သွင်းယူသည့် ချေပဂိုးတစ်ဂိုးသာရခဲ့သည်။

ပွဲစဉ်(၁၃)အပြီးတွင် မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းက ၃၇ မှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေသည်။

**သတင်း-ရဲရင့်ရှိုင်း**

# မင်းလှ၌ သံဃာအပါး ၄၀ အစာအဆိပ်သင့်မှုဖြစ်၍ ဆေးကုသမှုခံယူ

**မင်းလှ ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့ အမှတ်(၅)ရပ်ကွက် ဝေဠုဝန်စာသင်တိုက်တွင် ဒေသလောင်းလှူသော ဆွမ်းများဘုဉ်းပေးပြီးနောက် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက သံဃာအပါး ၄၀ နှင့် စားသုံးသည့် ကျောင်းသားတစ်ဦး အော့အန်ခြင်း၊ ဝမ်းသွားခြင်း၊ ဖျားနာခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဝေဠုဝန်စာသင်တိုက်တွင် ကျောင်းထိုင်ဆရာတော်နှင့် သံဃာ ၉၁ ပါး ရှိပြီး ဩဂုတ် ၉ ရက်က နေ့ဆွမ်းတွင် ဒေသလောင်းလှူသော ဆွမ်းတို့ဖြင့် ဆွမ်းဘုဉ်းပေးခဲ့ပြီး ကိုရင် ၃၅ ပါး၊ ရဟန်းငါးပါးနှင့် ကျောင်းတိုက်နေ တက္ကသိုလ်ဝင်တန်း ကျောင်းသားတစ်ဦး အော့အန်ခြင်း၊ ဝမ်းသွားခြင်း၊ ဖျားနာခြင်းတို့ ဖြစ်ပွားခဲ့သဖြင့် မင်းလှပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်းနှင့် သူနာပြုဆရာမများက ဆေးဝါးများကုသပေးရာ အတွင်းလူနာ(မစိုးရိမ်ရ)ဖြင့် ဆေးကုသမှုခံယူလျက်ကြောင်း၊ ကျန်ရှိသော သံဃာတော်များအား ကျန်းမာရေးဝန်ထမ်းများက စောင့်ကြည့်လျက်ရှိသည်။

ဆေးကုသမှုခံယူလျက်ရှိသော သံဃာတော်များအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်သာသနာရေးဦးစီးမှူးတို့က လိုအပ်သည်များကို ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- အဲဗာတန်အသင်းသည် ဘာစီလိုနာအသင်းမှ ကိုလံဘီယာနောက်ခံကစားသမား ယာရီမီနာကို ပေါင် ၂၇ ဒသမ ၁၉ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ထို့အပြင် မီနာ၏ အသင်းဖော်ဖြစ်သော အန်ဒရီ ဂိုမက်ဇ်ကိုလည်း အငှားဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။
- လက်စတာစီးတီးတိုက်စစ်ကစားသမား ဂျေမီဗာဒီ (၃၁နှစ်)သည် ၂၀၁၆ ခုနှစ်တွင် ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့သည့် လက်စတာစီးတီးအသင်းနှင့် လေးနှစ် သက်တမ်းတိုးစာချုပ်ချုပ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ဖော်ပြချက်အရ သိရသည်။
- ဖူလ်ဟမ်အသင်းသည် မာဆေးလ်ကွင်းလယ်ကစားသမား အန်ဒရီ-ဖရန့်ခ်ဇမ်ဘို အန်ဂွစ်ဆာကို ပေါင် ၂၂ ဒသမ ၃ သန်းဖြင့် ခေါ်ယူလိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ဖူလ်ဟမ်အသင်းသည် ဂျိုးဘရိုင်ယန်၊ လူစီယာနိုဗီယက်တို၊ ဆာရီယိုရီကိုနှင့် တင်မိုသီဖိုဆုမန်ဆာတို့အပါအဝင် ယခုရာသီတွင် ၁၂ ဦးမြောက် ခေါ်ယူနိုင်ခဲ့မှုဖြစ်ကြောင်းလည်း သိရသည်။
- အက်သလက်တီကို မက်ဒရစ်အသင်းသည် အေစီမီလန်အသင်းမှ ခရိုအေးရှားတိုက်စစ်ကစားသမား နီကိုလာကာလီနစ်ကို ပေါင် ၁၃ ဒသမ ၅ သန်းဝန်းကျင်ဖြင့် သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ မန်ယူအသင်းသည် ပြီးခဲ့သည့် နွေရာသီတွင် လက်စတာနှင့် အင်္ဂလန်ဗဟို ခံစစ်ကစားသမား မက်ဂွိုင်ရီအား ပေါင် ၁၅ သန်းဖြင့် ခေါ်ယူနိုင်မည့် အခွင့်အရေးတစ်ရပ်ကို ပယ်ချခဲ့ကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။
- တော့တင်ဟမ်အသင်း၏ အသက် (၂၈နှစ်) အရွယ် ဒန်နီရိုစ့်သည် ပီအက်စ်ဂျီအသင်းထံသို့ အငှားဖြင့်ပြောင်းရွှေ့ကစားရန် ဆန္ဒပြင်းပြလျက်ရှိကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**

# ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ ပါဝင်ပတ်သက်သူ ဇေယျာဖြိုးအား စစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုတွင် စွဲချက်တင်ခံထားရသူ သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုးနှင့် အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ယနေ့ နံနက် ၁၀ နာရီက ရုံးထုတ်ခဲ့ပြီး စွပ်စွဲခံရသူ ဇေယျာဖြိုးကို စတင်စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင် တရားရုံး သတင်းနှင့်ပြန်ကြားရေး တာဝန်ခံအရာရှိ ဒုတိယခရိုင် တရားသူကြီး ဦးရဲလွင်က “ဒီကနေ့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇၊ လူသတ်မှုနဲ့ တရားစွဲဆိုထားရာကနေ စွပ်စွဲခံရသူ ဇေယျာဖြိုးကို စစ်ဆေးခဲ့ပါတယ်။ မစစ်ဆေးမီ တရားခံအနေဖြင့် စစ်မေး ခံမလား ဒါမှမဟုတ် သက်သေအနေနဲ့ စစ်မေးခံမလားလို့ တရားကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁) မှာပါတဲ့ ပြဋ္ဌာန်းချက်နဲ့အညီ မေးတဲ့အခါ သက်သေအဖြစ်စစ်မေးခံမယ်ဆိုတဲ့အတွက် ဇေယျာဖြိုးကို စပြီးစစ်မေးခဲ့ပါတယ်။ ဒီနေ့မှာ ရုံးချိန်ကုန်ဆုံးတဲ့ထိ အဓိကထွက်ဆိုချက်တွေ မလုံလောက်သေးတဲ့အတွက် လာမယ့်ရုံးချိန်းမှာ ဇေယျာဖြိုးကို ထပ်စစ်မေးဖို့ ဩဂုတ် ၁၆ ရက်ကို ထပ်မံချိန်းဆိုထားပါတယ်”ဟု ပြောသည်။

သတင်းမီဒီယာများ၏ မေးမြန်းသည်ကို ရှင်းလင်းပြောကြားရာ“ဒီကနေ့ အထူးတရားခံရုံးကနေ ကြားဖြတ်အမိန့်ချမှတ်ခဲ့တာတော့ ရှိပါတယ်။ အဲဒါက ဇေယျာဖြိုးကို စစ်မေးစဉ်မှာ သူ့ရဲ့ရှေ့နေက ဇေယျာဖြိုး ဆောက်လုပ်ရေးကုမ္ပဏီက သက်ဆိုင်ရာဌာနများနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ သဘောတူစာချုပ်ချုပ်ဆိုထားတဲ့ စာရွက်စာတမ်းတွေ သက်သေခံတင်သွင်းဖို့ တရားရုံးတော်ကို တင်ပြလာတယ်။ ဒါကို တရားလိုပြ အကျိုးဆောင်ရှေ့နေများက ကန့်ကွက်လာတဲ့အတွက် နှစ်ဖက်လျှောက်လဲချက် အကျဉ်းကြားနာခဲ့ပြီး အမှုစွဲတင်ချက်တွေနဲ့ တိုက်ဆိုင်တဲ့အတွက် ဇေယျာဖြိုးကိုယ်တိုင် လက်မှတ်ရေးထိုးထားတဲ့ စာချုပ်ငါးစောင်ကို လက်ခံကြောင်း ကြားဖြတ် အမိန့်ချမှတ်ခဲ့ပါတယ်”ဟု ထပ်မံရှင်းလင်းပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရန်ကင်းမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူးယစ်တပ်ဖွဲ့စု (၄၁)မှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဩဂုတ် ၉ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက်၊ ဂိုးဒင်းစီးတီးအိမ်ရာ၊ တိုက်(ဘီ-၁)၊ (၁၇)လွှာနေ သက်ဆွေမင်း(ခ)ကိုစိုင်း၊ (၃၅နှစ်)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မဝေလွင်ဇော်(ခ)ရွှေထိုက် (၃၇နှစ်)တို့အား တွေ့ရှိပြီး ၎င်းတို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၅ ပြား၊ အိုက်စ် သုံးဂရမ်၊ မူးယစ်ဆေးဝါး သုံးစွဲရာတွင် အသုံးပြုသည့်ပစ္စည်းကိရိယာများနှင့် ဖုန်းနှစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

၎င်းတို့နှစ်ဦးအား စစ်ဆေးရာ ၎င်းတို့ငှားရမ်းနေထိုင်သည့် ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက် အဝေရာလမ်းရှိ အမှတ်(၃၃/က) ပထမထပ်နေအိမ်တွင် မူးယစ်ဆေးဝါးများ ကျန်ရှိနေသေးကြောင်း သိရှိရသဖြင့် အဆိုပါနေအိမ်သို့ သွားရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၁၇၈၉ ပြား၊ အိုက်စ် ၇၇၀ ဂရမ်ပါတစ်ထုပ်၊ ဘိန်းဖြူ ၁၁ ဂရမ်၊ ဆေးခြောက် ၁၂ ဂရမ်ခန့်နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများ သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများနှင့်ပတ်သက်၍ သက်ဆွေမင်း(ခ) ကိုစိုင်းနှင့် မဝေလွင်ဇော်(ခ) ရွှေထိုက် တို့နှစ်ဦးအား ရန်ကင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သိရသည်။

**မြန်မာ့အလင်း**



## မြန်မာ့ရုပ်မြင်သံကြား

၁၁-၈-၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - "ဘဒ္ဒန္တဂုဏိကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)တွဲဖက်အကျိုးတော်ဆောင် ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ကံသုံးဆင့် ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း"
၉း၀၀ - **"လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)တွင် တက္ကသိုလ်/ကောလိပ် အသီးသီးမှ ထူးချွန်ကျောင်းသား/ကျောင်းသူများအား ချီးမြှင့်ခြင်းနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များ စာပေစကားဝိုင်း တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်"**
၁၂း၃၀ - ကျိုင်းတုံမြို့နယ်လုံးလုပိုင်ရှင်များ(အခမဲ့)လူမှုကူညီရေးအသင်း တစ်နှစ်ပြည့် ဓမ္မပူဇာသဘင်၊ ဓမ္မာစရိယဆရာတော်အရှင်ကသပ္ပ ဟောကြားတော်မူသည့် "နှလုံးလုပိုင်ရှင်နိဗ္ဗာန်ဝင်တရားတော်"
၁၄း၀၀ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၃)

**ညပိုင်း**

၁၇း၀၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၂၀ - ဇာတ်လမ်းအတိုအထွာ ပြုံးစရာ"ခင်ဗျားညီမကို"
၁၈း၃၀ - Tasty Trip
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

# တမူးမြို့မရဲစခန်းမှ အချုပ်သားများ အချုပ်ခန်းဖောက်၍ ထွက်ပြေး

**တမူး ဩဂုတ် ၁၀**

တမူးမြို့မရဲစခန်း၌ ဩဂုတ် ၉ ရက် ညနေ ၃ နာရီခွဲခန့်က အချုပ်သားခုနစ်ဦး အချုပ်ခန်းဖောက် ထွက်ပြေးခဲ့ရာ သုံးဦး လွတ်မြောက်သွားသဖြင့် လိုက်လံဖမ်းဆီးနေကြောင်း သိရသည်။

အဆိုပါ အချုပ်သားခုနစ်ဦးသည် အမှတ်(၁)အချုပ်ခန်း ဗူးတံခါး သစ်သားတိုင်အား သံဖြတ်လွှဖြင့်ဖြတ်၍ အချုပ်ကင်းတာဝန်ကျ ရဲတပ်ဖွဲ့ဝင်များအား ထိုးကြိတ်ရိုက်နှက်ကာ ထွက်ပြေးသဖြင့် ပြန်လည်ဖမ်းဆီးခဲ့ရာ တီကောအဲဌား(ခ) အားသဲ၊ လားငီးနေယာ၊ ကျော်မင်းထူး(ခ)မင်းထူးနှင့် လားလျင်ဘွိုင်းတို့လေးဦးအား ပြန်လည်ဖမ်းဆီးရမိခဲ့ပြီး ညွန့်စိုး၊ အောင်ဆန်းထွေးနှင့် အောင်ဆန်း(ခ)ကျော်ကျော်ဝင်းတို့သုံးဦးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း သိရသည်။ ယင်းဖြစ်စဉ်ကြောင့် ကင်းကျတပ်ဖွဲ့ဝင်များက လုံးထွေးသတ်ပုတ်ဖမ်းဆီးခဲ့စဉ် ရဲတပ်သား ဖွန်ဘွဲ့ထန်၊ ရဲတပ်သားကျော်လင်းအောင်၊ ရဲတပ်သားပေါင်ခိုထန်နှင့် ရဲတပ်သား ကြောင်ရာတို့တွင် (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့ကြသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ထွက်ပြေးလွတ်မြောက်နေသူများဖြစ်သည့် ကလေးမြို့နယ် ကြက်ဖနက်ကျေးရွာနေသူ ညွန့်စိုး(၃၃နှစ်)၊ ခမ်းပါတ်မြို့နယ်ခွဲ ဇီးဖြူကုန်းကျေးရွာနေသူ အောင်ဆန်းထွေး(၂၉နှစ်)နှင့် တမူးမြို့နယ် အင်ဒိုင်းကျေးရွာနေသူ အောင်ဆန်း(ခ)ကျော်ကျော်ဝင်း(၃၁နှစ်)တို့ သုံးဦးအား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်ဝင်းထွန်း(ပြန်/ဆက်)**

# ကြည့်မြင်တိုင် စံပြငါးဈေးရှေ့ ကွန်တိန်နာယာဉ်များဆင့်ကဲတိုက်၍ အမျိုးသမီးတစ်ဦးသေဆုံး

**ရန်ကုန် ဩဂုတ် ၁၀**

ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်း ဗဟိုစံပြငါးဈေးရှေ့နှင့် မြို့နယ်မီးသတ်ရုံးရှေ့တွင် ဩဂုတ် ၁၀ ရက် နံနက်စောစောပိုင်းက ကွန်တိန်နာယာဉ်များအပါအဝင် ယာဉ်များဆင့်တိုက်မှုကြောင့် ငါးဝယ်ရန် စောင့်ဆိုင်းနေသော အမျိုးသမီးတစ်ဦး ပွဲချင်းပြီးသေဆုံးကာ အမျိုးသားသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ အလုံမြို့နယ်ဘက်မှ ကမာရွတ်မြို့နယ်ဘက်သို့ ကမ်းနားလမ်းအတိုင်းYGN 3N/--- တွဲအမှတ် 4321 - ဒေါင်ဖန်း ၂၄ ဘီး ကွန်တိန်နာယာဉ်(ယာဉ်မောင်းစုံစမ်းဆဲ)မှာ ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းမြောက်အရှေ့ရပ်ကွက် (ငါးဈေးအနီး)သို့ အရောက်တွင် ရှေ့ယာဉ်ကြောများပိတ်ဆို့နေသဖြင့် ၎င်းရှေ့တွင် ရပ်တန့်စောင့်ဆိုင်းနေသော ယာဉ်မောင်း ကျော်စိန်ဝင်း၏ YGN 5J/--- နစ်ဆန်း ၁၄ ဘီး ကွန်တိန်နာယာဉ်ကို ဝင်တိုက်မိပြီး အနီးရှိ ငါးဝယ်ရန် လမ်းဘေးတွင်ရပ်တန့်စောင့်ဆိုင်းနေသော YGN 9J/--- ကင်တာ BGO 149K/--- မစ်ဆူဘီရှိ နှင့် BGO 5P/---တိုယိုတာအေ့စ် တို့အား ဆင့်ကဲတိုက်မိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ငါးဝယ်ရန် စောင့်ဆိုင်းနေသော ဒေါ်ညွန့် (၃၈ နှစ်) မှာ ၂၄ ဘီးကွန်တိန်နာယာဉ်နှင့် အနီးရှိ သစ်ပင်တို့အကြား ညပ်မိသေဆုံးမှု ဖြစ်ပွားခဲ့သည်။

အလားတူ ငါးဝယ်ရန်စောင့်ဆိုင်းနေသူ ကိုနိုင်နိုင်အောင်၊ ၂၄ ဘီး ကွန်တိန်နာနှင့်ပါလာသူ ကိုဝင်းဇော်၊ ကိုကျော်စွာတို့မှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြသည်။

အခင်းဖြစ်ပွားရာသို့ အနောက်ပိုင်းခရိုင်မီးသတ်တပ်ဖွဲ့မှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် စမ်းချောင်းမြို့နယ်မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြည့်မြင်တိုင်မြို့နယ် မီးသတ်တပ်ဖွဲ့မှူး ဦးကိုကိုလတ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေး အဖွဲ့ဝင်များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသည်။

**ကိုကြီးတင်**




# နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုဇယားအတုကိုင်ဆောင်သူများအား စစ်ဆေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၀**

မြဝတီမြို့(၁)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား မြန်မာဘက်ခြမ်း ယာယီနယ်စပ်ဖြတ်ကျော်စစ်ဆေးရေးဂိတ် ၌ ဩဂုတ် ၈ ရက် ညနေ ၄ နာရီက နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုဇယားအတု ကိုင်ဆောင်သည့် တရုတ်နိုင်ငံသားများအား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၈ ရက် ညနေပိုင်းက မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား စစ်ဆေးရေးဂိတ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်း ဦးစီးအဖွဲ့က မြဝတီမှ ထိုင်းနိုင်ငံသို့ သွားရောက်မည့် ရန်ကင်းမြို့နယ် (၅)ရပ်ကွက်နေ စိုင်းအောင်ခေး(၃၃ နှစ်)ပါ သုံးဦးတို့၏ နိုင်ငံကူးလက်မှတ်များကို စစ်ဆေးစဉ် စိုင်းအောင်ခေးပါ သုံးဦးတို့ ကိုင်ဆောင်ထားရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဇယားတို့မှာ အတုများဖြစ်နေပြီး ၎င်းတို့မှာ တရုတ်နိုင်ငံသားများဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် မြဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးလှမင်းထံသို့ လွှဲပြောင်းပေးခဲ့ကြောင်းနှင့် အဆိုပါရုံး၌ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ရွှေကူမြို့နယ် မင်းကျောင်းကုန်း ဓာတ်အားခွဲရုံ မီးလောင်မှုဖြစ်

**ရွှေကူ ဩဂုတ် ၁၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် မင်းကျောင်း ကုန်းကျေးရွာရှိ ၆၆/၁၁ ကေဗွီ (5 -MVA) ဓာတ်အားခွဲရုံအတွင်း ဩဂုတ် ၁၀ ရက် နံနက် ၁၁ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းကျောင်းကုန်းကျေးရွာရှိ ၆၆/၁၁ ကေဗွီ (5-MVA) ဓာတ်အားခွဲရုံအတွင်း တပ်ဆင်ထားသည့် 11/KV Main VCB မှ စတင်ကာ မီးလောင်ခဲ့၍ လျှပ်စစ်ပစ္စည်းများ၊ ဓာတ်အားခွဲရုံမျက်နှာကြက်နှင့် ပြူတင်းတံခါးပေါက်များမီးလောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ယင်းဓာတ်အားခွဲရုံမှ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် မြို့လှမြို့မင်းကျောင်းကုန်းကျေးရွာ၊ အုပ်ချီ ကျေးရွာ၊ ကျောက်ကြီးကျေးရွာ၊ ကျောက်တလုံးကျေးရွာ၊ ပေါက်ကုန်းကျေးရွာ၊ သာယာကုန်း ကျေးရွာတို့တွင် ယာယီလျှပ်စစ်မီးဖြတ်တောက်ထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ပေါင်မြို့နယ်တွင် မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူတစ်ဦးဖမ်းမိ

**ပေါင် ဩဂုတ် ၁၀**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ဩဂုတ် ၉ ရက် ညနေပိုင်းက သထုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်အောင်သူနှင့်အဖွဲ့သည် ရန်ကုန်-မော်လမြိုင်ကားလမ်းဘေး ကျိုက်ဖီးနောင်းစေတီမုခ်ဝအနီး စောင့်ဆိုင်းနေစဉ် မော်လမြိုင်ဘက်မှ ရန်ကုန်ဘက်သို့ ကျော်မြတ်သူ(ခေါ်)ကပ္ပလီ ( ၂၂ နှစ်) မေတ္တာမွန်( ၄ )လမ်း မုတ္တမကျေးရွာနေသူ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၉ ပြား၊ အလေးချိန် ၄၉ ဒသမ ၉ ဂရမ်ခန့်ကို သိမ်းဆည်းရမိခဲ့သည်။

၎င်းအားစစ်ဆေးရာ ဆေးပြားများကို မုတ္တမကျေးရွာ ပုသိမ်ကွင်းရပ်နေ အောင်ကြီးဆိုသူထံမှ တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ ဖြင့် ဝယ်ယူခဲ့ကြောင်း သိရှိရပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများကို လက်ဝယ်တွေ့ရှိသူ ကျော်မြတ်သူ (ခ) ကပ္ပလီအား မုတ္တမနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားသည်။

**ကိုဟိန်း ( ပေါင် )**

# သစ်ခွဲသား တန် ၂၀ ခန့် တင်ဆောင်မောင်းနှင်လာသော စက်လှေတစ်စင်း ပင်လယ်ပြင်၌ ဖမ်းဆီးရမိ

**ဟိုင်းကြီးကျွန်း ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်ရှိ လုံခြုံရေးတပ်ဖွဲ့များသည် ဩဂုတ် ၈ ရက် နံနက်ပိုင်းက ရွှေသောင်ယံမြို့ သဇင်မှော်ကျေးရွာ၏ အနောက်မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ပင်လယ်ပြင်တွင် တရားမဝင် တောင်သရက် သစ်ခွဲသားတန် ၂၀ ခန့် တင်ဆောင်မောင်းနှင်လာသော သစ်စက်လှေတစ်စင်းကို ဖမ်းဆီးရမိခဲ့ရာ ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက မြို့သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစက်လှေမှာ ဘောမိကျေးရွာမှ စတင်ထွက်ခွာခဲ့ခြင်းဖြစ်ပြီး ဘိုကလေးမြို့သို့သွားရောက်စဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း၊ မကျီးစင်ရွာနေသူ လှေဦးစီး ဦးနေဦးပါ လှေလုပ်သားရှစ်ဦး လိုက်ပါလာကြောင်း ဘောမိကျေးရွာနေ သစ်စက်လှေလုပ်သားကိုထွန်းထွန်းက ပြောသည်။ လက်ရှိအချိန်တွင် ဖမ်းဆီးရမိသည့် စက်လှေနှင့် လှေပေါ်ပါ ပစ္စည်းများ၊ စက်လှေဦးစီးအပါအဝင် လုပ်သားအားလုံးကို ဟိုင်းကြီးကျွန်းမြို့သစ်တောဦးစီးဌာန၌ ခေါ်ယူထိန်းသိမ်းထားရှိကာ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်များအတွင်းရှိ ပစ္စည်းများခိုးယူသူကို ဖမ်းဆီးစစ်ဆေးရာမှ ခိုးမှု ၁၄ မှု ဖော်ထုတ်နိုင်

ရန်ကုန် ဩဂုတ် ၁၀

**မရမ်းကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီ ခွဲက မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက် ဥက္ကလာပလမ်းအရောက် ယာဉ်အမှတ် FF/---- ဖီလ်ဒါအငှားယာဉ်ကို မသင်္ကာဖွယ်စိစစ်တွေ့ရှိရသဖြင့် အဆိုပါယာဉ်ကို ရပ်တန့်စေပြီး ယာဉ်မောင်းဖြစ်သူ ရွှေပြည်သာမြို့နယ်နေ ရဲမောင်(၄၅နှစ်)ကို ထိန်းသိမ်းရှာဖွေစစ်ဆေးခဲ့သည်။**

ထိုသို့စစ်ဆေးရာ ၎င်းသည် အဆိုပါ အငှားယာဉ်ဖြင့် လှည့်လည်သွားလာ၍ သော့တုများကို အသုံးပြုကာ ၂၀၁၈ ခုနှစ် ဧပြီ၊ မေနှင့် ဇူလိုင်လများအတွင်းက မရမ်းကုန်းမြို့နယ်အတွင်း၌ ဥက္ကလာပလမ်းရှိ လက်ဖက်ရည်ဆိုင်နှင့် မျက်နှာချင်းဆိုင်တွင်ရပ်ထားသော လိုက်ထရပ်ကိုယ်ပိုင်ယာဉ်ကို သော့တုဖြင့်ဖွင့်၍ ယာဉ်၏ခေါင်းခန်းအတွင်းမှ Laptop နှင့် ဆက်စပ်ပစ္စည်းများ၊ Huawei လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အိုးရှင်းစင်တာအနီး တော်ဝင်လမ်းတွင်ရပ်ထားသော အငှားယာဉ်ပေါ်မှ Huawei Tablet တစ်လုံး၊ ယင်းလမ်းတွင်ပင် ရပ်ထားသော လိုက်ထရပ်ယာဉ်ကို သော့တုဖြင့်ဖွင့်၍ Laptop နှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ထို့ပြင် အဆိုပါလမ်း၌ပင်ရပ်ထားသော လိုက်ထရပ်ယာဉ်ပေါ်မှ Acer Laptop နှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ အလားတူ ၎င်းလမ်းမပေါ်တွင် ရပ်ထားသော လိုက်ထရပ်ယာဉ် ပေါ်မှ Huawei လက်ကိုင်ဖုန်းကို လည်းကောင်း ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ရဲမောင်အား မရမ်းကုန်းမြို့မရဲစခန်းတွင် အမှုများ ဖွင့်၍ အရေးယူဆောင်ရွက်ခဲ့သည်။

အဆိုပါ အမှုများမှ ပြစ်မှုကျူးလွန်သူ ရဲမောင်အား အနောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် မရမ်းကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များအတွင်း ပေါ်ပေါက်ခြင်းမရှိသေးသည့် အလားတူဖြစ်စဉ် အမှုများနှင့်ပတ်သက်၍ တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ခဲ့ရာ ၎င်းသည် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ ဇွန်၊ ဇူလိုင်လများအတွင်းက မရမ်းကုန်းမြို့နယ် ဥက္ကလာပလမ်းတွင် ရပ်ထားသော မော်တော်ယာဉ်ကို သော့တုဖြင့်ဖွင့်ကာ ယာဉ်အတွင်းမှ Dell Pentium Laptop ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ တော်ဝင်လမ်းမပေါ် ကားပါကင်တွင် ရပ်ထားသော Premigo မော်တော်ယာဉ်ကို သော့တုဖြင့်ဖွင့်ကာ ယာဉ်အတွင်းမှ Dell Laptop နှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ တော်ဝင်လမ်းပေါ်၌ပင် ရပ်ထားသော အငှားယာဉ်ကို သော့တုဖြင့်ဖွင့်ကာ ယာဉ်အတွင်းမှ P9 လက်ကိုင်ဖုန်းကို လည်းကောင်း၊ ဥက္ကလာပလမ်းတွင် ရပ်ထားသော နစ်ဆန်းယာဉ်ကို သော့တုဖြင့်ဖွင့်ကာ ယာဉ်အတွင်းမှ Mi လက်ကိုင်ဖုန်းကို လည်းကောင်း၊ လမ်းမတော်မြို့နယ် အင်ဂျင်နီယာရုံးအနီးတွင် ရပ်ထားသော တိုယိုတာ ပရာဒိုယာဉ်ကို သော့တုဖြင့်ဖွင့်ကာ ယာဉ်အတွင်းမှ Macbook Pro တစ်လုံး၊ Ananda 4g+Net ချိတ်ဆက်သုံးပြုစက်တစ်လုံး၊ ကျောပိုးအိတ်တစ်လုံး၊ လက်ဆွဲအိတ်တစ်လုံးနှင့် ပိုက်ဆံအိတ်တစ်လုံးတို့ကို လည်းကောင်း၊ ပြည်လမ်း စိန်ဂျွန်းကားမှတ်တိုင်အနီး ကားပါကင်တွင် ရပ်ထားသော Nissan AD VAN ယာဉ်ကို သော့တုဖြင့်ဖွင့်ကာ ယာဉ်အတွင်းမှ Samsung Galaxy J2 Prime လက်ကိုင်ဖုန်း တစ်လုံးကို လည်းကောင်း၊ အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းရှိ လက်ဖက်ရည်ဆိုင်အနီး ရပ်ထားသောယာဉ်ကို သော့တုဖြင့်ဖွင့်ကာ ယာဉ်အတွင်းမှ Lenovo Laptop တစ်လုံး၊ i Phone 6 Plus လက်ကိုင်ဖုန်း တစ်လုံး၊ ၎င်းနေရာ၌ပင် ရပ်ထားသော နောက်ထပ်ယာဉ်တစ်စီးကို သော့တုဖြင့်ဖွင့်ကာ ယာဉ်အတွင်းမှ Samsung Galaxy J5 လက်ကိုင်ဖုန်း တစ်လုံး၊ ဒဂုံမြို့နယ် စကားဝါလမ်းတွင် ရပ်ထား သောယာဉ်ကို သော့တုဖြင့်ဖွင့်ကာ ယာဉ်အတွင်းမှ i Phone 6 Plus လက်ကိုင်ဖုန်းတစ်လုံးကို လည်းကောင်း ခိုးယူရောင်းချထားကြောင်း ထပ်မံပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်များအရ ရဲမောင်အား သက်ဆိုင်ရာရဲစခန်းများတွင် အမှုများရေးဖွင့်ကာ အရေးယူ ဆောင်ရွက်လျက်ရှိပြီး အမှုများမှ သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲတွင် ဂျိုကိုနှင့်ပရာဘိုဝိုတို့ ယှဉ်ပြိုင်ကြမည်




**ဂျကာတာ ဩဂုတ် ၁၀**

လာမည့်နှစ်ဧပြီလတွင် ကျင်းပမည့် အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲတွင် သမ္မတနေရာအတွက် လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် ယခင် အင်ဒိုနီးရှားတပ်ဖွဲ့ဗိုလ်ချုပ်ဟောင်းဖြစ်သူ ပရာဘိုဝိုဆူဘီယန်တိုတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း တရားဝင်ကြေညာခဲ့သည်။ သမ္မတ ဂျိုကိုဝီဒိုဒို၏ ငါးနှစ်သမ္မတသက်တမ်းမှာ ပြီးဆုံးတော့မည်ဖြစ်ပြီး မဲပေးပွဲအသစ် စတင်တော့မည်ဖြစ်သည်။

ကြာသပတေးနေ့က မြို့တော် ဂျကာတာ၌ ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင် လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒိုက ၎င်းသည် လူများစွာနှင့် တိုင်ပင်ပြီးနောက် ဒုတိယသက်တမ်းအတွက် ပြန်လည်တာဝန်ထမ်းဆောင်ရန် ရွေးကောက်ပွဲသို့ဝင်ရန် ဆုံးဖြတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ဂျိုကိုသည် ၎င်း၏ ဒုတိယသမ္မတလောင်းအဖြစ် အစ္စလာမ်ဘာသာရေးခေါင်းဆောင် မာရုပ်ဖ်အမင်ကို ရွေးချယ်ထားကြောင်းလည်း ကြေညာခဲ့သည်။

မာရုပ်ဖ်အမင်သည် အင်ဒိုနီးရှားနိုင်ငံ၏ အစ္စလာမ်အာဏာပိုင်အဖွဲ့တွင် အမြင့်ဆုံးဖြစ်သော အင်ဒိုနီးရှား အိုလ်လီမာကောင်စီမှ ဥက္ကဋ္ဌလည်းဖြစ်သည်။ ပရာဘိုဝိုသည်လည်း သတင်း စာရှင်းလင်းပွဲကျင်းပခဲ့ရာ အင်ဒိုနီးရှားနိုင်ငံ၏ ကြွယ်ဝချမ်းသာမှု အတွက် အကောင်းဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။

ပရာဘိုဝိုသည် ၎င်း၏ ဒုတိယသမ္မတလောင်းအဖြစ် ဂျကာတာ ဒုတိယအုပ်ချုပ်ရေးမှူး ဆန်ဒီရာဂါယူနိုကို ရွေးချယ်ထားသည်။ ရွေးကောက်ပွဲပြိုင်ပွဲဝင်များအတွက် စာရင်းပေးသွင်းခြင်း နောက်ဆုံးနေ့ရက်မှာ သောကြာနေ့ဖြစ်သည်။

ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုတွင် အဓိကဦးစားပေးရမည့် အကြောင်းအရာမှာ ဂျိုကိုဝီဒိုဒို၏ စီးပွားရေးမူဝါဒနှင့် တိုင်းပြည်အတွင်းဆင်းရဲမွဲတေမှုကို နှိမ်နင်းရန် ဆောင်ရွက်မှုများအကြောင်းဖြစ်ပြီး တရားဝင် မဲဆွယ်မှုစတင်မည့်ရက်မှာ စက်တင်ဘာ ၂၃ ရက်တွင် စတင်မည်ဖြစ်သည်။ ရွေးကောက်ပွဲ မှာ ဧပြီ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံတစ်ဝန်း မိုးတွင်းကာလ ရေကြီးမြေပြိုမှုကြောင့် လူ ၈၀၀ ခန့် သေဆုံး

**နယူးဒေလီ ဩဂုတ် ၁၀**

အိန္ဒိယနိုင်ငံတစ်ဝန်း မိုးတွင်းကာလရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ယင်းကြောင့် ဇွန်လနှောင်းပိုင်းမှစကာ အိန္ဒိယနိုင်ငံ၏ ပြည်နယ်ရှစ်ခုတွင် ယခုအချိန်ထိ လူ ၈၀၀ခန့် သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းခြင်းသည် အိန္ဒိယနိုင်ငံ တောင်ပိုင်းပြည်နယ်ဖြစ်သော ကီရာလာတွင် လွန်ခဲ့သည့် ဩဂုတ် ၈ ရက်ကတည်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဩဂုတ် ၉ ရက်အထိ လူပေါင်း ၂၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါပြည်နယ်၌ပင် ရေကြီးမှုကြောင့် ကိုးဦးပျောက်ဆုံးလျက်ရှိပြီး တခြားသူများမှာလည်း ၎င်းတို့၏ အိမ်များတွင် ခိုလှုံနေကြဆဲရှိသေးကြောင်း သိရသည်။ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးများကိုလည်း ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုများသည် ရက်ပေါင်းအတော်ကြာ အိန္ဒိယနိုင်ငံတစ်ဝန်း ဆက်လက်ဖြစ်ပွားနေဦးမည်ဖြစ်ကြောင်း ကြိုတင်ခန့်မှန်းထားသည်။ တောင်ကုန်းဆင်ခြေလျှောများနှင့် မြစ်ချောင်းကမ်းပါးများတွင် နေထိုင်သူများကို အန္တရာယ်ကင်းရာနေရာသို့ စောစီးစွာပြောင်းရွှေ့နေထိုင်ကြရန် အိန္ဒိယအစိုးရက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




## ၂၀၂၀ တွင် အာကာသတပ်ဖွဲ့ကို အမေရိကန် တည်ထောင်မည်

**ဝါရှင်တန် ဩဂုတ် ၁၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် အစိုးရက အာကာသအတွက် စစ်ဘက်ဆိုင်ရာ ဌာနသစ်တစ်ခုကို လာမည့် ၂၀၂၀ တွင် တည်ထောင်သွားရန် စီစဉ်ထားကြောင်း အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်က ဩဂုတ် ၉ ရက်တွင် ကာကွယ်ရေးဌာန၌ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ရုရှားနှင့် တရုတ်ကဲ့သို့သော နိုင်ငံများက အာကာသတွင်း ယှဉ်ပြိုင်မှုများ မြင့်တက်လာသည်နှင့်အညီ အာကာသအတွင်း အမေရိကန်တည်ရှိနေသည် ဆိုရုံလောက်ဖြင့် မလုံလောက်တော့ဘဲ အာကာသတွင်း လွှမ်းမိုးမှုရှိရေးကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း ထရန့်၏ ပြောကြားချက်ကို ကိုးကားပြီး မိုက်ပန့်က ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ယခုအချိန်သည် အမေရိကန်ပြည်ထောင်စုအတွက် အမေရိကန်အာကာသတပ်ဖွဲ့ကို တည်ဆောက်ရန် အကောင်းဆုံး အချိန်ကျရောက်လာပြီဖြစ်ကြောင်း မိုက်ပန့်က ဆိုသည်။

ပင်တဂွန်အနေဖြင့်လည်း တပ်ဖွဲ့သစ်တစ်ခုကို တည်ထောင်ပြီး လာမည့် ၂၀၂၀ တွင် ခြောက်ခုမြောက် စစ်ဘက်ဆိုင်ရာဌာနသစ်တစ်ခုအဖြစ် အဆင့်မြှင့်တင် အကောင်အထည်ဖော်ရန်လိုကြောင်း ပြောခဲ့သည်။

အမေရိကန်သမ္မတ ထရန့်သည် ဇွန်လတွင် အာကာသတပ်ဖွဲ့တစ်ဖွဲ့ကို တည်ထောင်ရန် ကာကွယ်ရေးဝန်ကြီးဌာနကို တိုက်ရိုက်ညွှန်ကြားခဲ့ကြောင်းလည်း သိရသည်။

လွန်ခဲ့သည့်နှစ်က ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ယခုအစီအစဉ်နှင့်ပတ်သက်ပြီး ပင်တဂွန်က ကာကွယ်ရေးအသုံးစရိတ် လျှော့ချနေသည့် အချိန်တွင် နောက်ထပ်တပ်ဖွဲ့သစ်တစ်ခုကို တည်ထောင်ရန်မှာ အချိန်မတိုင်သေးဟုဆိုကာ ငြင်းဆိုခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# လာအိုနိုင်ငံတွင် ရှစ်နှစ်အတွင်းဖြစ်ပွားသော သဘာဝဘေးအန္တရာယ်များကြောင့် သေဆုံးသူ ရာချီရှိ

ဗီယန်ကျင်း ဩဂုတ် ၁၀

**လာအိုနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်မှစကာ သဘာဝဘေးအန္တရာယ်များကြောင့် သေဆုံးသူ ၁၀၈ဦးအထိရှိခဲ့ပြီး အခြေခံအဆောက်အအုံနှင့် အခြားဆုံးရှုံးနစ်နာမှုများမှာ လာအိုငွေ ကစ်ပ် ၄၆၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၅ သန်း) ခန့်ရှိခဲ့ကြောင်း လာအိုနိုင်ငံ ဗီယန်ကျင်းသတင်းစာတွင် မကြာသေးမီက ဖော်ပြခဲ့သည်။**



သဘာဝဘေးအန္တရာယ်များတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ မီးဘေးအန္တရာယ်၊ ရောဂါဖြစ်ပွားခြင်းနှင့် ပိုးကျခြင်းစသည်တို့ပါဝင်ကြောင်း သိရသည်။

ကမ္ဘာ့ရာသီဥတု အပြောင်းအလဲများ၏ ဆိုးကျိုးများသည် တစ်နေ့တခြား ပိုမိုသိသာထင်ရှားလာရာ သဘာဝဘေးအန္တရာယ်များလည်း မကြာခဏဖြစ်ပွားလေ့ရှိကြောင်းနှင့် ယင်းက လာအိုနိုင်ငံ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အသက်အန္တရာယ်လုံခြုံမှုကို အန္တရာယ်ပြုလျက်ရှိကြောင်း သိရသည်။

လာအိုအစိုးရ အနေဖြင့်လည်း နှစ်စဉ်ဘဏ္ဍာငွေ အကုန်အကျခံကာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်နေရကြောင်း ဗီယန်ကျင်းသတင်းစာတွင် ဆက်လက်ဖော်ပြထားသည်။

ယခုနှစ်များတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေဘေးနှင့် မြေပြိုခြင်းတို့အပြင် အခြားသဘာဝဘေးအန္တရာယ်များလည်း ဖြစ်ပွားခဲ့ရာ လူပေါင်းများစွာ သေဆုံးဒဏ်ရာရခဲ့ကြောင်း သိရသည်။

၂၀၁၁ ခုနှစ်တွင် အပူပိုင်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ လူပေါင်း ၃၀ သေဆုံးခဲ့ပြီး ပြည်နယ်နှင့် မြို့ပေါင်း ၁၂ ခုတွင် လူပေါင်း ၅၀၀၀၀ ခန့် သဘာဝဘေးအန္တရာယ် ခံစားခဲ့ရကြောင်း၊ ၂၀၁၃ ခုနှစ်တွင်လည်း ရေကြီးရေလျှံ၊ မြေပြိုမှုများကြောင့် ၂၉ ဦးသေဆုံးခဲ့ပြီး လူပေါင်း ၃၅၀၀၀၀ ကပ်ဘေးသင့်ခဲ့ကြောင်း သိရသည်။

၂၀၁၈ခုနှစ်တွင်လည်း အပူပိုင်းမုန်တိုင်းအကြိမ်များစွာ တိုက်ခတ်ခဲ့ကြောင်း၊ ဇူလိုင် ၁၅ ရက်မှ ၂၂ ရက်အထိ မုန်တိုင်းဒဏ်သင့်သည့် ပြည်နယ်ပေါင်း ၁၁ခုရှိကြောင်း သိရသည်။

ထို့အပြင် မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့်လည်း ပြည်နယ်ကိုးခုတွင် ဆိုးဆိုးရွားရွား ရေဘေးသင့်ခဲ့ပြီး ရွာပေါင်း ၇၈၀ ရေနစ်မြုပ်ခဲ့ကာ ထောင်နှင့်ချီသော မိသားစုများ ရေဘေးယာယီခိုလှုံရေးစခန်းများတွင် ပြောင်းရွှေ့နေထိုင်ခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

# နိုင်ငံတကာ သတင်းတိုထွာ

## တောင် - မြောက်ကိုရီးယား နှစ်နိုင်ငံ အဆင့်မြင့်ဆွေးနွေးပွဲကို ဩဂုတ် ၁၃ ရက်တွင် ကျင်းပမည်

**ဆိုးလ် ဩဂုတ် ၁၀**

တောင်ကိုရီးယားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် အဆင့်မြင့်ဆွေးနွေးပွဲများကို ဩဂုတ် ၁၃ ရက်တွင် နယ်စပ်ငြိမ်းချမ်းရေးကျေးရွာ ပန်မွန်ဂျုံ၌ တွေ့ဆုံရန် ဩဂုတ် ၉ ရက်က သဘောတူခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ ပြန်လည်ပေါင်းစည်းရေး ဝန်ကြီးဌာနမှ သိရသည်။

ပန်မွန်ဂျုံကြေညာချက်ကို အကောင်အထည်ဖော်ရန် အဆင့်မြင့်ဆွေးနွေးပွဲကို ဩဂုတ် ၁၃ ရက်တွင် ပန်မွန်ဂျုံကျေးရွာရှိ မြောက်ကိုရီးယား အဆောက်အအုံဖြစ်သော တွန်ဂျယ်ဂက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံဘက်မှ အစောပိုင်းရက်များက ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့် မြောက်ကိုရီးယားနိုင်ငံ ခေါင်းဆောင် ကင်ဂျုံအန်းတို့သည် ဧပြီ ၂၇ ရက်က ပန်မွန်ဂျုံ၌ ပထမဆုံးထိပ်သီးအစည်းအဝေးပြုလုပ်ကာ လက်မှတ်ရေးထိုးခဲ့သည့် ကြေညာချက်ကို အကောင်အထည်ဖော်ရေး ဆွေးနွေးမှုများ ဆောင်ရွက်သွားရန် ကမ်းလှမ်းချက်ကို တောင်ကိုရီးယားနိုင်ငံဘက်က လက်ခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ရုရှားသူလျှိုဟောင်း အဆိပ်ဖြင့် လုပ်ကြံခံရမှုအတွက် အမေရိကန်၏ ပိတ်ဆို့မှုကို ရုရှား ပြစ်တင်ဝေဖန်

**မော်စကို ဩဂုတ် ၁၀**

ဗြိတိန်တွင် ရုရှားသူလျှိုဟောင်း အဆိပ်ဖြင့် အသတ်ခံရမှုအတွက် ရုရှားကို အမေရိကန်ကပိတ်ဆို့မှုများ ပြုလုပ်ခဲ့ရာ အဆိုပါ ပိတ်ဆို့မှုအတွက် ရုရှားအရာရှိများက တုံ့ပြန်ဝေဖန်ခဲ့သည်။

အမေရိကန်က ရုရှားအပေါ်ပိတ်ဆို့မှုများ ပြုလုပ်လိုက်သည်ဟုကြေညာခဲ့ပြီးနောက် ရုရှားငွေကြေးနှင့်စတော့ရှယ်ယာဈေးများ ကျဆင်းခဲ့သည်။

အမေရိကန်မှ ပိတ်ဆို့မှုပြုလုပ်ထားသော်လည်း ရုရှားဘဏ္ဍာရေးစနစ်မှာ တည်ငြိမ်မှုရှိကြောင်း ကရင်မလင်မှပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီ ပက်စ်ကော့ဗ်က ကြာသပတေးနေ့က ကြေညာခဲ့သည်။

ရုရှားမှာ အဆိပ်ခတ်လုပ်ကြံမှုတွင် ပါဝင်ခဲ့ခြင်းမရှိကြောင်း၊ အမေရိကန်၏ ပိတ်ဆို့မှုမှာ အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်ရာရောက်ပြီး လက်ခံနိုင်ဖွယ်မရှိကြောင်း ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ပြီးခဲ့သည့်လက အမေရိကန်နှင့် ရုရှားခေါင်းဆောင်တို့ တွေ့ဆုံခဲ့ကြရာ ခိုင်မာသည့်ရင်းနှီးမှုတည်ဆောက်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်ဆဲဖြစ်ကြောင်း ပက်စ်ကော့ဗ်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ယီမင်ပြည်တွင်းစစ်က ပြည်သူတွေကို မြေစာပင်ဘဝရောက်စေ

**တင်လင်းအောင်**

**ဆော်ဒီ ဦးဆောင်တဲ့မဟာမိတ်တပ်ဖွဲ့ဟာ ၂၀၁၅ ခုနှစ်မှစပြီး ယီမင်မှာ စစ်ဆင်ရေးဆင်နွှဲလာတာ သုံးနှစ်ကျော်ကာလထဲကို ချင်းနင်းဝင်ရောက်လာခဲ့ပြီဖြစ်ပါတယ်။ သူတို့ဟာ ယီမင်မြို့တော်နဲ့ ပြည်နယ်အတော်များများကို ထိန်းချုပ်ထားတဲ့ သူပုန်တွေကိုပြန်လည်တိုက်ထုတ်ဖို့ အစိုးရကို ကူညီနေတဲ့အဖွဲ့လည်း ဖြစ်ပါတယ်။ ယီမင်စစ်ပွဲသုံးနှစ်ကျော် ကြာလာခဲ့တာနဲ့အမျှ လူပေါင်း ၁၀၀၀၀၀ နီးပါး သေဆုံးခဲ့ရပါတယ်။ သေဆုံးသူအများစုမှာ အရပ်သားတွေဖြစ်ကြပါတယ်။ ထို့အတူ ဒဏ်ရာရသူပေါင်း ၅၅၀၀၀ဦးမက ရှိခဲ့ပါတယ်။ လူပေါင်း ၂၂၀၀ကျော်ဟာ ကာလဝမ်းရောဂါကြောင့်သေဆုံးခဲ့ပြီး ယီမင်နိုင်ငံရဲ့တချို့ဒေသတွေဟာဆိုရင် အငတ်ဘေးတောင် ဆိုက်ရောက်နေပါတယ်။**

### ဆော်ဒီလေကြောင်း တိုက်ခိုက်မှု

ယီမင်မြို့တော် ဆာနားနဲ့ ယီမင်ရဲ့ဒေသ အတော်များများ ရှီးယိုက်ဟူသီသူပုန်တွေရဲ့ လက်တွင်းသက်ဆင်းပြီး ခြောက်လ အကြာမှာ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်အဖွဲ့ဟာ ၂၀၁၅ မတ်လမှစပြီး ရှီးယိုက်ဟူသီသူပုန်တွေကို လေကြောင်းတိုက်ခိုက်မှုတွေ လုပ်ခဲ့ပါတယ်။

မဟာမိတ်တပ်ဖွဲ့ဟာ ယီမင်သမ္မတ အဘီဒရာဘိုမန်ဆောဟာဒီကို ကာကွယ်ပေးပြီး သူ့ကို နိုင်ငံတကာ အသိအမှတ်ပြု အစိုးရတစ်ရပ်ဖြစ်ပေါ်စေရေး ဆောင်ရွက်ပေးချင်တဲ့ဆန္ဒ ရှိပါတယ်။

မဟာမိတ်တပ်ဖွဲ့တွေ ယီမင်ကို စတင်အခြေချဝင်ရောက်လာတဲ့ အချိန်ကတည်းက ပထမဆုံးအကြိမ် အောင်မြင်မှုအဖြစ် အစိုးရတပ်ဖွဲ့တွေဟာ ယီမင်နိုင်ငံရဲ့ တောင်ပိုင်းပြည်နယ် အေဒင်ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ကြောင်း ဇူလိုင်လမှာ ဟာဒီက ကြေညာခဲ့ပါတယ်။

ယီမင်နိုင်ငံရဲ့ မြို့တော် ဆာနားကို ဆုံးရှုံးနေတဲ့ အခြေအနေမှာရှိသေးတဲ့အတွက် အေဒင်ကိုပဲ ယီမင်နိုင်ငံရဲ့ အုပ်ချုပ်ရေးမြို့တော်အဖြစ် သတ်မှတ်ခဲ့ပါတယ်။

၂၀၁၅ ဩဂုတ်လလယ်လောက်မှာ အစိုးရဩဇာခံတပ်ဖွဲ့တွေဟာ တောင်ပိုင်းပြည်နယ် ငါးခုကို ပြန်လည်ရယူနိုင်ခဲ့ပါတယ်။

အောက်တိုဘာလမှာ အစိုးရတပ်ဖွဲ့တွေဟာ ကမ္ဘာ့အစည်ကားဆုံး သင်္ဘောလမ်းကြောင်း တစ်ခုဖြစ်တဲ့ ဘာ့ဗ်အယ်လ်မန်ဒပ် ရေလက်ကြားကို သိမ်းယူနိုင်ခဲ့ပါတယ်။

### သူပုန်တွေ သမ္မတဟောင်းကို သတ်လိုက်ပြီ

၂၀၁၇ ခုနှစ်မှာ သူပုန်အုပ်စုအတွင်း အကွဲအပြဲဖြစ်ပေါ်ခဲ့ပါတယ်။ အဲလိုအကွဲအပြဲဖြစ်ပေါ်ခဲ့တဲ့ရလဒ်က နောက်ဆုံးမှာ ဟာဒီရဲ့နောင်တော် အရင်ယီမင်သမ္မတ အလီအဗ္ဗဒူလာ ဆာလေကို လုပ်ကြံသတ်ဖြတ်တဲ့အထိ ဖြစ်ပွားခဲ့ပါတယ်။ သမ္မတဟောင်း အလီအဗ္ဗဒူလာ ဆာလေကို ဒီဇင်ဘာလမှာ ဟူသီသူပုန်တွေက လုပ်ကြံသတ်ဖြတ်ခဲ့ကြတာ ဖြစ်ပါတယ်။

ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလေ၊ သူ့ရဲ့တူဖြစ်သူ တာရက်ခ်၊ ဆွေမျိုးတွေနဲ့ ဆာလတ်ပါတီအထွေထွေအတွင်းရေးမှူးတို့ကို ဟူသီသူပုန်တွေက သတ်ဖြတ်ခဲ့တယ်ဆိုတဲ့သတင်းကို သတင်းမီဒီယာတွေမှာ လွှန်ခဲ့တဲ့လ အတော်ကြာက ဖော်ပြခဲ့ကြပါတယ်။ ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာ ဆာလေနဲ့ သူ့ရဲ့ပါတီလက်ထောက်အတွင်းရေးမှူး ယာဇာအယ်လ်အာဝါဒီတို့ဟာ ဆာနားမြို့အစွန်အဖျား အရှေ့တောင်ဘက်ရှိ ခွာလန်ခရိုင်ကိုဖြတ်ကာ ဆော်ဒီကျောထောက်နောက်ခံအစိုးရ ထိန်းချုပ်ထားတဲ့ မာရစ်ဘ်ပြည်နယ်ဘက်ကို ထွက်ပြေးဖို့ ကြိုးစားနေချိန်မှာပဲ ဟူသီသူပုန်တွေက သတ်ဖြတ်လိုက်တာ ဖြစ်ပါတယ်။ ဒီလိုပဲ ဆာလတ်ပါတီ အထွေထွေအတွင်းရေးမှူးဖြစ်တဲ့ အာရစ်ဖ် အယ်လ်ဇူလည်း ဆာနားမြို့မှာပဲ အသတ်ခံခဲ့ရပါတယ်။ ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာ ဆာလေရဲ့တူဖြစ်သူ တာရက်ခ်ကတော့ မြို့တော်ဆာနားက ဟက်ဒက်ရပ်ကွက်မှာရှိတဲ့ သူ့ရဲ့ အိမ်မှာ သတ်ဖြတ်ခံလိုက်ရတာပါ။

> "စစ်ပွဲမှာ အထိနာသူတွေကတော့ ပြည်သူတွေပါ။ ပြည်သူတွေထဲမှာတောင်မှ ကလေးငယ်တွေဟာ စစ်ပွဲရဲ့ဒဏ်ကို ကြီးကြီးမားမားပေးဆပ်ခံနေရတဲ့သူတွေ ဖြစ်ပါတယ်"

မြို့တော်အပါအဝင် နိုင်ငံမြောက်ပိုင်းနေရာအတော်များများကို ထိန်းချုပ်နိုင်ဖို့ ဟူသီသူပုန်တွေက နှစ်ပေါင်းအတော်ကြာအောင် လုပ်ဆောင်လျက်ရှိပါတယ်။ ဆော်ဒီအာရေဗျမဟာမိတ်ညွှန့်ပေါင်းအဖွဲ့ဟာ ဟူသီတွေကို နှိမ်နင်းဖို့ ကြိုးစားပေမယ့်လည်း အလုံးစုံတော့ မအောင်မြင်သေးပါဘူး။ အခုဆိုရင် ဟူသီသူပုန်တွေဟာ ယီမင်မှာ ပိုမို အင်အားကြီးလာကြပါတယ်။

ဟူသီသူပုန်တွေဟာ ယီမင်နိုင်ငံရဲ့ မြို့တော်ကို အမိအရဖမ်းဆုပ်ထားပြီး အင်အားချဲ့ထွင်ဖို့ ကြိုးစားနေပါတယ်။ အဲဒီအချိန်မှာပဲ အစိုးရတပ်ဖွဲ့တွေအတွင်းမှာ သဘောထားမတိုက်ဆိုင်မှုတွေ ဖြစ်ပေါ်လာခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာပဲ တောင်ပိုင်းခွဲထွက်ရေးသမားတွေနဲ့ ဟာဒီအစိုးရသစ္စာခံတပ်တွေကြား ပြင်းထန်တဲ့ ပဋိပက္ခတွေပေါ်ပေါက်လာခဲ့ပါတယ်။

### ဒုံးကျည်တိုက်ခိုက်မှုတွေ

၂၀၁၇ ခုနှစ် နိုဝင်ဘာလကစပြီး သူပုန်တွေဟာ အိမ်နီးချင်း ဆော်ဒီအာရေဗျမှာ ဒုံးကျည်တိုက်ခိုက်မှုတွေကို အရှိန်အဟုန်ပြင်းပြင်း ဆောင်ရွက်နေပါတယ်။ ဆော်ဒီအာရေဗျက သူ့ရဲ့ မဟာရန်သူတော်ကြီးဖြစ်တဲ့ အီရန်ဟာ သူပုန်တွေကို လက်နက်တွေထောက်ပံ့ပေးနေတယ်ဆိုပြီး စွပ်စွဲခဲ့ပါတယ်။ ဒါပေမယ့်လည်း အဲဒီစွပ်စွဲချက်ကို အီရန်က ငြင်းဆိုခဲ့ပါတယ်။

၂၀၁၈ခုနှစ် မတ်လတစ်လတည်းမှာပဲ စုစုပေါင်း ဒုံးကျည် ခုနှစ်စင်းတိုက်ခိုက်ခံခဲ့ရပါတယ်။ ဇွန် ၉ ရက်မှာ ဆော်ဒီနိုင်ငံတောင်ပိုင်း ဂျီဆန်ဒေသမှာ သူပုန်တွေရဲ့ဒုံးကျည်ကြောင့် အရပ်သားသုံးဦး သေဆုံးခဲ့ပါတယ်။

အာရပ်စော်ဘွားများပြည်ထောင်စု ပါဝင်တဲ့ ညွန့်ပေါင်းမဟာမိတ်အဖွဲ့က သူပုန်တွေဟာ စုစုပေါင်း ဒုံးကျည် ၁၆၅ စင်း ပစ်ခတ်ခဲ့တယ်လို့ ဆိုပါတယ်။

### ဆိပ်ကမ်းမြို့ကိုစစ်ချီခြင်း

ဟူသီသူပုန်တွေကို တိုက်ခိုက်ရင်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ အစိုးရတပ်ဖွဲ့တွေဟာ ရန်သူ့ခံစစ်ကို ထိုးဖောက်ဝင်ရောက်ပြီး ဆိပ်ကမ်းမြို့တော် ဟူဒေဒါကို ပြန်လည်သိမ်းပိုက် အောင်မြင်ခဲ့ပါတယ်။

ဟူဒေဒါဆိပ်ကမ်းမြို့ဟာ အစားအစာနဲ့အကူအညီတွေ အများဆုံးဝင်ရောက်တဲ့ ဆိပ်ကမ်းမြို့လေးဖြစ်ပါတယ်။ အဲဒီမြို့လေးဟာ သူပုန်တွေလက်ထဲကို ၂၀၁၄ခုနှစ်ကတည်းက ကျရောက်ခဲ့တာဖြစ်ပါတယ်။ သူပုန်တွေအနေနဲ့ ယီမင်နိုင်ငံရဲ့မြို့တော် ဆာနားကိုသိမ်းပိုက်ပြီး သိပ်မကြာခင်မှာပဲ ဟူဒေဒါဆိပ်ကမ်းမြို့ဟာ အလွယ်တကူနဲ့ ရန်သူ့လက်ထဲကို ကျရောက်ခဲ့တာဖြစ်ပါတယ်။

အစိုးရတပ်ဖွဲ့ဟာ ၎င်းရဲ့ ထိုးစစ်ကို အရှိန်မြှင့်လိုက်ပြီး ဧပြီလမှာပဲ သူပုန်ဘက်က ဒုတိယတိုင်းမှူး အဆင့်ရှိ ကွပ်ကဲရေးမှူးတစ်ဦးဖြစ်သူ ဆာလေအယ်လ်ဆမ်မက်ဟာ ညွန့်ပေါင်းမဟာမိတ်အဖွဲ့ရဲ့ လေကြောင်း ဗုံးကြဲတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ပါတယ်။

ဇွန် ၁၃ ရက်ကလည်း ဆော်ဒီတပ်ဖွဲ့တွေ နောက်ခံအင်အားပြုထားတဲ့ အစိုးရတပ်ဖွဲ့ဟာ ဟူဒေဒါ ဆိပ်ကမ်းမြို့ကို ထိုးစစ်ဆင်နွှဲခဲ့ကြပါတယ်။ ဇွန် ၂၀ ရက်ကလည်း အစိုးရတပ်ဖွဲ့ဟာ တောင်ဘက်ဆင်ခြေဖုံးရှိ ဟူဒေဒါ ဆိပ်ကမ်းမြို့လေဆိပ်ကို ထိန်းချုပ်နိုင်ခဲ့ပြီလို့ ပြောခဲ့ပါတယ်။

### အထိနာသူတွေက ပြည်သူတွေဖြစ်

စစ်ပွဲမှာ အထိနာသူတွေကတော့ ပြည်သူတွေပါ။ ပြည်သူတွေထဲမှာတောင်မှ ကလေးငယ်တွေဟာ စစ်ပွဲရဲ့ဒဏ်ကို ကြီးကြီးမားမား ပေးဆပ်ခံနေရတဲ့သူတွေဖြစ်ပါတယ်။ ညွန့်ပေါင်းမဟာမိတ်တပ်တွေရဲ့ ထိုးစစ်ဆင်နွှဲမှုတိုင်းမှာ အရပ်သားသေဆုံးမှုတွေ အများကြီးဖြစ်ခဲ့ပါတယ်။

ညွန့်ပေါင်း မဟာမိတ်တပ်တွေကတော့ သူတို့မှာ တာဝန်မရှိဘူးလို့ ငြင်းဆိုခဲ့ပါတယ်။

၂၀၁၆ ခုနှစ် အောက်တိုဘာလကလည်း ညွန့်ပေါင်းမဟာမိတ်တပ်ဖွဲ့တွေ ဆာနားရှိ ဈာပနတစ်ခုကို လေကြောင်း တိုက်ခိုက်မှုပြုလုပ်ခဲ့လို့ လူပေါင်း ၁၄၀ ခန့် သေဆုံးခဲ့ပါတယ်။ အမှားအယွင်း ပေါင်းများစွာရှိတဲ့ ညွန့်ပေါင်းမဟာမိတ် တပ်ဖွဲ့တွေဟာ တချို့စွပ်စွဲချက်တွေကိုတော့ ဝန်ခံခဲ့ပြီး သူပုန်တွေဟာ အရပ်သားတွေကို လူသားဒိုင်းတွေအဖြစ် အသုံးပြုခဲ့ကြတယ်လို့ စွပ်စွဲခဲ့ပါတယ်။

ဇူလိုင်လကလည်း လူ့အခွင့်အရေးချိုးဖောက်မှုတွေ အာရပ်စော်ဘွားများပြည်ထောင်စုက ကမကထပြုထားတဲ့ ယီမင်အကျဉ်းထောင်တွေမှာ အတော်များများဖြစ်ပေါ်နေပြီး ယင်းက စစ်ရာဇဝတ်မှုတွေ မြင့်တက်စေနိုင်တဲ့ အကြောင်းရင်းဖြစ်တယ်လို့ ပြောဆိုမှုကို အဘူဒါဘီကတော့ ငြင်းဆိုလိုက်ပါတယ်။

နိဂုံးချုပ်ဆိုရမယ်ဆိုရင် ယီမင်ပြည်တွင်းစစ်ဟာ အချိန်ကာလကြာညောင်းလာပေမယ့်လည်း ပြီးဆုံးမယ့်လက္ခဏာ မတွေ့ရသေးဘဲ ဆက်လက်ပြီးတော့ ဖြစ်နေဦးမယ့်သဘော ရှိပါတယ်။

အစိုးရတပ်ဖွဲ့ဟာ နိုင်ငံရဲ့ နေရာအတော်များများကို သိမ်းပိုက်ဖို့ ကျန်နေသေးသလို သူပုန်တပ်ဖွဲ့တွေကလည်း လွယ်လွယ်နဲ့ ဆုတ်ခွာပေးမှာ မဟုတ်ပါဘူး။

ဒီအခြေအနေတွေဟာ ပြည်သူတွေကို မြေစာပင်ဘဝရောက်စေဦးမယ့်သဘောပဲဆိုတာ တင်ပြလိုက်ရပါတယ်။ ။ **ကိုးကား-အေအက်ဖ်ပီ**



# ရေစီမံခန့်ခွဲမှုနည်းပညာများနှင့် စင်ကာပူနိုင်ငံ

● နိုင်အောင် (Conqueror)

**သေးငယ်သော ကျွန်းနိုင်ငံလေးဖြစ်သော်လည်း တိုးတက်ဖွံ့ဖြိုး ငြိမ်းချမ်းသာယာ လုံခြုံစိတ်ချရသော နိုင်ငံ။ ကမ္ဘာ့သမိုင်းဝင် မှတ်တမ်းတစ်ခုဖြစ်သည့် ကမ္ဘာ့ထိပ်သီး ခေါင်းဆောင်နှစ်ဦး (အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်း) တို့ နှစ်ဦး သဘောတူရွေးချယ်တွေ့ဆုံဆွေးနွေးခဲ့ရာ နိုင်ငံ။ တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ ဖိလစ်ပိုင် စသည့် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ကိုးကွယ်သူများ ငြိမ်းချမ်းချစ်ကြည်စွာ အတူယှဉ်တွဲနေထိုင်သော မြို့နိုင်ငံ။ နိုင်ငံ၏ သဘာဝသယံဇာတ နည်းပါးလွန်း၍ ရေကိုပင် အိမ်နီးချင်း မလေးရှားနိုင်ငံမှ ဝယ်ယူသုံးစွဲနေရသော နိုင်ငံ။ သယံဇာတနည်းပါးသော်လည်း စီမံခန့်ခွဲမှုနှင့် စနစ်စည်းကမ်းကောင်းများကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်း ကဏ္ဍမျိုးစုံ တိုးတက်ဖွံ့ဖြိုးပြီး ကမ္ဘာက အသိအမှတ်ပြုလေးစားရသည့် နိုင်ငံ။ ဤနိုင်ငံအား စိတ်ဝင်စားခြင်း၊ လေ့လာလိုခြင်း၊ လည်ပတ်လိုခြင်းဆန္ဒများ ရှိနေပေရာ အကြောင်းသင့်၍ ဇူလိုင်လအတွင်း သွားရောက်ခွင့်၊ လေ့လာလည်ပတ်ခွင့် ရရှိခဲ့ပါသည်။**

စင်ကာပူနိုင်ငံမှ TFIWLP (Temasek Foundation International Water Leadership Programme) ၂၀၁၈ အစီအစဉ်သို့ ပါဝင်တက်ရောက်သင်ယူဆွေးနွေးရန် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်တစ်ဦးအဖြစ် ရွေးချယ်ခေါ်ယူ စေလွှတ်ခဲ့ရခြင်းကြောင့် ဖြစ်ပါသည်။ TFIWLP ၂၀၁၈ တွင် နိုင်ငံ ၁၃ နိုင်ငံ (မြန်မာ၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘူတန်၊ နီပေါ၊ ကာဇက်စတန်၊ မွန်ဂိုလီးယား) မှ လူမျိုးစုံ ၃၃ ဦး ပါဝင်ကြပြီး မြန်မာနိုင်ငံမှ စာရေးသူ အပါအဝင်လေးဦး ပါဝင်ခဲ့သည်။




**“အမှန်တကယ်တွင် စင်ကာပူနိုင်ငံသည် ရေသယံဇာတ ကိုယ်ပိုင် လုံလောက်စွာရှိသည့် နိုင်ငံမဟုတ်ပေ။ နိုင်ငံ၏ တစ်နေ့တာ အိမ်သုံး၊ လုပ်ငန်းသုံး၊ ရေလိုအပ်ချက် ဂါလန်သန်း ၄၀၀ ခန့်ကို လုံလောက်စွာ ဖြန့်ဝေပေးနိုင်ရေး၊ ဖြန့်ဝေပေးသော ရေမှာလည်း အရည်အသွေးပြည့်ဝ ကြည်လင်သန့်ရှင်းသည့်ရေ ဖြစ်စေရေးကို စီမံဆောင်ရွက်ရသည်မှာ လွယ်ကူလှသည်တော့ မဟုတ်ပါ။ သို့သော် PUB သည် ဤလုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်”**

**အတုယူ အားကျစရာ**

စင်ကာပူနိုင်ငံ၏ နာမည်ကျော်တက္ကသိုလ် NUS (National University of Singapore)၏ Lee Kuan Yew Public Policy School တွင် နှစ်ပတ်ကြာ (ဇူလိုင် ၈ မှ ၂၀ ရက်အထိ) တက်ရောက်သင်ယူ ဆွေးနွေးခွင့်ရ၍ လေ့လာသိရှိခဲ့ရသည်များ အထူးသဖြင့် လူသားများအတွက် ရှင်သန်နေထိုင်ရန် မရှိမဖြစ် အရေးပါသော ရေကို စင်ကာပူနိုင်ငံတွင် အခက်အခဲများကြားမှ နည်းလမ်းအမျိုးမျိုးဖြင့် စီမံခန့်ခွဲ၍ နိုင်ငံသားများ အဆင်ပြေစိတ်ချမ်းသာ၍ အန္တရာယ်ကင်းစွာ ရယူသုံးစွဲနိုင်ရေးအတွက် အောင်မြင်စွာ စီစဉ်ဆောင်ရွက်နေမှုများသည် စိတ်ဝင်စားစရာ အတုယူအားကျစရာဖြစ်၍ ဤဆောင်းပါးဖြင့် ပြန်လည်မျှဝေရေးသားခြင်း ဖြစ်သည်။

TFIWLP အစီအစဉ်မှာ တစ်နှစ် တစ်ကြိမ် နိုင်ငံတကာမှ ရေနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာအရာရှိများ၊ ပြင်ပကုမ္ပဏီမှ ပညာရှင်များ၊ NGO ၊ INGO အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်၊ မြို့တော်ဝန်စသည့် နိုင်ငံရေး ဦးဆောင်ပုဂ္ဂိုလ်များအား ပညာသင်ဆုပေး၍ ခေါ်ယူစုစည်းပြီး စင်ကာပူနိုင်ငံ၏ ရေစီမံခန့်ခွဲမှု၊ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းခြင်း၊ ရေသန့်စင်မှု၊ ထိန်းသိမ်းမှုဆိုင်ရာလုပ်ငန်းများ၊ အဆောက်အအုံများကို လေ့လာစေခြင်း၊ မိမိတို့နိုင်ငံအသီးသီး၏ ရေစီမံခန့်ခွဲမှု အခြေအနေများကို အပြန်အလှန်ဖလှယ်ကြရင်း ပိုမိုတိုးတက်ဖွံ့ဖြိုးစေရေးအတွက် အသိအမြင်များ ဆွေးနွေးစေခြင်းတို့ ဆောင်ရွက်စေရင်း အာရှနိုင်ငံများ၏ ရေစီမံခန့်ခွဲရေးဆိုင်ရာ ဦးဆောင်မှု အရည်အသွေးများကို ပိုမိုမြှင့်တင်ပေးရန် ရည်ရွယ်ဆောင်ရွက်ခြင်းလည်း ဖြစ်သည်။ နိုင်ငံတကာမှ ပညာသင်ဆု လျှောက်ထားနိုင်သော်လည်း အာရှနိုင်ငံများကိုသာ ပညာသင်စရိတ် ထောက်ပံ့သည်ဖြစ်၍ အာရှနိုင်ငံများမှ သင်တန်းသားများသာ ပါဝင်တက်ရောက်သည်ကို တွေ့ရှိခဲ့ရသည်။

နှစ်ပတ်ကြာ သင်ကြားဆွေးနွေးဖလှယ်ကြသည့် အကြောင်းအရာများမှာ ရေကဏ္ဍအတွက် ကောင်းသောလုပ်ထုံးလုပ်နည်း အလေ့အကျင့်များ၊ မြို့ပြပတ်ဝန်းကျင်ရှိ ရေ၏အရေးပါမှု အခန်းကဏ္ဍ၊ ရေကဏ္ဍတွင် မူဝါဒပြောင်းလဲခြင်း၏ ဦးဆောင်မှု၊ ရေရှားပါးခြင်းမှသည် စဉ်ဆက်မပြတ် လုံလောက်စေမှု ရာသီဥတုပြောင်းလဲခြင်းကြောင့် ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ်များအား သိရှိကာကွယ်နိုင်ရေး၊ စင်ကာပူနိုင်ငံ၏ ရေအရင်းအမြစ် စီမံခန့်ခွဲမှု၊ စိတ်ချယုံကြည်ရသော သောက်ရေဖြန့်ဝေနိုင်အောင်ဆောင်ရွက်မှု၊ ရေပေးဝေရေးကဏ္ဍတွင် ပုဂ္ဂလိကကုမ္ပဏီများနှင့် အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် (PPP) အစီအစဉ်များ၊ ရေရရှိရေးဆိုင်ရာ စီမံကိန်းများအတွက် စီးပွားရေးနှင့် ဘဏ္ဍာရေးအခြေအနေ ခွဲခြမ်းစိတ်ဖြာလေ့လာမှု၊ ရေဖိုးအခွန်အခ ကောက်ယူပုံနည်းစနစ်များ၊ ဆင်းရဲသူများအတွက် ရေဖိုးမျှဝေထောက်ပံ့မည့် အစီအစဉ်များ၊ ရေ၊ စွမ်းအင်နှင့်အစားအစာကဏ္ဍများ ဆက်နွှယ်ချိတ်ဆက်နေပုံ၊ ကျေးလက်ရေကဏ္ဍ၊ အာရှတစ်ခွင်ရှိ ရေကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများ၊ အချက်အလက်ခွဲခြမ်းစိတ်ဖြာ သုံးသပ်ပညာများအပြင် စင်ကာပူနိုင်ငံတွင် ရေကဏ္ဍ၌ လက်ရှိစီစဉ်ဆောင်ရွက်ထားမှုများ၊ ပိုမိုစနစ်ကျအောင် ခေတ်မီနည်းပညာဖြင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို စာတွေ့သင်ကြားခြင်း၊ မေးခွန်းများ ဖြေကြားခြင်း၊ နိုင်ငံအလိုက် အခြေအနေအရ ဆွေးနွေးဖလှယ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးတင်ပြခြင်း၊ တစ်ဦးချင်း ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြပြီး စင်ကာပူနိုင်ငံ၏ ရေပေးဝေမှုနှင့် ပတ်သက်သော အဆောက်အအုံများ၊ စက်ရုံများ၊ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ စီမံကိန်းများသို့ လက်တွေ့သွားရောက်လေ့လာကြည့်ရှုခဲ့ရသည့်အပြင် စင်ကာပူနိုင်ငံတကာ ရေ ရက်သတ္တပတ်(Singapore International Water Week) ဖွင့်ပွဲနှင့် ပြပွဲများကိုလည်း တက်ရောက်လေ့လာခွင့် ရရှိခဲ့သည်။

**စီမံဆောင်ရွက်**

စင်ကာပူနိုင်ငံ၏ ရေစုဆောင်းရယူခြင်း၊ ဖြန့်ဝေခြင်း၊ စီမံခန့်ခွဲခြင်း ကဏ္ဍများအားလုံးကို PUB (Public Utilities Board) မှ စီမံဆောင်ရွက်ခြင်းဖြစ်ပြီး ၎င်းဘုတ်အဖွဲ့သည် ပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ် ဝန်ကြီးဌာနအောက်တွင် ဖွဲ့စည်းထားရှိသည်။ PUB ဘုတ်အဖွဲ့သည် စင်ကာပူ ပြည်သူလူထုအတွက် သန့်စင်စိတ်ချရသော အရည်အသွေးမီ ရေကို ၂၄ နာရီ ရရှိသုံးစွဲနိုင်ရန် စီမံဆောင်ရွက်ဖြန့်ဝေပေးသည်။

အမှန်တကယ်တွင် စင်ကာပူနိုင်ငံသည် ရေသယံဇာတ ကိုယ်ပိုင် လုံလောက်စွာရှိသည့်နိုင်ငံမဟုတ်ပေ။ နိုင်ငံ၏ တစ်နေ့တာ အိမ်သုံး၊ လုပ်ငန်းသုံး၊ ရေလိုအပ်ချက် ဂါလန် သန်း ၄၀၀ ခန့်ကို လုံလောက်စွာ ဖြန့်ဝေပေးနိုင်ရေး၊ ဖြန့်ဝေပေးသော ရေမှာလည်း အရည်အသွေးပြည့်ဝ ကြည်လင်သန့်ရှင်းသည့်ရေ ဖြစ်စေရေးကို စီမံဆောင်ရွက်ရသည်မှာ လွယ်ကူလှသည်တော့ မဟုတ်ပါ။ သို့သော် PUB သည် ဤလုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်။

စင်ကာပူနိုင်ငံတွင် ဖြန့်ဝေသုံးစွဲရန်ရေကို ရေရယူရေးနည်းလမ်းလေးခုဖြင့် စုဆောင်းရယူပါသည်။ မိမိနိုင်ငံအတွင်းမှ စုစည်းရရှိသောရေ၊ ပြင်ပနိုင်ငံ (မလေးရှား) မှ ဝယ်ယူရရှိသောရေ၊ သုံးစွဲပြီးရေကို ပြန်လည်သန့်စင်ရရှိသောရေ၊ ပင်လယ်ရေကို သန့်စင်ပြီး ရရှိသောရေ စသည့် နည်းလမ်းမျိုးစုံဖြင့် စုဆောင်းရယူပြီးမှ ပြည်သူများအတွက် လိုအပ်သော ရေပမာဏကို ပြည့်မီအောင် ပေးဝေနိုင်ခြင်းဖြစ်သည်။

**ဖြန့်ဝေပေးနိုင်ရေး လျာထား**

လက်ရှိအချိန်တွင် သုံးစွဲပြီးရေကို ပြန်လည်သန့်စင်ရရှိသော ရေ (Recycle Water) ကို ရေပေးဝေမှု၏ ၃၀ ရာခိုင်နှုန်းခန့်နှင့် ပင်လယ်ရေကို သန့်စင်ပြီး ရရှိသောရေ (Desallination Water) ကို ၁၀ ရာခိုင်နှုန်းခန့် ရေဖြန့်ဝေရေးစနစ်တွင် ပေးဝေနေပြီး ၂၀၆၀ တွင် ၅၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းအထိ ရရှိဖြန့်ဝေပေးနိုင်ရေး လျာထားစီစဉ်ဆောင်ရွက်နေကြောင်း သိရှိရလေသည်။

မလေးရှားနိုင်ငံမှ ဝယ်ယူနေရသော ရေဝယ်ယူမှု စာချုပ်သက်တမ်းသည် ၂၀၆၁ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ပြီး စာချုပ်သက်တမ်း မကုန်ဆုံးမီမှာလည်း နိုင်ငံရေးမူဝါဒ အနေအထားအရ ဈေးနှုန်းတိုးမြှင့်ခြင်း စာချုပ်ပြန်လည် ညှိနှိုင်းခြင်း အခြေအနေမျိုးရှိနိုင်၍ အမြဲပုံမှန်ရရှိနိုင်မည်ဟု ယုံကြည်ယူဆ၍မရသော အခြေအနေ ဖြစ်လေသည်။

ပြန်လည်သန့်စင်ရေ (Recycle Water) ကို ဒေသအခေါ် ရေသစ် (New water) အမည်ဖြင့် သောက်နိုင်သည့် အဆင့်ရောက်အောင် ပြုပြင်သန့်စင်ထားသည်ဟု ဆိုသော်လည်း မိမိသုံးပြီး စွန့်ပစ်ရေကို ပြန်သောက်ရန်အတွက်မှာမူ လူသားတို့၏ စိတ်ခံစားမှု အခြေအနေအရ အများစုအတွက် ခက်ခဲနေပါသေးသည်။ ပင်လယ်ရေမှ ရေသန့်ပြုလုပ်သည့် လုပ်ငန်းစဉ်မှာ လျှပ်စစ်သုံးစွဲမှု များပြားသောကြောင့် တန်ဖိုးကြီးမားသည်။ ထုတ်လုပ်မှုစရိတ်အရ ပင်လယ်ရေသန့်သည် စွန့်ပစ်ရေသန့်ထက် နှစ်ဆခန့် ပိုမိုကုန်ကျသည်ကို သိရှိရပါသည်။ PUB သည် ရေသန့်စင်ခြင်း လုပ်ငန်းများ၊ ရေပေးဝေခြင်းလုပ်ငန်းများကို ပြင်ပကုမ္ပဏီများနှင့် ပူးပေါင်း၍ Public Private Partnership (PPP)စနစ်ဖြင့် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည့်အပြင် ABC (Active, Beautiful, Clean Water Programme) အစီအစဉ်များဖြင့် စင်ကာပူနိုင်ငံအတွင်းမှ မြစ်ချောင်းများ သန့်စင်ခြင်း၊ သဘာဝအလှအပ အခြေအနေကို ထိန်းသိမ်းခြင်း၊ လှပသောပန်းဥယျာဉ်များ ပြုစုပျိုးထောင်ပြီး ပြည်သူများ အပန်းဖြေစိတ်ကြည်လင်စေခြင်းလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။

PUB သည် စင်ကာပူနိုင်ငံ၏ ရေအခန်းကဏ္ဍ ကိုယ်စားပြု အဖွဲ့အနေဖြင့် နှစ်တို နှစ်ရှည် စီမံကိန်းများရေးဆွဲ၍ စင်ကာပူပြည်သူများ၏ သန့်စင်စိတ်ချရသော ရေလိုအပ်ချက်ကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် ရေနှင့်ပတ်သက်၍ ကမ္ဘာ့ပြည်သူအများ ဒုက္ခမရောက်ကြစေရန်၊ သန့်စင်စိတ်ချရသော ရေသန့်ဖြန့်ဝေရေးစနစ်များ နိုင်ငံတိုင်း ဆောင်ရွက်နိုင်ကြရန်၊ အတွေ့အကြုံ အသိအမြင်များ ဆွေးနွေးဖလှယ်နိုင်ကြရန်အတွက် သင်တန်းအစီအစဉ်များ၊ နိုင်ငံတကာအဆင့် ဆွေးနွေးပွဲအစီအစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲများကို အခါအားလျော်စွာ စင်ကာပူနိုင်ငံတွင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ စင်ကာပူနိုင်ငံ ရေဦးဆောင်ကဏ္ဍအစီအစဉ် (Water Leadership Programme) တွင် ပါဝင်တက်ရောက် ဆွေးနွေးခွင့်ရရှိခြင်းဖြင့် ရေသည် သက်ရှိများအတွက် မရှိမဖြစ်အရေးပါလှသည့်အရာဖြစ်၍ ရေကိုတန်ဖိုးထား စီမံခန့်ခွဲသုံးစွဲကြရန် လိုအပ်ကြောင်း ပိုမိုသဘောပေါက်နားလည်လာခြင်း၊ အများပြည်သူတို့ကိုလည်း အခြားနိုင်ငံများတွင် ရေရှားပါးလှပြီး သုံးစွဲပြီးရေကိုပင် ပြန်လည်သန့်စင်သုံးစွဲနေရသည်ဖြစ်၍ ရေကိုမဖြုန်းတီးဘဲ အကျိုးရှိရှိ သုံးစွဲကြရန် အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သင့်သည်ကို သိမြင်ခံစားရသည်။

**အသိပညာများမျှဝေ**

မြေသယံဇာတ၊ ရေသယံဇာတ မလုံလောက်သည့် နိုင်ငံငယ်လေးသည်ပင် နည်းစနစ် မူဝါဒ၊ စည်းကမ်းကောင်းများဖြင့် တိုးတက်ဖွံ့ဖြိုးအဆင့်မြင့်နိုင်သည်ဖြစ်၍ သယံဇာတပေါကြွယ်ဝသော မိမိတို့နိုင်ငံသည်လည်း မူဝါဒ စနစ်ကောင်း ချမှတ်ကျင့်သုံးဆောင်ရွက်လာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်လာခြင်း၊ တိုးတက်ဖွံ့ဖြိုးသောနိုင်ငံ ဖြစ်နိုင်ရန်အတွက် နိုင်ငံသားတို့သည်လည်း အလုပ်ကြိုးစားခြင်း၊ အခွန်ပေးဆောင်ခြင်း၊ စည်းကမ်းဥပဒေလိုက်နာခြင်းတို့ဖြင့် နိုင်ငံကြီးသားပီသအောင် နေထိုင်ရန် လိုအပ်သည်ကို တစ်ဦးချင်း သိရှိနားလည် လိုက်နာဆောင်ရွက်လာစေရေး အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ကြရန် လိုအပ်နေပြီး မိမိကိုယ်တိုင်လည်း မိမိဆောင်ရွက်နိုင်သည့် ဘောင်အတွင်း အသိပညာများ မျှဝေဆောင်ရွက်သွားပါမည်ဟု ဆုံးဖြတ်ရင်း စင်ကာပူနိုင်ငံနှင့် ရေစီမံခန့်ခွဲမှု နည်းစနစ်များ အကြောင်းကို မျှဝေရေးသားလိုက်ရပါသည်။ ။

---

# ဟိုင်းကြီးကျွန်းမြို့နယ်တွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံနှစ်ခု တည်ဆောက်

**ဟိုင်းကြီးကျွန်း ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ ခမောက်မော်ကျေးရွာနှင့် ကံချိုင်ကျေးရွာ အောက်ကွင်းတွင် ပြီးခဲ့သည့် ဇွန်လကစတင်၍ TN City ကုမ္ပဏီက မုန်တိုင်းဒဏ်ခံ အဆောက်အအုံနှစ်လုံးကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ယင်းအဆောက်အအုံမှာ အလျား ပေ ၈၀ ၊ အနံ ၇၂ ပေ၊ အမြင့် ၂၅ ပေရှိ (ခြေတံရှည်) RC တစ်ထပ် အမျိုးအစားဖြစ်ပြီး လူဦးရေ ၅၀၀ ဆံ့ မုန်တိုင်းဒဏ်ခံ အဆောက်အအုံအမျိုးအစားဖြစ်ကြောင်း သိရသည်။

မုန်တိုင်းဒဏ်ခံ အဆောက်အအုံဟုဆိုသော်လည်း ဒေသအတွက် ဘက်စုံသုံး အဆောက်အအုံအဖြစ်လည်း အသုံးပြုနိုင်ကြောင်း၊ အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ စီစဉ်ညွှန်ကြားမှုဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း TN City ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးတင်နိုင်က ပြောသည်။

အဆိုပါ မုန်တိုင်းဒဏ်ခံအဆောက်အအုံများကို အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယ သမ္မတ (၂) ဦးဟင်နရီဗန်ထီးယူ၏ ဦးဆောင်မှုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ တင်ဒါခေါ်ယူ စိစစ်ရွေးချယ်ပြီး တင်ဒါအောင်မြင်သော ကုမ္ပဏီများက တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း မုန်တိုင်းဒဏ်ခံအဆောက်အအုံ ၁၇ လုံး တည်ဆောက်မည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းအတွက် တင်ဒါအောင်မြင်ပြီးသော ကုမ္ပဏီ ၁၀ ခုရှိကြောင်း သိရသည်။

ယခု ဟိုင်းကြီးကျွန်းမြို့ ခမောက်မော်ကျေးရွာနှင့် ကံချိုင်ကျေးရွာ အောက်ကွင်း၌ တည်ဆောက်လျက်ရှိသော မုန်တိုင်းဒဏ်ခံအဆောက်အအုံများကို တစ်လုံးလျှင် ငွေကျပ်သန်းပေါင်း ၁၈၉ သန်း ခွင့်ပြုရရှိထားကြောင်း သိရသည်။ မုန်တိုင်းဒဏ်ခံ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို ခြောက်လအတွင်း အပြီးသတ်တည်ဆောက်ရမည်ဖြစ်ပြီး လုပ်ငန်းခွင်အတွင်း မိုးရွာသွန်းမှုများသည့် နေ့ရက်များ၌ မြေတွင်းတူးသည့် လုပ်ငန်းများမှာ အခက်အခဲများရှိနေသော်လည်း အခြားလုပ်ငန်းများမှာ အဆင်ပြေချောမွေ့ကြောင်း တည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာ ဦးရဲမင်းထွန်းက ပြောသည်။



**ကျော်သူဟိန်း(ပြန်/ဆက်)**

# ချောင်းတောင်ကျေးရွာ တောင်ဘက်ကမ်းတံတား ချဉ်းကပ်လမ်းရေတိုက်စားမှုကြောင့် ပိတ်ထားရ

**ရေး ဩဂုတ် ၁၀**

မွန်ပြည်နယ် ရေးမြို့နယ် ချောင်းတောင်ကျေးရွာ တောင်ဘက်ကမ်းတံတားမှာ မြစ်ရေတိုက်စားမှုဒဏ်ကြောင့် ဒေသခံနှင့် ကျောင်းသားကျောင်းသူများ သွားလာရာတွင် ခက်ခဲနေကြောင်း သိရသည်။

"ဒီတံတားက ချောင်းတောင်ကျေးရွာ တစ်ဖက်ကမ်းက ရွာသူရွာသားတွေ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးမှာ အခက်အခဲရှိသလို ကျောင်းတက်မယ့် ကလေးတွေကို လှေနဲ့တစ်ဆင့်၊ ကားနဲ့တစ်ဆင့် ရွာကျောင်းကို ကြိုပို့လုပ်ပေးနေရတယ်"ဟု ချောင်းတောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်ဆန်းက ပြောသည်။

တံတားကို ဖြတ်သန်းခွင့် ပိတ်ထားပြီး ယာယီတံတား စီစဉ်ပေးရန် သက်ဆိုင်ရာ အဖွဲ့အစည်းထံ တင်ပြတောင်းဆိုထားကြောင်း ဒေသခံများက ပြောသည်။



ပြည်နယ်အစိုးရ လမ်းညွှန်ချက်နှင့် အညီ ဌာနဆိုင်ရာများပါဝင်သော ဆပ်ကော်မတီ ဖွဲ့စည်းတာဝန်ပေးထားပြီး ကွင်းဆင်းစစ်ဆေး၍ တံတားကို ပြုပြင် အကောင်အထည်ဖော်သွားမည်ဟု တာဝန်ရှိသူများက ပြောသည်။

အဆိုပါတံတားကို ၂၀၁၄- ၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျပ်သိန်းပေါင်း ၁၇၀၀ ကျော်ခန့် အကုန်အကျခံ တည်ဆောက်ထားသော တံတားဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတစ်ဖက်မှာ အိမ်ထောင်စု ၁၁၈ စုအိမ်ခြေ ၁၀၉ လုံး လူဦးရေ ၃၈၁ ဦးရှိပြီး တစ်ပိုင်တစ်နိုင် ငါးဖမ်းလုပ်ငန်း၊ လယ်ယာလုပ်ငန်း လုပ်ကိုင်သူများ ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

# ဧရာဝတီတိုင်းဒေသကြီး ၂၈ မြို့နယ်တွင် သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး တစ်ပြိုင်တည်းဆောင်ရွက်

**သာပေါင်း ဩဂုတ် ၁၀**

မိုးရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော သွေးလွန် တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှင့် ပညာပေးခြင်း လုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ ဩဂုတ် ၉ ရက်က မြို့နယ်အလိုက် တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ကြောင်း သာပေါင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်ကပြောကြားသည်။



"သွေးလွန်တုပ်ကွေးရောဂါဆိုတာက ဖြစ်မှကုသခြင်းထက် ခုလိုကာကွယ်ရေးလုပ်ငန်းတွေကို ဌာနဆိုင်ရာတွေနဲ့ ပြည်သူတွေ ပူးပေါင်းပြီးလုပ်ရတာ ပိုအကျိုးရှိပါတယ်။ ဒီနေ့ဆိုရင် ဧရာဝတီတိုင်းဒေသကြီး တစ်ခုလုံးမှာရှိတဲ့ မြို့နယ် ၂၈ မြို့နယ်မှာ တစ်ပြိုင်တည်းလုပ်တာပါ" မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က ရှင်းလင်းပြောကြားသည်။

ထိုသို့ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ရှိ လူမှုရေးကူညီမှုအဖွဲ့များမှ မြို့ခံလူထုအပါအဝင် အင်အား ၃၀၀ ကျော်ဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ရေတွင်း ရေကန်များအား အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးများ ပက်ဖျန်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# အဆိုပြုလေညှာအမျိုးသားဥယျာဉ်အတွင်း ကျားများ သတ်ဖြတ်ခံရ

**နေပြည်တော် ဩဂုတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် ကျရောက်သော အဆိုပြုလေညှာအမျိုးသားဥယျာဉ်အတွင်း ကျားနှစ်ကောင် အထီး တစ်ကောင်နှင့် အမ တစ်ကောင်အား ဒေသခံများက ဇူလိုင်လအတွင်း သတ်ဖြတ်ခဲ့ကြောင်း အဆိုပါဒေသတွင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (FFI) ၏ သတင်းပေးပို့ချက်အရ ရဲတပ်ဖွဲ့ဝင်များနှင့် သစ်တောဦးစီးဌာန ဝန်ထမ်းများ သွားရောက်စုံစမ်းရာတွင် ကျားများအား တရားမဝင်သတ်ဖြတ်သူများဟု ယူဆရသူများမှာ တစ်ဖက်နိုင်ငံသို့ တိမ်းရှောင် သွားပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျားများ ကျက်စားနေထိုင်သည့် လက်ကျန်နေရာ အနည်းငယ်အနက် တစ်ခုဖြစ်သည့် လေညှာဒေသကို ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်နိုင်ရန် ၂၀၀၂ ခုနှစ်တွင် လေညှာအမျိုးသားဥယျာဉ်အဖြစ် တည်ထောင်ရန်ရည်ရွယ်ကြောင်း ကြေညာခဲ့သည်။ ဆယ်စုနှစ် တစ်စု ကျော်သည်အထိ အမျိုးသားဥယျာဉ် သတ်မှတ်ဖွဲ့စည်းခြင်း ပြီးပြတ်မှုမရှိသည့်အတွက် ၂၀၁၅ ခုနှစ်တွင် ပြန်လည်ကွင်းဆင်းတိုင်းတာ၍ ကျေးရွာများ၊ ဒေသခံများ လုပ်ကိုင်စားသောက်သည့် ဥယျာဉ်ခြံမြေများကို ဖယ်ထုတ်၍ အဆိုပြုအမျိုးသားဥယျာဉ်နယ်နိမိတ်ကို ပြင်ဆင်ခဲ့သည်။ သို့သော် ဒေသခံပြည်သူအချို့နှင့် ဒေသအစုအဖွဲ့များ၏ထောက်ခံအားပေးမှုကို မရရှိသည့်အတွက် အမျိုးသားဥယျာဉ် သတ်မှတ်ရေးကို ရပ်တန့်ထားရသည်။



အမျိုးသားဥယျာဉ်သတ်မှတ်နိုင်မှု မရှိ၍ ထိရောက်သည့် ထိန်းသိမ်းကာကွယ်မှု မပြုလုပ်နိုင်မှုကြောင့် ကျားများ သတ်ဖြတ်ခံရခြင်း ဖြစ်သည်။ ရှားပါးတောရိုင်းတိရစ္ဆာန်များအား ထိရောက်စွာ ထိန်းသိမ်းနိုင်ရန်နှင့် ဒေသခံများ မှီခိုအားထားရသည့် သယံဇာတများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရန် လေညှာအမျိုးသားဥယျာဉ်အပါအဝင် အဆိုပြုသဘာဝထိန်းသိမ်းရေးနယ်မြေများကို ဆောလျင်စွာဖွဲ့စည်းရန် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှု လိုအပ်လျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၀-၈-၂၀၁၈

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၅/၉၄၀ ကျပ် | ၉၆၀/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၅/၉၅၀ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၉၀/၉၁၀ ကျပ် | ၉၅၅/၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၃၅/၉၆၀ ကျပ် | ၁၀၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၄၂ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၆၂ · ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၅၅ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၅၀ · ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၀၀ · ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၂ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ · ၄၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၉၇၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ · ၂၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၃ · ၅၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ · ၃၉၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၃၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# နတ်ဆရာတစ်ဦးအကြောင်း ပုံဖော်ရိုက်ကူးမည့် အထက်တန်းစား ရုပ်ရှင်ဇာတ်ကား

**နတ်ဆရာတစ်ဦး၏ဘဝကို ပုံဖော်ရိုက်ကူးမည့် "အထက်တန်းစား" ဟု အမည်ပေးထားသော ရုပ်ရှင်ဇာတ်ကားကြီးကို စက်တင်ဘာလ ၁၀ ရက်မှစတင်ပြီး ကျောက်ဆည်၊ စဉ့်ကူး၊ ပုပ္ပားနယ်တို့တွင် ရိုက်ကူးသွားမည်ဟု သိရသည်။ အဆိုပါဇာတ်ကားကို Lucky Smile ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးပြီး ဇာတ်လမ်း ရွှန်းရမီမိုး (ပထမတန်းစား)၊ ဇာတ်ညွှန်း မိုးနီလွင်နှင့် ဒါရိုက်တာနေပိုင် က ရိုက်ကူးကာ သရုပ်ဆောင် အကယ်ဒမီ နေတိုး၊ ညီထွဋ်ခေါင်၊ သူရိယ၊ ပိုးအိအိခန့်၊ မြတ်ကေသီအောင်၊ စိုးမိုးကြည်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည် ။**



နေတိုး



ပိုးအိအိခန့်



စိုးမိုးကြည်



ကိုရဲရင့်သွေး (Lucky Smile)



ဒါရိုက်တာ နေပိုင်



မြတ်ကေသီအောင်

**ကိုရဲရင့်သွေး (Lucky Smile)**

ကျွန်တော်တို့ ထုတ်လုပ်ရေးအနေနဲ့ကတော့ ဒီကားကြီးက ပထမဆုံးထုတ်လုပ်ရိုက်ကူးတဲ့ကားပါ။ ဇာတ်လမ်းအနေအထားအရဆို ကိုယ်မကျွမ်းကျင် နားမလည်တဲ့ အကြောင်းမို့ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်ကတည်းက ဆရာဦးဝင်းနိုင်နဲ့ သေချာတိုင်ပင်ပြီး ရိုက်ကူးဖို့ ဖြစ်လာတာပါ။ ဝတ္ထုကိုလည်း ဒါရိုက်တာကိုနေပိုင်နဲ့ ကိုနေတိုးတို့ကို ပြသခဲ့တယ်။ သူတို့ကလည်း ကြိုက်တယ်ဆိုပြီးပြောလာတာမို့ ရိုက်ဖြစ်ခဲ့တာပါ။ ဒီဇာတ်က သီလ၊သမာဓိနဲ့ ပြည့်စုံတဲ့ နတ်ဆရာတစ်ဦး ဘဝအကြောင်းမို့ ကိုယ်မသိနားမလည်တာတွေကို သေချာလေ့လာပြီးမှ အခုဆိုစတင်ရိုက်ကူးတော့မှာ ဖြစ်ပါတယ်။

**ဒါရိုက်တာ နေပိုင်**

ကျွန်တော့်အနေနဲ့ ဒီလို ကားမျိုး တစ်ခါမှတော့ မရိုက်ဖူးပါဘူး။ အထူးသဖြင့် နေတိုးနဲ့ ပထမဆုံးရိုက်တဲ့ကားဆိုလည်း မမှားပါဘူး။ ရုပ်ရှင်ကားကြီးအနေနဲ့ ဆိုရင်ပေါ့နော်၊ တခြား ဗီဒီယိုကားတွေတော့ ရိုက်ခဲ့ဖူးတယ်။ ဒီကားကြီးမှာ စိုးမိုးကြည်က နေတိုးကို ကောက်ယူမွေးစား စောင့်ရှောက်ခဲ့ပြီး မွေးစားမိခင် ကွယ်လွန်ကာ နတ်ဆရာတစ်ဦးအဖြစ် ရှင်သန်ရပ်တည်နေထိုင်မှုကို ကျွန်တော်တို့ ရိုက်ကူးသွားမှာပါ။ အကောင်းဆုံး ကားတစ်ကား ဖြစ်အောင် ကြိုးစားရိုက်ကူးသွားမှာပါ။

**အကယ်ဒမီနေတိုး**

ဒီဇာတ်ကားမှာပါဝင်တဲ့ ဇာတ်ကောင်က ကျွန်တော်တစ်ခါမှ မရိုက်ဖူးသလို၊ ကျွန်တော့်ရဲ့အနုပညာသက်တမ်းတစ်လျှောက်လုံး ကျွန်တော်လုပ်ချင်ခဲ့တဲ့ ကာရိုက်တာမျိုးရဲ့ စိတ်ခံစားမှုရှိနေတဲ့ ဇာတ်ကောင်တစ်ခုလည်းဖြစ်ပါတယ်။ ပြီးတော့ ဒီကားရိုက်ကူးတဲ့ အခါမှာလည်း ကျွန်တော် ဂုဏ်ယူမိပါတယ်။ ဦးအောင်စည်ဆိုတဲ့ ကနားစီးတစ်ယောက်ရဲ့အသွင်ကို မြင်ရမှာပါ။

**ပိုးအိအိခန့်**

ညီမက ဒီကားမှာ တစ်ခါမှ သရုပ်မဆောင်ဖူးတဲ့ ဗီလိန်ဇာတ်ရုပ်လေး လုပ်ရမှာပါ။ ရှေ့မှာတော့ ညီမရုပ်ရှင်ကားကြီး ခြောက်ကားလောက်ရှိပါပြီ ရိုက်ခဲ့ဖူးတာပေါ့နော်။ အဲ့ဒါကြောင့် ညီမလည်း ဒီလိုကာရိုက်တာမျိုး မလုပ်ဖူးလို့ ရိုက်ဖြစ်သွားတာပါ။ ခက်သွက်သွက်ကောင်မလေး တစ်ယောက် အဖြစ်နဲ့ မမြတ်ကေသီအောင်ရဲ့ တူမ နေရာကနေ သရုပ်ဆောင်ရမှာပါ။ ကားလေးရဲ့ အဓိကရည်ရွယ်ချက်ကတော့ သူများကို မကောင်းတာကြံရင် ကိုယ်လည်း ထပ်တူညီတဲ့ကံကို ခံစားရမယ်ဆိုတဲ့ အကြောင်းလေးကို ချပြထားတာပါ။ ပညာပေးဇာတ်ကားလေးဆိုလည်း မမှားပါဘူး။

**မြတ်ကေသီအောင်**

အစ်မကတော့ ဒီကားမှာ နေတိုးကို တစ်ဖက်သတ် ကြိုက်တဲ့သူအဖြစ်နဲ့ သရုပ်ဆောင်ထားပါတယ်။ နိုင်ငံခြားက ပြန်လာတဲ့ အမျိုးသမီးတစ်ယောက်ပေါ့။ သူက ကနားစီးဆိုတော့ သူ့ဆီကို အစ်မတို့က သွားကြတယ်။ နောက်ဆုံးအစ်မရဲ့ တူမလေးကိုပါ ခေါ်သွားတဲ့အခါ သူကလည်း တစ်ဖက်သတ်ကြိုက်ပြန်ရော၊ အဲဒီပုံစံလေး ပါဝင်ထားပါတယ်။

**စိုးမိုးကြည်**

နေတိုးရဲ့မွေးစားအမေနေရာကနေ သရုပ်ဆောင်ထားပါတယ်။ ဒီကားရဲ့ ပုံစံက ဇာတ်လမ်းအဆန်းလေးပါပဲ။ အစ်မက ရွာထိပ်မှာနေတဲ့ အပျိုကြီးတစ်ယောက်ပါ။ အစ်မကို ရွာထဲက လူတွေက စုန်းမတစ်ယောက်ဆိုပြီး ထင်နေကြတယ်။ အဲဒီလိုရွာထဲက ကလေးလိုချင်သူတွေက အစ်မနေတဲ့ ရွာထိပ်နားက ညောင်ပင်မှာ ကလေးလိုချင်လို့ လာဆုတောင်းကြတယ်။ ကလေးရပြန်တော့လည်း အကြောင်းကြောင်းကြောင့် မလိုချင်တာမို့ လာစွန့်ကြတဲ့သူတွေရှိတယ်။ အစ်မက အဲဒီလိုကလေးကို ကောက်ယူမွေးစားပြီး ကလေး ကိုးနှစ် ၁၀ နှစ်လောက်မှာ ကွယ်လွန်သွားတယ်။ ကလေးက ကြီးလာတော့ နေတိုးဖြစ်သွားတာပေါ့နော်။

**ကိုလင်း**

---

## မျက်နှာသစ်သရုပ်ဆောင်ရွေးပွဲမှာ ရွေးချယ်ခံရသည့် ထူးပြည့်အောင် ကို "ဟစ်တိုင်" တွင် တွေ့ရမည်



"ဟစ်တိုင်" ရုပ်ရှင် ဇာတ်ကားကြီး ရိုက်ကူးမှုတွင် မျက်နှာသစ်သရုပ်ဆောင် အချို့ကို ရွေးချယ်ထည့်သွင်းခဲ့ကြောင်းသိရပြီး အဆိုပါ ဇာတ်ကားသည် မြန်မာပြည်တွင်သာမက ပြည်ပနိုင်ငံများအထိပါ ပြသနိုင်ရန်ရည်ရွယ်ချက်ကောင်းများဖြင့် ရိုက်ကူးသော ဇာတ်ကားဟုသိရသည်။ ယင်းဇာတ်ကားအတွက် လိုအပ်သည့်နေရာများကို မျက်နှာသစ်သရုပ်ဆောင်များအား ရွေးချယ်ပြီးရိုက်ကူးခဲ့ရာ သရုပ်ဆောင် ထူးပြည့်အောင်ကို ရွေးချယ်ခဲ့ကြောင်းသိရပြီး ဇာတ်ကားရိုက်ကူးမှုကို ဇူလိုင်လပိုင်းက စတင်ခဲ့ကြောင်း သိရသည် ။

"ပြိုင်ပွဲမှာဝင်ပြိုင်ပြီး ရွေးချယ်ခြင်း ခံရတာပါ။ ကျွန်တော့်အနေနဲ့ ဒီကားကြီးထဲမှာ ရောဂါသည် အမေနဲ့ ချစ်သူကောင်မလေးကြားမှာ ဗျာများနေရတဲ့ ဆရာဝန် လူအေးတစ်ယောက်ရဲ့ ကာရိုက်တာကို သရုပ်ဆောင်ထားတာပါ။ ဇာတ်ကားထဲမှာ ကျွန်တော် ပါဝင်ရတဲ့ အခန်းနည်းပေမယ့် ခက်ခဲမှုကတော့ ထွေထွေထူးထူးတော့ မရှိပါဘူး။

"ဒီကားကြီးရဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကလေးတွေနဲ့ အမျိုးသမီးတွေကို ကျူးလွန်ဖျက်ဆီးခြင်းမှ ကင်းဝေးဖို့အတွက် ပညာပေးထားတဲ့ ဇာတ်ကားပါ။ ဇာတ်ကားကတော့ ရသတော်တော်များများပေးနိုင်မယ့် ဇာတ်ကားမျိုးပါ။ ပြီးတော့ ကျွန်တော့်အတွက်ကတော့ ဝါရင့်တွေနဲ့ တွဲရတာ အလွန်ကံကောင်းပါတယ်။ မအူဝဲဆိုလည်း အချိန်ရရင်ရသလို အများကြီးကို သင်ပေးပါတယ်။ တကယ်ကို ပညာတွေ အများကြီး ရပါတယ်" ဟု ပြောသည်။

**ကိုလင်း**

---

## အကယ်ဒမီ ပိုင်ဖြိုးသု ပရိသတ်ကျန်းမာရေးကို ထိခိုက်စေမယ့် ကြော်ငြာတွေ မရိုက်ဘူးဟုဆို

**ကျန်းမာရေးဌာန၏ ရန်ကုန်တိုင်းဒေသကြီး သံတမန်အဖြစ်ခန့်အပ်ခြင်းကို မကြာသေးမီက လက်ခံရရှိခဲ့သူ ဆရာဝန်သရုပ်ဆောင်မလေး ပိုင်ဖြိုးသု က ပရိသတ်တွေ ထိခိုက်နစ်နာစေမည့် ကြော်ငြာများကို ရှောင်ရှားသွားမည်ဟု သိရသည်။**



"သု အနေနဲ့ အခုလိုကျန်းမာရေးဌာနရဲ့ ကျန်းမာရေးသံတမန် ခန့်အပ်ခြင်းခံရတာ အလွန်ဂုဏ်ယူပါတယ်။ သုက သရုပ်ဆောင်အလုပ်လုပ်ပြီးတဲ့နောက်မှာ ဆေးကုတဲ့အလုပ်ကို မလုပ်ခဲ့ရပေမယ့် အခုလို ကျန်းမာရေးဝန်ကြီးဌာနနဲ့ လက်တွဲပူးပေါင်းပြီးတော့ ပြည်သူတွေကို ကျန်းမာရေးဗဟုသုတနဲ့ ပတ်သက်တာလေးတွေ အသိပညာတွေ မျှဝေသွားမယ်။ အနုပညာသမားတွေကျတော့ ပြည်သူတွေက ပိုပြီးတော့ နီးစပ်တယ်။ ပိုပြီးတော့လည်း ရင်းရင်းနှီးနှီးဖြစ်တယ်။ အနုပညာသမားတွေဆိုရင် ပရိသတ်တွေက မိသားစုဝင်တွေလို သတ်မှတ်ပေးကြတယ်။ ချစ်ခင်ပေးကြပါတယ်။ အဲ့ဒါကြောင့် အနုပညာရှင်တွေကို အခုလို ဖွံ့ဖြိုးတိုးတက်မှုနဲ့ဆိုင်တဲ့နေရာတွေမှာ သံတမန်ခန့်အပ်တယ်လို့ ထင်ပါတယ်။

" TV program လေးတွေမှာ Talk Show တွေမှာ ပါဝင်မယ်။ ကျောင်းတွေမှာသွားပြီး ပြောပြမယ်။ ပညာပေးမှန်းမသိ ပညာပေးခြင်းအားဖြင့် ဒီအလုပ်ကို ဆောင်ရွက်မယ်လို့ သု စဉ်းစားထားပါတယ်။ အခုလိုခန့်အပ်ခံရတာ ဂုဏ်ယူပါတယ်။ သုက ဆရာဝန်ဘွဲ့ကို ယူလိုက်ပေမယ့် ဆရာဝန်အဖြစ် အသက်မမွေးဖြစ်ဘူး။ သုကို ခုနစ်နှစ်တာလုံး စာသင်ပေးခဲ့တဲ့ ဆရာ ဆရာမတွေရဲ့ကျေးဇူးကိုရော ပြီးတော့ ကိုယ့်ကို အချိန်ပေး အားပေးနေတဲ့ ပရိသတ်ကိုပါ ကျန်းမာရေးသံတမန်အဖြစ် ဆောင်ရွက်ခြင်းနဲ့ ကျေးဇူးဆပ်တယ်လို့ ခံယူထားပါတယ်။ လက်တွေ့ကွင်းဆင်းစစ်ဆေးတာတွေ ပြုလုပ်သွားမယ်။ ရာသီအလိုက်ဖြစ်တတ်တဲ့ ရောဂါတွေပြောပြဖို့ရှိတယ်။ သွေးလွန်တုပ်ကွေးလိုမျိုးပေါ့။

"နောက်တစ်ခုက သုကို ကျန်းမာရေး သံတမန်ခန့်အပ်ခြင်း မရှိခင်ကတည်းက သုကိုယ်တိုင်ချမှတ်ထားတဲ့ စည်းကမ်းပေါ့။ ကိုယ်ကိုယ်တိုင်က ကျန်းမာရေးဝန်ထမ်းအဖြစ် တာဝန်မထမ်းဆောင်ဖြစ်ပေမယ့် ဆရာဝန်တစ်ယောက် ဖြစ်တဲ့အတွက် အရက်၊ ဆေးလိပ်စတဲ့ ပြည်သူကို ပရိသတ်ကို ကျန်းမာရေးနဲ့ပတ်သက်တဲ့ လွဲမှားတဲ့ တချို့အယူ အဆတွေနဲ့ ဆေးလိပ်၊ အရက် Promote လုပ်တဲ့ ဘယ်ကြော်ငြာကိုမှ မရိုက်ဘူးလို့ ဆုံးဖြတ်ထားတဲ့အတွက် ကျန်းမာရေး ဦးစီးဌာနကနေပြီး အရက်၊ ဆေးလိပ်ကြော်ငြာမရိုက်ရဘူး ပြောတဲ့အချိန်မှာ ဒါ သုအတွက် ထူးထူးဆန်းဆန်း စည်းကမ်းအသစ် ဖြစ်မနေပါဘူး။ ကိုယ့်ကိုယ်ကိုယ်ပြန်ပေးထားတဲ့ စည်းကမ်းဖြစ်လို့ သုအတွက်တော့ အခက်အခဲ မဖြစ်ပါဘူး။ သံတမန် ခန့်အပ်ခြင်း ခံရတာလည်း သုအတွက် အိပ်မက်ပါပဲ" ဟု ပြောသည်။

**ကိုလင်း**

## နိုင်ငံတကာ အနုပညာသတင်း

### ရှာရွတ်ခန်းရဲ့သမီး ဆူဟာနာခန်း ရုပ်ရှင်လောကထဲဝင်ဖို့ အဆင်သင့်ဖြစ်နေပြီ

ဘောလိဝုဒ်စူပါစတား ရှာရွတ်ခန်းရဲ့သမီးဖြစ်သူ ဆူဟာနာခန်းဟာလည်း ချောမောလှပပြီး ချစ်စရာကောင်းတဲ့ မိန်းကလေးငယ်တစ်ဦးပါ။ သူဟာ အနုပညာလောကကို ဖြည်းဖြည်းချင်းဝင်ရောက်ဖို့ ကြိုးစားနေသူဖြစ်ပြီး သူ့နည်းသူ့ဟန်နဲ့ ကြိုးစားနေသူလည်း ဖြစ်တယ်။ ဆူဟာနာခန်းဟာ မကြာသေးခင်ကပဲ မဂ္ဂဇင်းမျက်နှာဖုံးအတွက်ဓာတ်ပုံရိုက်ကူးခဲ့ပြီး အဲဒီဓာတ်ပုံရိုက်ကွင်းမှာ သူ့ရဲ့ဘောလိဝုဒ်ပွဲဦးထွက် ဇာတ်ကားအကြောင်းကို ပြောပြခဲ့ပါတယ်။ ဘောလိဝုဒ်ဒါရိုက်တာတွေဟာ သူတို့ရိုက်ကူးမယ့် ဇာတ်ကားတွေမှာ ဆူဟာနာကို ထည့်သွင်းဖို့အဆင်သင့်ဖြစ်နေကြပါပြီ။ ရှာရွတ်ခန်းနဲ့ရင်းနှီးသူလည်းဖြစ်၊ ရုပ်ရှင်ထုတ်လုပ်သူလည်းဖြစ်တဲ့ ကာရန်ဂျိုဟာကလည်း ဆူဟာနာနဲ့ ရုပ်ရှင်ရိုက်ကူးချင်ပါတယ်။ တခြားသောဒါရိုက်တာတွေဖြစ်ကြတဲ့ ဆန်းဂျေးလီလာ လဘန်ဆာလီနဲ့ ဆူဂွိုင်းဂို့ရှ်တို့ဟာလည်း ဆူဟာနာကို သူတို့ရဲ့ရုပ်ရှင်မှာ ပါဝင်စေလိုပါတယ်။ ဒီတော့ ဆူဟာနာဟာ ဘောလိဝုဒ်မှာ ပထမဆုံး ပွဲဦးထွက်သရုပ်ဆောင်မယ့် ဇာတ်ကားရဲ့ဒါရိုက်တာဟာ ဘယ်သူဖြစ်မလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဘောလိဝုဒ်စူပါစတားဖြစ်တဲ့ ရှာရွတ်ခန်းရဲ့သမီးဖြစ်တဲ့အတွက် သူ့ဇာတ်ကားကိုပွဲဦးထွက်ရိုက်ပေးမယ့်ဒါရိုက်တာကလည်း သာမန်တော့မဖြစ်နိုင်ပါဘူး။ ပရိသတ်တွေ အားလုံးကတော့ ဆူဟာနာရဲ့ ပွဲဦးထွက်ဇာတ်ကားဟာ ဘာဖြစ်မလဲလို့ သိချင်နေကြပါတယ်။

**အီးတိုင်းမ်**



### စူပါမင်းမင်းသမီး မာဂေါ့ကစ်ဒ်ဒါ သေဆုံးမှုမှာ မိမိကိုယ်ကိုယ် သေကြောင်းကြံစည်မှုဖြစ်

စူပါမင်း မင်းသမီးမာဂေါ့ကစ်ထ်ဒါ သေဆုံးမှုမှာ မိမိကိုယ်ကိုယ် သေကြောင်းကြံစည်မှုပင်ဖြစ်ကြောင်း သေမှုသေခင်းစုံစမ်းရေးအရာရှိများက သတင်းထုတ်ပြန်ခဲ့သည်။ အသက် ၆၉ နှစ်အရွယ် မင်းသမီးကြီးမာဂေါ့မှာ မွန်တားနားရှိ နေအိမ်တွင် မေ ၁၃ရက်က သေဆုံးခဲ့ခြင်းဖြစ်သည်။ ၎င်းသေဆုံးရခြင်းမှာ အရက်အလွန်အကျွံသောက်သုံးပြီး ကိုယ်တိုင်ဆေးအလွန်အကျွံသုံးစွဲခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သေမှုသေခင်းစုံစမ်းရေး ရုံးကပြောသည်။ သေမှုသေခင်းစုံစမ်းရေးရုံးနှင့် မာဂေါ့၏ မိသားစုဝင်များ ထုတ်ပြန်သော သတင်းထုတ်ပြန်ချက်တွင် စိတ်ကျဝေဒနာ ခံစားနေရသူများ၊ သေကြောင်းကြံစည်လိုသည့်စိတ် ဖြစ်ပေါ်နေသောလူများသည် သင့်တော်သည့်အကြံပေးမှုများနှင့် ဆေးကုသမှုများခံယူသင့်ကြောင်း တိုက်တွန်းထားသည်။

မာဂေါ့သည် ၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်က စူပါမင်းရုပ်ရှင်ဇာတ်ကားများတွင် မင်းသားခရစ္စတိုဖာရိဒ်နှင့်အတူ တွဲဖက်သရုပ်ဆောင်ခဲ့သောမင်းသမီးဖြစ်သည်။ ၎င်း၏ မိသားစုတောင်းဆိုမှုကြောင့် အသေးစိတ်အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ပေ။ မာဂေါ့သည် ၁၉၉၆ ခုနှစ် People မဂ္ဂဇင်းနှင့် အင်တာဗျူးတွင် ၎င်း၏စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေပြဿနာများကို ဖြေကြားခဲ့ဖူးသည်။ ၎င်းသည် ၁၄ နှစ်သမီးအရွယ်ကလည်း ဆေးအလွန်အကျွံသုံးစွဲဖူးသည်။

**ဘီဘီစီ**



ဖြိုး



# ဘာသာခြားစကားလုံးများမွေးစားသည့် အစဉ်အလာ (၆)

**မောင်ခင်မင် (ဓနုဖြူ)**

"တချို့စကားလုံးတွေက ကိုလိုနီခေတ်မှာ မွေးစားစကားလုံးတွေအဖြစ် မြန်မာစကားထဲမှာ တော်တော်တွင်ကျယ်ခဲ့ပြီးမှ တဖြည်းဖြည်း အသုံးနည်းသွားပြီး ခုဆို မသုံးတော့သလောက် ဖြစ်သွားပြီလေ"

"ဆရာ၊ ရဲကို အရင်က ပုလိပ်လို့ ခေါ်တယ်မဟုတ်လား။ ခုခေတ်မှာ ပုလိပ်က သိပ်အသုံးမတွင်တော့ဘူးထင်ပါတယ်"

"ဟုတ်တယ်လေ။ police ကို ပုလိပ်လို့ မွေးစားယူလိုက်တာပေါ့။ အသံထွက်တော့ /ပလိတ်/ လို့ ထွက်တယ်"

"ဆရာ 'ပလိပ်ရောဂါ' လည်း မွေးစားစကားလိုပဲနော်"

"ဟုတ်ပါတယ်။ plague ကို 'ပလိပ်' လို့ မွေးစားလိုက်တာလေ။ ခုခေတ်မှာ 'ပုလိပ်' ကိုတော့ ရဲနဲ့ အစားထိုးသုံးတာ တွင်ကျယ်နေပြီ။ ပလိပ်ရောဂါကိုတော့ ပလိပ်ရောဂါလို့ပဲ ခေါ်တယ်လေ။ အခုတော့ မြန်မာစကားလို ဖြစ်နေပါပြီ"

"ခုခေတ်မှာ မသုံးတော့တဲ့ မွေးစားစကားလုံးတွေအကြောင်း သိပါရစေ ဆရာ"

"ကိုလိုနီခေတ်တုန်းက 'ဂေါ်ဝါနာ မင်းမြတ်'ဆိုတဲ့ စကားရှိတယ်။ ကြားဖူးသလား"

"မကြားဖူးပါဘူး ဆရာ"

"governor ကို အသံလှယ်မွေးစားထားတာလေ။ 'ဘုရင်ခံ' ကို ဆိုလိုတာပေါ့။ နောက်ပိုင်းမှာ 'ဘုရင်ခံ' က ပိုပြီးအသုံးတွင်လာတယ်"

" 'ဘုရင်ခံ'ဆိုတာ ဘယ်လိုရာထူးမျိုးပါလဲ ဆရာ"

"ဟေ 'ဘုရင်ခံ' ဆိုတာ မသိဘူးလား။ ရှေးကတည်းက သုံးတဲ့မြန်မာစကားပဲ။ ဘုရင့်ကိုယ်စား နယ်တစ်နယ်ကို အုပ်ချုပ်ရတဲ့ အကြီးအကဲပေါ့။ ကိုလိုနီခေတ်မှာ ဗြိတိသျှဘုရင်ရဲ့ကိုယ်စား မြန်မာနိုင်ငံကို အုပ်ချုပ်ဖို့ခန့်ထားတဲ့ အကြီးဆုံးပုဂ္ဂိုလ်ကို 'ဘုရင်ခံ' လို့ ခေါ်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဖွဲ့အစည်းတစ်ခုကထုတ်တဲ့ ကြေညာချက်အောက်မှာ ပုဂ္ဂိုလ်တစ်ယောက်က လက်မှတ်ထိုးပြီးတော့ သူ့ရာထူးကို 'ပြီစီဒင်' လို့ ရေးထားတာ တွေ့ဖူးတယ်။ 'ပြီစီဒင်လူကြီး' လို့ သုံးတာရှိတယ်။ တွေ့ဖူးသလား"

"မသိပါဘူးဆရာ။ တွေ့တောင်မတွေ့ဖူးပါဘူး"

"ပြီစီဒင်ဆိုတာ president ကို အသံလှယ်ထားတာပေါ့ကွယ်။ ဥက္ကဋ္ဌကို ဆိုလိုတာပါ။ နောက်တော့ ဥက္ကဋ္ဌက အသုံးတွင်လာတာပေါ့"

"စက္ကရီတေရီဆိုတဲ့ စကားလည်း ရှိတယ်မဟုတ်လား ဆရာ"

"ဟိုတုန်းက 'အတွင်းရေးမှူး' ဆိုတဲ့ မြန်မာစကားက မတွင်ကျယ်သေးတော့ Secretary ကို အသံလှယ်ပြီး စက္ကရီတေရီလို့ သုံးတာလေ"

"ဆရာ secretary ဆိုတာ အတွင်းဝန်မဟုတ်လား ဆရာ"

"အတွင်းဝန်ကိုလည်း secretary လို့ ခေါ်တယ်လေ။ မြန်မာလို စက္ကရီတေရီလို့ပဲ ရေးတာပေါ့။ ခုခေတ်တော့ အင်္ဂလိပ်လို တိုက်ရိုက်သုံးတာမျိုးရှိပေမယ့် မြန်မာလိုတော့ ရေးတာ မရှိတော့ဘူးလေ"

"စိတ်ဝင်စားဖို့ ကောင်းပါတယ် ဆရာ"

"ဩော်... တစ်ခုသတိရလို့ 'သပြုသီးမြို့အုပ်' ဆိုတဲ့ စကားကို ကြားဖူးကြသလား"

"မကြားဖူးပါဘူး ဆရာ။ သပြုသီးနဲ့ မြို့အုပ်နဲ့ ဘယ်လိုပတ်သက်လို့လဲ"

"အေး။ တို့မြန်မာတွေ အသံလှယ်တဲ့နေရာမှာ အင်မတန်တော်တယ်ကွဲ့။ သပြုသီးဆိုတာ တကယ်က deputy ကို ဆိုလိုတာ။ 'ဒပျူတီ' လို့အသံလှယ်နိုင်တာပေါ့။ ဒါပေမယ့် အနီးစပ်ဆုံး မြန်မာစကားလုံးကိုယူပြီး 'သပြုသီး'လို့ အသံလှယ် သုံးကြတယ်လေ။ သပြုသီးမြို့အုပ်ဆိုတာ လက်ထောက်မြို့အုပ်၊ မြို့အုပ်ကလေး ပေါ့ကွယ်"

"တော်တော် သဘောကျစရာကောင်းတယ်နော် ဆရာ"

"မြူနီစီပယ်ဆိုတဲ့ စကားလုံးလည်း တော်တော်အသုံးတွင်ခဲ့တယ်။ လွတ်လပ်ရေးရပြီး တော်တော်ကြာတဲ့အထိ 'မြူနီစီပယ်လူကြီး ၊ မြူနီစီပယ်ကျောင်း၊ မြူနီစီပယ်အဖွဲ့' ဆိုတဲ့ စကားတွေ အသုံးများတယ်လေ"

"ကျွန်တော့်အဘိုးက မြူနီစီပယ်လူကြီး လုပ်ခဲ့ဖူးတယ်လို့ ပြောပါတယ်ဆရာ"

"သမီးအဖေကတော့ မြူနီစီပယ်ကျောင်းမှာ ပညာသင်ခဲ့တယ်တဲ့ ဆရာ"

"ဒါပေါ့။ municipal ကို အသံလှယ်ထားတာလေ။ မြို့တွေမှာ စည်ပင်သာယာရေးဆောင်ရွက်တဲ့ အဖွဲ့အစည်းပေါ့။ ရန်ကုန်မှာ ရန်ကုန်မြူနီစီပယ်အဖွဲ့ရှိတယ်။ ခုတော့ မြို့တော်စည်ပင်သာယာရေးအဖွဲ့လို့ ခေါ်တာပေါ့။ တစ်ချိန်က မူလတန်းကျောင်းတွေကို မြူနီစီပယ်အဖွဲ့က ကြီးကြပ်တာမို့ မြူနီစီပယ်ကျောင်းလို့ ခေါ်တာပေါ့။ ခုခေတ်တော့ ဒီစကားကို သိပ်မသိကြတော့ပါဘူးလေ"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ခုသတိရလို့ မင်းသိခ်ရဲ့ဝတ္ထုထဲက ရဲအရာရှိဇာတ်လိုက်ကို သိတယ်မဟုတ်လား"

"သိပါတယ် ဆရာ။ ဆားပုလင်းနှင်းမောင်ပါ"

"အဲဒီ 'ဆားပုလင်း' ဆိုတာလည်း မြန်မာ့နည်း မြန်မာ့ဟန်နဲ့ အသံလှယ်ထားတာလေ။ စောင့်ကြည့်တာကို surveillance လို့ အင်္ဂလိပ်စကားနဲ့သုံးတယ်။ အဲဒါကို 'ဆားပုလင်း' လုပ်လိုက်တာပဲလေ"

"ဩော်၊ ဟုတ်ကဲ့"

" Inspector ဆိုတာ စစ်ဆေးတဲ့အရာရှိကိုခေါ်တာ။ မြန်မာဆန်ဆန် အသံလှယ်လိုက်တာ ' အင်စပက်တော်' တဲ့။ နောက်က ' တော်' ပါတော့ ထီးသုံးနန်းသုံးစကားလိုလို ထင်စရာပဲလေ"

"ကြားတော့ကြားဖူးပါတယ် ဆရာ"

" ဒါဆို ' ဘုတ်အုပ်' ရော ကြားဖူးသလား"

" သမီးအဘိုးက စာအုပ်ကို ဘုတ်အုပ်လို့ခေါ်တာကြားဖူးပါတယ် ဆရာ"

" book ကို ဘုတ်လို့အသံလှယ်ပြီး နောက်က ' အုပ် 'နဲ့တွဲလိုက်တော့ ဘုတ်အုပ်ဖြစ်တာပေါ့။ ဆရာတို့ အဘိုးလည်း ဘုတ်အုပ်လို့သုံးတယ်။ တစ်ချိန်က တော်တော်အသုံးတွင်ခဲ့ပြီး နောက်တော့ ' စာအုပ် ' ဆိုတဲ့ စကားလုံးက ပိုပြီး တွင်ကျယ်သွားတယ်"

"အခု ယာဉ်ထိန်းရဲလို့ခေါ်တဲ့ ရဲတွေကို အရင်ကဘယ်လိုခေါ်သလဲသိလား"

" မသိပါဘူး ဆရာ"

" လမ်းပေါ်မှာ မော်တော်ပီကယ်တွေ စောင့်နေတယ်ဆိုတာမျိုး ပြောကြတယ်။ မော်တော်ပီကယ်ဆိုတာ motor vehicle ကို အသံလှယ်ထားတာလေ။ စက်တပ်ထားတဲ့ယာဉ်ပေါ့။ မော်တော်ပီကယ်ပုလိပ်တွေဆိုတာမျိုးပြောတာပေါ့။ ခုတော့ ယာဉ်ထိန်းရဲ ဆိုတဲ့စကားက တွင်ကျယ်နေပြီလေ။ ကင်းလှည့်ပြီးစောင့်တဲ့ patrol ကိုတော့ ' ပတ္တရောင်' တဲ့ "

" အဲဒီလို ကိုလိုနီခေတ်က ပေါ်လာတဲ့ အင်္ဂလိပ်မွေးစားစကားလုံးတွေထဲက တချို့ကို မြန်မာစကားလုံးနဲ့အစားထိုးသုံးလို့ အသုံးမတွင်တော့ဘဲ ပျောက်သွားတာတွေအများကြီးရှိတယ်ဆိုတာ သတိထားမိအောင်ပြောပြတာပါ။ အဲ... ပျောက်မသွားဘဲ ဆက်ပြီး တွင်ကျယ်နေတဲ့ စကားလုံးတွေလည်း အများကြီးပဲလေ။ ခေတ်အလျောက် အသုံးအဆောင်အသစ်တွေပေါ်လာလို့ မွေးစားစကားလုံးအသစ်တွေ ပေါ်လာတာလည်း အများကြီးပဲပေါ့။ ဆက်ပြီးတော့လည်း အသစ်အသစ်တွေ ပေါ်နေဦးမှာပဲလေ"

"ဒါ... ဘာသာစကားရဲ့ သဘာဝတစ်ခုပဲဆိုတာ နားလည်ပါပြီ ဆရာ"

"စဉ်းစားကြည့်လေ။ နေ့တိုင်းသုံးနေတဲ့ စကားတွေထဲမှာ ကလစ်၊ ကလပ်၊ ကော်ဖီ၊ ကော်မတီ၊ ကော်မရှင်၊ ချောကလက်၊ ဂီယာ၊ ဂိတ်၊ စတူဒီယို၊ စီးကရက်၊ ဆိုရှယ်လစ်၊ တင်ဒါ၊ တယ်လီဖုန်း၊ ဒီဇိုင်း၊ ဒိုင်ယာရီ၊ ဒီမိုကရေစီ၊ ပါတီ၊ ပိုစတာ၊ ဖက်ရှင်၊ ဖက်ဆစ်၊ ဘရိတ်၊ ဘီယာ၊ မီတာ၊ ရေဒီယို၊ လိုင်စင်၊ ဝရမ်း၊ အင်ဂျင် ဆိုတဲ့ စကားလုံးတွေဟာ ခုဆိုရင် မြန်မာစကားထဲမှာ အသုံးတွင်နေပြီ မဟုတ်လား။ အဲဒီ စကားလုံးတွေကို တခြားမြန်မာစကားလုံးတွေလိုပဲ လွယ်လွယ်ကူကူ ပေါ့ပေါ့ ပါးပါး သုံးနေကြတာလေ။ ဒါတောင် အင်္ဂလိပ်စကားလုံးတွေပဲ ရှိသေးတယ်။အခြားဘာသာစကားထဲက စကားလုံးတွေမပါသေးဘူး"

"ဟုတ်ကဲ့ပါ"

"အဲ့ဒီစကားလုံးတွေကိုဖယ်ပြီး မြန်မာစကားလုံးတွေအစားထိုးဖို့ စဉ်းစားကြည့်ရုံနဲ့ ဖယ်လို့မဖြစ်နိုင်တော့ဘူးဆိုတာတွေ့မှာပါ။ ကဲ . . . .'ကော်ဖီ' ကို ဘယ်လို မြန်မာစကားလုံးနဲ့ အစားထိုးမှာလဲ"

"မရပါဘူး ဆရာ"

"၁၉၅၀ ကျော်လောက်က ဆရာတို့ ခပ်ငယ်ငယ်ပေါ့။ အဲ့ဒီတုန်းက အဲ့ဒီကိစ္စမျိုးနဲ့ပတ်သက်ပြီး ပါလီမန်မှာဆွေးနွေးတာ သတင်းစာထဲမှာ ဖတ်ရလို့ မှတ်မိနေတယ်။ မော်တော်ကားတို့၊ ဆိုင်ကယ်တို့ ဘီးတွေမှာ တာယာထဲမှာခွေပြီးထည့်ရတဲ့ ကြက်ပေါင်စေးနဲ့လုပ်တဲ့ ပိုက်လုံးအရှည်ကလေးကို ဘာခေါ်သလဲ"

"ကျွတ်လို့ခေါ်ပါတယ်ဆရာ"

"ဟုတ်တယ်။ ကျွတ်လို့ပဲခေါ်တယ်။ ကျွတ်ပေါက်များလို့၊ ကျွတ်ဖာမလို့ ဆိုတာမျိုးသုံးကြတယ်။ အင်္ဂလိပ်စကား Tube ကို အသံလှယ် မွေးစားထားတာလေ။ ပိုက်လုံးပေါ့ ပါလီမန်မှာ ဆွေးနွေးတာက Tube ကို 'ကျွတ်' လို့အသံလှယ်ပြီး ပြောလိုက်ရင် နားလည်နေပြီ။ အဲ့ဒါကို မြန်မာလိုဘာသာပြန်မယ်ဆိုရင် ဟို. . . မော်တော်ကားတာယာထဲက နီနီပိုက်လုံးလေးလေ၊ လေထိုးရတယ်လေ ဘာညာဆိုပြီး ရှင်းပြနေရမှာပေါ့လို့ ဆွေးနွေးကြတာမှတ်မိနေတယ်"

"ဩော် . . . ဟုတ်ကဲ့ပါဆရာ"

"ကဲ . . . ဒီနေ့ဆီကို ခုန်လိုက်ရအောင်။ ဒီနေ့သုံးနေတဲ့ကွန်ပျူတာတို့ ၊ အင်တာနက်တို့၊ အီးမေးလ်တို့လို စာလုံးသစ်တွေဟာ အသစ်ပေါ်လာတဲ့ ပစ္စည်းတွေကိုခေါ်ဖို့ မွေးစားယူထားတဲ့ စကားလုံးတွေမဟုတ်လား။ အစကတည်းက အသံလှယ်မွေးစားခဲ့လို့ အခုဆိုရင် အသုံးတွင်နေပြီလေ။ ကွန်ပျူတာပေါ်စက် 'သင်္ချာတွက်စက်' တို့ ၊ ' စက်ဦးနှောက်' တို့ ဘာသာပြန်ခဲ့ကြသေးတယ်။ သတိရလို့ . . . တယ်လီဖုန်းကိုတောင် 'စကားပြောခွက်' လို့ မြန်မာဆန်ဆန်ပြန်တာရှိတယ်။ ဒါပေမယ့် မအောင်မြင်ကြပါဘူး။ လူတွေက လိုက်မှ မသုံးတာလေ။ ဒီတော့ဘာသာခြားစကားလုံးတွေကို ကိုယ့်အာ ကိုယ့်လျှာနဲ့ ဆိုလို့လွယ်အောင် အသံလှယ်သုံးရင်းနဲ့ အသုံးတွင်လာရင် ဘာသာစကားထဲမှာ ကြာကြာတည်တံ့သွားတာပါပဲကွယ်"။

# ရွှေလီမြို့ ဝမ်တိန်ဖရဲသီးဈေးကွက်သို့ မိုးရာသီ မြန်မာဖရဲသီးများ စတင်ဝင်ရောက်

**ရွှေလီ ဩဂုတ် ၁၀**

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံ ရွှေလီမြို့ ဝမ်တိန်မြို့နယ်မှ ချန်ဟော်သစ်သီးဒိုင်သို့ မြန်မာနိုင်ငံမှ မိုးရာသီ ပေါ်ဦးပေါ်ဖျား ဖရဲသီးများ ဩဂုတ် ၇ ရက်က စတင်ဝင်ရောက်နေပြီဖြစ်ကာ တစ်တန်လျှင် ယွမ် ၁၅၀၀ မှ ၂၀၀၀ အထိ ဈေးရလျက်ရှိကြောင်း သိရသည်။

ယခင်က မြန်မာ့ဖရဲသီးများကို သီးနှံဈေးကွက်ကြီးတည်ရှိရာ တရုတ်နိုင်ငံက အများဆုံး မှာယူသည့်အတွက် ဖရဲစိုက်တောင်သူတို့ စီးပွားရေးအဆင်ပြေခဲ့ကြပြီး နည်းပညာနှင့် စိုက်ကေများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခဲ့ရာ မြန်မာ့ဖရဲမှာ ဈေးကွက်တွင် မျက်နှာပွင့်ခဲ့သည်။ နောက်ပိုင်းတွင် တရုတ်နိုင်ငံမှ စိုက်ပျိုးရေးလုပ်ငန်းရှင်များက တရုတ်နိုင်ငံမှ မျိုးစေ့နှင့် နည်းပညာများဖြင့် မြန်မာနိုင်ငံတွင် ကိုယ်တိုင်လာရောက်စိုက်ပျိုးကြပြီး ထိုအချိန်မှစ၍ နောက်ပိုင်း နှစ်အနည်းငယ်အတွင်း ဖရဲသီးဈေးကွက် တည်ငြိမ်မှုမရှိတော့သလို မြန်မာ့ဖရဲသီး၏ အရည်အသွေး လိုအပ်လာခြင်းကြောင့် နာမည်ရထားပြီးသော ဖရဲသီးအနည်းငယ်ကိုသာ ဝမ်တိန်ဖရဲသီးဈေးကွက်တွင် အရောင်းအဝယ်ရှိတော့ကြောင်း သိရသည်။

"မိုးရာသီဖရဲသီး စဝင်တာ ဒီရက်ပိုင်းလေးပဲ ရှိသေးတယ်၊ တရုတ်ကုန်သည်က လှမ်းမှာတော့ ဖရဲသီးကားတိုက်ရိုက်ဝင်လာတာပါ၊ ဒီအသီးဆိုရင် မိတ္ထီလာက လာတာ။ မြန်မာပြည်ထဲမှာတော့ မိုးရာသီ ဖရဲစိုက်တာ နည်းတယ်၊ မရင်းရဲကြဘူး။ တရုတ်ကလည်း စိုက်တာရှိတယ်။ မြန်မာဖရဲက နာမည်ကျန်သေးတော့ အဝယ်ရှိသေးတယ်လို့ ဆိုရမယ်။ အခုရောက်လာတာက ရှယ်သီးဆိုတော့ တစ်တန်ကို ယွမ် ၁၅၀၀ ရှိတယ်။ ဝမ်တိန်ဝန်းကျင်ကျေးရွာတွေ၊ ဆေးဖန်း၊ မန်စီ၊ မိုင်းခွန်၊ ကြယ်ခေါင်၊ ကျန်ဖုံ၊ ရင်ကျန်းနဲ့ ရွှေလီမြို့ပတ်ဝန်းကျင်ဈေးတွေက လာဝယ်ကြတာ။ နေပွင့်ရင် တစ်တန်ကို ယွမ် နှစ်ထောင် အထိရတယ်။ အခုဝင်နေတာက ကျောက်ဆည်၊ မိတ္ထီလာက ဝင်တာများတယ်။ အသီးမလှရင်၊ မချိုရင် ရောင်းသူဝယ်သူ နစ်နာတယ်။ ဒါကြောင့် စိုက်တဲ့အခါမှာ အရည်အသွေးက စကားပြောတယ်" ဟု ဝမ်တိန်သီးနှံဝင်းရှိ စန်းကျော့ဖရဲသီးဒိုင်မှ မပီယင်းက ပြောသည်။

တရုတ်နိုင်ငံတွင်စားသုံးနေသော သီးနှံများ၏ အများစုကို ဝမ်တိန်သီးနှံဒိုင်မှ တင်ပို့နေခြင်းဖြစ်ပြီး ဖရဲသီး၊ နာနတ်သီးနှင့် သရက်သီးဟူ၍ ရာသီမပြတ်ရောင်းချလျက်ရှိရာတွင် အဓိကအားဖြင့် မြန်မာနိုင်ငံမှထွက်သော သစ်သီးများကိုသာ ဖြန့်ဖြူးရောင်းချနေခြင်းဖြစ်သည်။ မြန်မာ့ဖရဲသီးနှင့် သရက်သီးများသည် ပီကင်း၊ ရှန်ဟိုင်း၊ ယူနန်တို့မှတစ်ဆင့် ရုရှားနိုင်ငံအထိပင် ဈေးကွက်ထိုးဖောက်လျက်ရှိကြောင်း ဝမ်တိန်သီးနှံဒိုင်မှ သိရသည်။

လက်ရှိအချိန်တွင် ရွှေလီမြို့ရှိ ဝမ်တိန်သီးနှံဒိုင်များသို့ မြန်မာနိုင်ငံမှ မိုးဖရဲနှစ်မျိုး အဓိကဝင်ရောက်လျက်ရှိကာ အလုံးကြီးဖြစ်သော ၈၅၅ နှင့် အစေ့လွတ် အလုံးသေးဖြစ်သော ၂၁၁ ဖရဲသီးနှစ်မျိုးကိုသာ စတင် တင်ပို့ရောင်းချလျက်ရှိပြီး ၈၅၅ မှာ တစ်တန်လျှင် ယွမ် ၁၅၀၀ နှင့် အစေ့လွတ် ၂၁၁ မှာ တစ်တန်လျှင် ယွမ် ၁၂၀၀ ဈေးဖြင့် ပေါ်ဦးပေါ်ဖျားသီးနှံအဖြစ် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရ သည်။



**သတင်း-သန်းထိုက်**
**ဓာတ်ပုံ -သန်းစိုး**

# ခေတ်မီနည်းပညာများ တောင်သူများထံ ဖြန့်ဝေနိုင်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၀**

တောင်သူလယ်သမားများ အကျိုးစီးပွားတိုးတက်စေရန်နှင့် ဈေးကွက်တွင် ယှည်ပြိုင်နိုင်သည့် သီးနှံများထုတ်လုပ်ဖြန့်ဖြူးရာတွင် သတင်းအချက်အလက်များ၊ နည်းပညာများ၊ လယ်ယာစီးပွားသတင်းများ၊ လယ်ယာဝန်ဆောင်မှုများ၊ မိုးလေဝသသတင်းများစသည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီမိုဘိုင်းဖုန်းများမှ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် အားလုံးပါဝင်သောအစုအဖွဲ့ ICT Platform တစ်ခု တည်ထောင်နိုင်ရေးအတွက် ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးကွန်ရက် (Myanmar Agriculture Network-MAN) တို့ ပူးပေါင်းကျင်းပသည့် စိုက်ပျိုးပညာပေးလုပ်ငန်းတွင် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ၏ အရေးပါမှုဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ် ၈ ရက်က ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ခေတ်မီစိုက်ပျိုးနည်းပညာများကို တောင်သူလယ်သမားများထံ ဖြန့်ဝေရာတွင် ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်လုံးအတွက် လိုအပ်သော နည်းပညာများကို သုံးစွဲမှုကျယ်ပြန့်ပြီး လူအများစုစိတ်ဝင်စားမှုရှိနေသည့် မိုဘိုင်းဖုန်းများတွင် အလွယ်တကူ အသုံးပြုနိုင်ရေးကို ဌာနနှင့် ပုဂ္ဂလိက ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်မှုသည် များစွာအရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ မျိုးစေ့ဆိုင်ရာ သတင်း အချက်အလက်ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မည့် Myanmar Seed Portal ကို စတင်ရေးဆွဲလျက်ရှိသကဲ့သို့ ပြည်တွင်း စားသုံးမှုဖူလုံရေးသာမက နိုင်ငံခြားသို့ သီးနှံများ တင်ပို့ရောင်းချနိုင်ရေး ရှေးရှု ဆောင်ရွက်သည့် Global Market Information Portal တစ်ခု ဖြစ်ထွန်းလာစေရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုပါအခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ လယ်ယာကဏ္ဍကြီးတစ်ခုလုံး ခေတ်မီဖွံ့ဖြိုးလာစေရေးအတွက် အခြေခံအထောက်အပံ့တစ်ခုဖြစ်သည့် ICT လုပ်ငန်းများ ပိုမိုအားကောင်းစွာဆောင်ရွက်လာနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် မြန်မာ့စိုက်ပျိုးရေးကွန်ရက် (MAN) ၏ မူဝါဒဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးတင်ထွဋ်ဦးတို့က ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်လာကြသော မိုဘိုင်းဝန်ဆောင်မှုအစုအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများ တက္ကသိုလ်များမှ ICT လုပ်ငန်း ဦးဆောင်လုပ်ကိုင်နေကြသူ ပညာရှင်များက ကဏ္ဍအလိုက်ဆွေးနွေးကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးလှကျော်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ MAN ၏ မူဝါဒဆိုင်ရာအကြံပေးပုဂ္ဂိုလ်ဦးတင်ထွဋ်ဦး၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိက မိုဘိုင်းဝန်ဆောင်မှုအစုအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက် ဆွေးနွေးကြသည်။ **သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# ဆီထွက်သီးနှံအထွက်တိုးရေး မိုးနှမ်းစိုက်ပျိုးမှု သရုပ်ပြ

**မကွေး ဩဂုတ် ၁၀**

ဈေးကွက်ဝင်ဆီထွက်သီးနှံဖြစ်သည့် မိုးနှမ်းကို တောင်သူများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် မကွေးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြီး ဆီထွက်သီးနှံအထွက်တိုးရေး မိုးနှမ်းယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးမှုသရုပ်ပြပွဲကို မကွေးမြို့နယ် သပြေစမ်းကျေးရွာ၌ ဩဂုတ် ၈ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲသို့ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ကြူ၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးမိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆီထွက်သီးနှံစိုက်ပျိုးသူ တောင်သူ ၂၀၀ ကျော် တက်ရောက်ကြပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ဈေးကွက်ဝင်ဆီထွက်သီးနှံဖြစ်သော မိုးနှမ်းအထွက်နှုန်း နှစ်ဆတိုးစေရန် GAP စနစ်ကို အသုံးပြု၍ စိုက်ပျိုးရေး၊ ဈေးကွက်ရရှိစေရေး၊ ကျေးလက်နေ တောင်သူများ၏ စီးပွားရေးတိုးတက်လာရန်အတွက် လိုအပ်သောအကူအညီများကို မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက တိုင်းဒေသကြီးအသင်းနှင့် ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးမည့်အစီအစဉ်များ စသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးခဲ့သည်။ **သတင်းစဉ်**

# ဒေသခံပြည်သူများအား အသိပညာပေးဟောပြောပွဲနှင့် ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း ကျောက်မဲကြီးရွာ၌ကျင်းပ

**သီပေါ ဩဂုတ် ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် ကျောက်မဲကြီးကျေးရွာ ဒေသခံပြည်သူများ အသိပညာပေးဟောပြောပွဲနှင့် ယာဉ်မောင်းလိုင်စင်ပြုလုပ်ပေးခြင်းအခမ်းအနားကို ယမန်နေ့က ကျောက်မဲကြီးကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဟောပြောပွဲဖြစ်မြောက်ရေးတာဝန်ခံ မြို့မိမြို့ဖ ဦးစိုင်းနော်ခမ်းက ဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနဦးစီးမှူး ဦးဝင်းနိုင်နှင့်စစ်ဆေးရေးမှူး ဦးစောမင်းဆွေတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးက မူးယစ်ဆေးဝါးအန္တရာယ်နှင့်သက်ငယ်မုဒိမ်းမှုအကြောင်းများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူးက နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ တံခွန်တိုင်ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးကိုလည်းကောင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ မိုင်းအန္တရာယ်အသိပညာပေးမှုများကိုလည်းကောင်း၊ မြို့နယ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌက တိုင်းရင်းသားများ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် ဦးစီးမှူးက ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များကို ဆိုင်ကယ်ပိုင်ရှင်များအား တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တနင်္သာရီမြို့နယ်အတွင်း မြစ်ရေကြီးမှုကြောင့် စပါးစိုက်ခင်း ၂၀၇၃ ဧက ရေကြီးနစ်မြုပ်လျက်ရှိ

**တနင်္သာရီ ဩဂုတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း တနင်္သာရီမြစ် ရေကြီး၍ မြို့နယ်အတွင်း ကျေးရွာများရှိ ဒေသခံ တောင်သူများ၏ စပါးစိုက်ခင်း ဧကပေါင်း ၂၀၇၃ ဧက မြစ်ရေကြီးလွှမ်းမိုးလျက်ရှိနေကြောင်း သိရသည်။



တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးနိုင်ဦး၊ တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးစန်းလွင်၊ မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းစိုးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဇော်နှင့်ဝန်ထမ်းများ ယမန်နေ့က ရေကြီးနစ်မြုပ်လျက်ရှိသော စပါးစိုက်ခင်းများ၊ ဘက်စုံစံပြစိုက်ခင်းနှင့် မျိုးစေ့ထုတ်စိုက်ခင်းများကို သွားရောက်၍ ကွင်းဆင်းစစ်ဆေးပြီး အရှေ့မော်တုန်းကျေးရွာ၊ အနောက်မော်တုန်းကျေးရွာ အုပ်စုတို့မှ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ရေကြီးနစ်မြုပ် စပါးစိုက်ခင်းများ အချိန်မီ ပြန်လည်စိုက်ပျိုးရေး၊ မျိုးစပါးများရရှိရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ စပါးစိုက်ခင်းကေများမှာ ရက်ရှည်ကြာ ရေကြီးနစ်မြုပ်နေမှုကြောင့် ပျက်စီးဆုံးရှုံးရန် ရာနှုန်းပြည့်အခြေအနေရှိနေသဖြင့် ဒေသခံတောင်သူများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန်နှင့် မျိုးစပါးများအချိန်မီ ပြန်လည်ထောက်ပံ့ပေးရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ အဆင့်ဆင့် တင်ပြထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

# မူဆယ်၌ လယ်ယာလုပ်ငန်း အတတ်ပညာများ ဟောပြော

**မူဆယ် ဩဂုတ် ၁၀**

မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရွှေလီမြို့ မိခင်နှင့် ကလေးဖွံ့ဖြိုးရေးစင်တာ(မူဆယ်)တို့ ပူးပေါင်းစီစဉ်ကျင်းပသော လယ်ယာလုပ်ငန်း အတတ်ပညာဆိုင်ရာ ဟောပြောပွဲကို ဩဂုတ် ၈ ရက်က မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်ကျေးရွာရှိ တိုင်းရင်းသားဓမ္မာရုံ၌ ကျင်းပရာ ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက စာဖတ်ခြင်းအကျိုးကျေးဇူးများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်နန်းလွင်လွင်စိန်က စိုက်ပျိုးရေးနှင့်ပတ်သက်သည့် သိကောင်းစရာများနှင့် ဦးစီးအရာရှိ ဦးလွင်အောင်စိုးက စိုက်ပျိုးရေးဆိုင်ရာဥပဒေများကို ဟောပြောခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# ကျောက်ကြီးမြို့နယ်တွင် ရေပြန်ကျသွားပြီဖြစ်၍ ယာယီကယ်ဆယ်ရေးစခန်းများ ပြန်လည်ရုပ်သိမ်း

**ကျောက်ကြီး ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီးအရှေ့ ကျောက်ကြီးမြို့နယ်ရှိ ကျောက်ကြီးချောင်းရေနှင့် စစ်တောင်းမြစ်ရေတို့မှာ ကျဆင်းသွားပြီဖြစ်၍ ယမန်နေ့က ယာယီကယ်ဆယ်ရေးစခန်းများ ရုပ်သိမ်းခဲ့သည်။

ကျောက်ကြီးမြို့နယ်တွင် ဇူလိုင် ၂၃ ရက်မှစတင်ပြီး မိုးများအဆက်မပြတ်ရွာသွန်းကာ စစ်တောင်းမြစ်ရေလျှံခြင်း၊ ကျောက်ကြီးချောင်းရေ မြင့်တက်ခြင်းတို့ကြောင့် မြို့နယ်အတွင်းရှိ လူနေအိမ်များမှာ ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပြီး မြို့ပေါ် ခြောက်ရပ်ကွက်၊ ကျေးရွာပေါင်း ၃၅ ရွာ၊ အိမ်ထောင်စု ၉၀၂ စု၊ လူဦးရေ ၄၀၀၆ ဦးတို့အား ယာယီကယ်ဆယ်ရေးစခန်းများနှင့် ဆွေမျိုးနီးစပ် နေအိမ်များသို့ ပြောင်းရွှေ့ထားခဲ့ရသည်။

ယခုအခါ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ် ၉၃၀ စင်တီမီတာရှိရာမှ ယခုအခါ ၈၄၀ စင်တီမီတာသို့ ကျဆင်းသွားသဖြင့် ကျောက်ကြီးချောင်းရေသည် အမြင့်ဆုံးရေမှတ်ထက် နှစ်ပေခန့် ကျဆင်းသွားပြီဖြစ်၍ ယာယီကယ်ဆယ်ရေးစခန်းများ ပြန်လည် ရုပ်သိမ်းလိုက်ပြီး မိမိတို့နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ကြပြီဖြစ်ကြောင်း သိရသည်။

ပြန်လည်တည်ဆောက်ရေးကာလအတွင်း မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ လာရောက်လှူဒါန်းထားသော ကယ်ဆယ်ထောက်ပံ့ပစ္စည်းများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မတီအဖွဲ့ပူးပေါင်းပြီး သက်ဆိုင်ရာ ရေဘေးသင့်သူများထံ ရောက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုသားကြီး(ပြန်/ဆက်)**



# ခိုင်ကမ်းမြို့၌ လာမည့်လမှစပြီး ပစ္စည်းအခွန်နှင့် လုပ်ငန်း လိုင်စင်ခွန်များ စတင်ကောက်ခံတော့မည်

**ခိုင်ကမ်း ဩဂုတ် ၁၀**

ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့စည်ပင်သာယာရေးအဖွဲ့က လာမည့်လမှစပြီး ပစ္စည်းအခွန်နှစ်မျိုးနှင့် လုပ်ငန်းလိုင်စင်ခွန်နှစ်မျိုးကို ပြည်သူလူထုထံသို့ စတင်ကောက်ခံတော့မည်ဖြစ်ကြောင်း သိရသည်။

"ခိုင်ကမ်းမြို့မှာ ပြည်သူလူထုထံ ပစ္စည်းခွန်နှင့် လုပ်ငန်းလိုင်စင်ခွန်ဆိုလို့ ဘာမှ မကောက်ရသေးဘူး။ အခွန်ပေးသွင်းစရာရှိရင် ဥပမာ လမ်းမီးခွန်ဆိုရင် တစ်လ ငွေကျပ် ၁၁၇၅၀၀ ကို စည်ပင်ကပဲ သက်ဆိုင်ရာဌာနကို ပုံမှန်ပေးသွင်းရတာ။ ခုတော့ မြို့စည်ပင်သာယာရေးကော်မတီရဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ပစ္စည်းခွန်နှစ်မျိုးနဲ့ လုပ်ငန်းလိုင်စင်ခွန်နှစ်မျိုး ကောက်ခံသွားမှာပါ။ ဒါကလည်း ပြည်သူလူထုအနေနဲ့ အခွန်ထမ်းဆောင်ဖို့ တာဝန်ရှိတယ်ဆိုတာကို အသိပေးချင်တာရယ် ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုကိုလိုချင်လို့ ကောက်တာဖြစ်ပါတယ်" ဟု မြို့စည်ပင်သာယာရေး ဥက္ကဋ္ဌ ဦးဂင်ခန့်ဒိုထံက ပြောကြားသည်။

အဆိုပါကောက်ခံမည့် ပစ္စည်းခွန်တွင် အဆောက်အအုံခွန်နှင့် လမ်းမီးခွန်နှစ်မျိုး ပါဝင်ပြီး အဆောက်အအုံကို RC ၊ အုတ်ညှပ်၊ ပျဉ်ထောင်၊ သွပ်ကာ၊ ဝါးထရံကာဟူ၍ ခွဲခြားကာ အဆိုပါ အမျိုးအစားအလိုက် အကြီး ၊ အလတ် ၊ အသေး ထပ်မံခွဲခြားပြီး ဈေးနှုန်းသတ်မှတ်ကောက်ခံသွားမည်ဖြစ်ကြောင်း ၊ RC အကြီး ငွေကျပ် ၂၅၀၀ ၊ အလတ် ငွေကျပ် ၂၂၅၀၊ အသေး ငွေကျပ် ၂၀၀၀ သတ်မှတ်ထားပြီး ဝါးထရံအကြီးကို ငွေကျပ် ၁၅၀၀၊ အလတ် ငွေကျပ် ၁၂၅၀၊ အသေး ငွေကျပ် ၁၀၀၀ နှင့် လမ်းမီးခွန်ကို တစ်အိမ်လျှင် ငွေကျပ် ၅၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ထို့အတူ လုပ်ငန်းလိုင်စင်များဖြစ်ကြသည့် ပုဂ္ဂလိကအိမ်ဆိုင်နှင့် ဆိုင်ခန်းလိုင်စင်ခ (အကြီး၊ အလတ်၊ အသေး)ကို ငွေကျပ် ၂၅၀၀ သတ်မှတ်ထားပြီး ဓာတ်ဆီအရောင်းဆိုင်ကဲ့သို့သော အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလိုင်စင်များကိုမူ (အကြီး၊ အလတ်၊ အသေး) ငွေကျပ် ၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါအခွန်များသည် ဘဏ္ဍာရေးနှစ် တစ်နှစ်စာအတွက်ဖြစ်ပြီး ပြည်သူလူထုထံမှ ရရှိမည့် အခွန်ပမာဏသည် အစိုးရသို့ ပေးသွင်းရန် သတ်မှတ်သည့် ပမာဏ၏ ငါးပုံတစ်ပုံခန့်သာရှိမည် ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် အခွန်ထမ်းဆောင်ရန် တာဝန်ရှိသည် ဆိုသည်ကို အသိပညာပေးခြင်းနှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို လိုချင်၍ ကောက်ခံရခြင်းဖြစ်ကြောင်း ခိုင်ကမ်းမြို့စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ၏ ပြောပြချက်အရ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်တွင် စပါးစိုက်ခင်းများအတွင်း သီးနှံဖျက် ရွှေခရုများကျရောက်၍ ကာကွယ်နှိမ်နင်းနည်းပညာများ ဟောပြော

**ပွင့်ဖြူ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဂူကြီးကျေးရွာ၊ သံကိုင်းကျေးရွာ၊ ကုန်းဇောင်းကျေးရွာနှင့် ပေတောကျေးရွာတို့မှ တောင်သူများစိုက်ပျိုးထားသည့် စပါးသီးနှံစိုက်ခင်းများတွင် သီးနှံဖျက်ပိုး ရွှေခရုများ ကျရောက်နေကြောင်း သိရှိရသဖြင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နီလာမော်နှင့်အဖွဲ့ ယမန်နေ့က အဆိုပါကျေးရွာ များသို့ သွားရောက်ပြီး စပါးစိုက်ခင်းများအတွင်း သီးနှံဖျက်ပိုး ရွှေခရုကျရောက် နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဟောပြောပွဲကို ပေတောကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ရာ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က စပါးသီးနှံစိုက်ခင်းများအတွင်း ရွှေခရုကျရောက်ရသည့် အကြောင်းအရင်းနှင့် ရွှေခရုများကို ကာကွယ်နှိမ်နင်းရာတွင် ဓာတုဆေး အသုံးပြု၍ ကာကွယ်နှိမ်နင်းမည်ဆိုပါက ထိရောက်မှုနည်းပြီး သဘာဝကာကွယ်နှိမ်နင်းနည်းဖြင့် ဆောင်ရွက်ပါက ထိရောက်မှု ၈၀ ရာခိုင်နှုန်းအထိ အကျိုးဖြစ်စေမည့်အကြောင်းတို့ကို ရှင်းလင်း ဟောပြောသည်။

ထို့နောက် ခရိုင်(မြေ ၊ မျိုး ၊ ပိုး) တာဝန်ခံများက တောင်သူများ သီးနှံစိုက်ပျိုးရာတွင် သီးနှံအထွက်နှုန်းကောင်းမွန်စေရေး လိုက်နာဆောင်ရွက်ရမည့် မြေဆီလွှာကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ သီးနှံပိုးမွှား ရောဂါကာကွယ်နှိမ်နင်းရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ပြီး တောင်သူများအား ရွှေခရုကာကွယ်နှိမ်နင်းနည်း ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



**ဘီးလင်းမြို့နယ်တွင် ဇူလိုင်လအတွင်း မြစ်ရေကြီးမှုဖြစ်ပွားခဲ့ရာ စာသင်ကျောင်းများနှင့် လူနေအိမ်အချို့ရှိ ရေတွင်းများ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့သဖြင့် မြို့နယ်ဒုရဲတပ်ဖွဲ့မှူး ချစ်ကိုကို ဦးဆောင်သောအဖွဲ့ ဩဂုတ် ၈ ရက်မှ စတင်ကာ နေ့စဉ်မြို့ပေါ်ရပ်ကွက်များရှိ ရေတွင်းများမှ ရေဆိုးများ စုပ်ယူခြင်းကို ဆောင်ရွက်စဉ်။**

မြို့နယ် (ပြန်/ဆက်)

# Dietary Supplements / Food Supplements

## သွင်းကုန်လိုင်စင်လျှောက်ထားရန် ထောက်ခံချက်များအတွက် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ

၁။ သွင်းကုန်လိုင်စင်လျှောက်ထားရန်အတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက် (Import Recommendation) သည် သွင်းကုန်လိုင်စင် (Import Licence) လျှောက်ထားနိုင်ရန်အတွက် ထုတ်ပေးခြင်းဖြစ်သည့်အတွက် Import Recommendation တွင် ဖော်ပြသော ရည်ညွှန်းစာအမှတ်သည် ထောက်ခံထားသောပစ္စည်း၏ မှတ်ပုံတင်အမှတ် မဟုတ်သဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် ဖော်ပြခြင်းမပြုရ။

၂။ Import Recommendation ထုတ်ပေးခြင်းသည် ရည်ညွှန်းကုန်ပစ္စည်း၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အာနိသင်ထိရောက်မှုကိုအလုံးစုံအာမခံပေးခြင်း မဟုတ်သဖြင့် ယင်းသို့ ထင်မှတ်စေသောရေးသားချက်၊ ဖော်ပြချက်များမပြုလုပ်ရ။

၃။ Import Recommendation အားအကြောင်းပြု၍ တင်သွင်းလာသော Dietary Supplements/ Food Supplements များသည် ကျန်းမာရေးအထောက်အကူပြုအစားအသောက်များသာဖြစ်သည့်အတွက် ရောဂါအခြေအနေတစ်စုံတစ်ရာကို ကုသ၊ ပျောက်ကင်း၊ သက်သာစေနိုင်သည်ဟု ညွှန်းဆိုဖော်ပြကြော်ငြာရောင်းချခြင်း မပြုရ။

၄။ DietarySupplements / Food Supplements များရောင်းချရာတွင် အသုံးပြုမည့်ကြော်ငြာ(လက်ကမ်းစာစောင်၊ လူမှုကွန်ရက်အမျိုးမျိုးအပါအဝင်) များကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စိစစ်ခွင့်ပြုချက်တင်ပြရယူရန်နှင့် ခွင့်ပြုထားသည့် ကြော်ငြာကိုသာ အသုံးပြုရန်။

၅။ Dietary Supplements / Food Supplements များတင်သွင်းရာတွင် သွင်းကုန်လိုင်စင် ထောက်ခံချက် (Import Recommendation)နှင့် သွင်းကုန်ကျန်းမာရေးထောက်ခံချက်(Import Health Certificate) မဖြစ်မနေလျှောက်ထားရမည်။

အထက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

# မြင်းခြံ၌ ဓာတ်ပုံပြပွဲပြုလုပ်၍ ရောင်းရငွေများကို မျက်စိဝေဒနာရှင်များအား လှူဒါန်းသွားမည်

**မြင်းခြံ ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ပထမဆုံးအကြိမ် ဓာတ်ပုံပြပွဲအဖြစ် 'ကင်မရာရှေ့မှပုံရိပ်များ' ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြပွဲကို ဓာတ်ပုံဆရာ ကိုကျော်စွာဝင်းက မြင်းခြံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြပွဲတွင် မြန်မာပြည်အနှံ့သွားလာရိုက်ကူးခဲ့သည့် ရှုချင်စဖွယ်ရှုခင်းပုံများ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် သရုပ်ဖော်ပုံများ စသည့်ဓာတ်ပုံများကို ပြသသွား မည်ဖြစ်ပြီး ပြပွဲသို့လာရောက်ကြည့်ရှုသူများအနေဖြင့် နှစ်သက်သဘောကျပါက ဝယ်ယူနိုင်ကြောင်း၊ ရရှိလာသည့်ငွေများကို မျက်စိဝေဒနာခံစားရပြီး ခွဲစိတ်ကုသရန် မတတ်နိုင်သည့် လူနာများအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ ဓာတ်ပုံပြပွဲကို ဩဂုတ် ၁၇ ရက်မှ ၂၁ ရက်အထိ ငါးရက်ကြာ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# ဇီးကုန်းမြို့၌ အခြေခံစက်ချုပ်သင်တန်းဆင်း

**ဇီးကုန်း ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဩဂုတ်လပထမပတ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသူများ တက်ရောက်ခဲ့ပြီး သင်တန်းကို ကျေးရွာပေါင်း ၁၈ ရွာမှ သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းဖွင့်ခဲ့သည့် သုံးကြိမ်အတွင်း စက်ချုပ်သင်တန်းသူ ၈၀ မွေးထုတ်ပေးခဲ့ကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

# မတူပီမြို့၌ မီနီမာရသွန်ပြိုင်ပွဲ ကျင်းပ

**မတူပီ ဩဂုတ် ၁၀**

မတူပီမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပြည်နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မီနီမာရသွန် (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲကို ယမန်နေ့က မတူပီမြို့၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၁၇၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ မီနီမာရသွန် (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲကို ချင်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောက သေနတ်ဖောက် တာလွှတ်ပေးခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇိုပါမောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်းတို့က ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ရေကြီးနစ်မြုပ်ပျက်စီးသွားသောမိုးစပါးများ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေး မျိုးစပါးများထောက်ပံ့

**နေပြည်တော် ဩဂုတ် ၁၀**

ဇွန်လနှင့် ဇူလိုင်လများတွင် မိုးများ အဆက်မပြတ်ရွာသွန်းခြင်း၊ မြစ်ရေတက်ခြင်း၊ ဒီရေထောက်ခြင်းတို့ကြောင့် ချင်းပြည်နယ်မှအပ တိုင်းဒေသကြီး၊ ပြည်နယ်အများစု၏ သီးနှံစိုက်ခင်းများ ရေကြီး ရေလွှမ်းခံခဲ့ရသဖြင့် သီးနှံများ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့ရာ ဩဂုတ် ၃ ရက်အထိ တစ်နိုင်ငံလုံးတွင် မိုးစပါး စိုက်ဧက တစ်သိန်းနှစ်သောင်းခန့် ပျက်စီးခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

တိုင်းဒေသကြီး၊ ပြည်နယ်သုံးခုတွင် ပျက်စီးဆုံးရှုံးခဲ့သော သီးနှံစိုက်ခင်းများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်အရ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) အစီအစဉ်ဖြင့် မျိုးကောင်းမျိုးသန့်စပါး တင်း ၃၀၀၀ ကို စတင်ပေးပို့ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

"ဩဂုတ် ၃ ရက်အထိ တစ်နိုင်ငံလုံးမှာ မိုးစပါးစိုက်ဧက တစ်သိန်းနှစ်သောင်းခန့် ပျက်စီးခဲ့ပြီး ခုနစ်သောင်းခြောက်ထောင်ကျော် ပြန်လည်စိုက်ပျိုးပြီးဖြစ်ပါတယ်။ အထူးသဖြင့် ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှာ ပျက်စီးသွားတဲ့ စပါးစိုက်လယ်တွေ ရာသီချိန်မီ ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ညွှန်ကြားချက်အရ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)အစီအစဉ်နဲ့ သက်လျင်စပါးနံ့ကောက်မျိုး မျိုးသန့် မျိုးစေ့တွေကို ကရင်ပြည်နယ်ကို တင်း ၁၀၀၀၊ မွန်ပြည်နယ်ကိုတင်း ၁၀၀၀၊ ပဲခူးတိုင်းဒေသကြီးကို တင်း ၁၀၀၀ စတင်ပေးပို့ ထောက်ပံ့လျက်ရှိပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ပြောသည်။



စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးသွားသည့် သီးနှံစိုက်ခင်းများ ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရန် လိုအပ်သည့် သီးနှံမျိုးစေ့နှင့် နည်းပညာအထောက်အပံ့များကို တောင်သူလယ်သမားများထံ ပေးအပ်ကူညီလျက်ရှိသကဲ့သို့ မြေပြင်ထွန်ယက်ရေး လိုအပ်ချက်ရှိပါက စက်မှုလယ်ယာဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်မှ ဆန်စပါးဒိုင်များနှင့် အခြားအဖွဲ့အစည်းများမှလည်း ရေကြီးနစ်မြုပ်ခဲ့သည့် သီးနှံစိုက်ခင်းများ ပြန်လည်ပေါ်လာချိန်မှစ၍ လယ်မြေများ ပြန်လည်စိုက်ပျိုးနိုင်ရန် မျိုးစပါးများ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ဖျာပုံမြို့နယ်၌ ပြည်သူလူထုစီမံခန့်ခွဲသော ရေရရှိရေးစီမံကိန်း အသိပညာပေးဆွေးနွေး

**ဖျာပုံ ဩဂုတ် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Lien Aid တို့ ပူးပေါင်းဆောင်ရွက်သည့် ပြည်သူလူထုစီမံခန့်ခွဲသော ရေရရှိရေးစီမံကိန်းနှင့်ပတ်သက်သည့် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၈ ရက်က ဖျာပုံမြို့ သီရိအဏ္ဏဝါမြို့နယ်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

"ဒီဒေသမှာ ရေကိုမြင်နေရပေမယ့် ရေချိုရရှိဖို့ ခက်ခဲပါတယ်။ ရေတွင်းတူးရင် သုံးပေကျော်တာနဲ့ ရေငန်တွေ့ရတတ်ပါတယ်။ အဲ့ဒီလို သောက်သုံးရေချိုရှားမှု ပြဿနာလျော့ချနိုင်ဖို့အတွက် အခုလို ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်ပေးနေရခြင်း ဖြစ်ပါတယ်"ဟု ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူက ပြောသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က အမှာစကားပြောကြားပြီး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာတင်လှက ရေကောင်း ရေသန့်သုံးစွဲခြင်း၏ ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများကို လည်းကောင်း ၊ Lien Aid မှ Programme Manager Mr.Ian Chen က ပြည်သူလူထု စီမံခန့်ခွဲသော ရေရရှိရေးစီမံကိန်း အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ စီမံကိန်းလျာထားကျေးရွာများမှ သင်တန်းသား ၅၀ ခန့် တက်ရောက်လျက်ရှိပြီး ဆွေးနွေးပွဲကို နှစ်ရက်ကြာ ပြုလုပ်သွားမည်ကြောင်းနှင့် အဆိုပါ ရွာ ၂၀ မှ ကျေးရွာ ငါးရွာကို စိစစ်ရွေးချယ်၍ ရေရရှိရေးလုပ်ငန်းစဉ်များအနေဖြင့် ရေတွင်းရေကန်တူးဖော်ခြင်း၊ ကန်ဟောင်းများ ပြုပြင်ပေးခြင်းစသည့် ဒေသအခြေအနေအလိုက် ရေချို ရေသန့်ရရှိရေးအတွက် Lien Aid နှင့် ဒေသခံများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းအဖွဲ့သည် အာရှဒေသ၏ ကျေးလက်နေလူထုအတွက် ရေကောင်းရေသန့်ရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဦးစားပေးဆောင်ရွက်နေသော စင်ကာပူနိုင်ငံ အခြေစိုက် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ကာ ကျေးလက်ဒေသများ၌ လူထုစီမံခန့်ခွဲသော ရေရရှိရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြောင်းသိရသည်။

**သူဇာနွယ် (ဖျာပုံ)**

# ညောင်လေးပင်၌ ရေနစ်မြုပ်လယ်များထွန်ယက်ရေး ကူညီဆောင်ရွက်ရန် ထွန်စက်များရောက်ရှိ

**ညောင်လေးပင် ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေကြီးခြင်းနှင့် ချောင်းရေလျှံမှုကြောင့် ရေကြီးနစ်မြုပ် ပျက်စီးခဲ့သည့် မိုးစပါးများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ရန် ညောင်လေးပင်မြို့ အမှတ်(၁၂) စက်မှုလယ်ယာစခန်းသို့ ဩဂုတ် ၈ ရက်က ထွန်စက်များ ရောက်ရှိပြီဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။




"မဒေါက်ဒေသ လယ်မြေတွေ ရေကြီးနစ်မြုပ်နေမှုကို ဩဂုတ် ၃ရက်က ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကွင်းဆင်းကြည့်တဲ့အခါ တောင်သူတွေက လိုအပ်ချက်တွေ တင်ပြတဲ့အခါမှာ ရေကြီးနစ်မြုပ်မှုကြောင့် စပါးတွေပျက်တယ်။ ပြီးရင် အဲ့ဒါတွေ ပြန်ပေါ်လာလို့ ပြန်စိုက်မယ်ဆိုရင် ထွန်ယက်ရေး အခက်အခဲမဖြစ်အောင် စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ ထွန်စက်ရောက်နိုင်တဲ့ကျေးရွာ၊ စက်ဝင်လို့ရတဲ့ကွင်းဒေသတွေမှာ ကျွန်တော်တို့ ထွန်ယက်ရေးအတွက်ပေ့ါနော်။ ကူညီပေးဖို့ ပြည်ထောင်စုဝန်ကြီး ညွှန်ကြားမှုနဲ့ ကျွန်တော်တို့ဌာန တိုင်းဒေသကြီး ဦးစီးမှူးရဲ့ စီစဉ်မှုနဲ့ ထွန်စက်တွေရောက်ရှိနေပြီ။ ထွန်စက်ကြီး အစီး ၃၀ အဆင်သင့်ရှိနေပြီ။ တောင်သူက ဆီပဲထည့်ပေးပြီး ထွန်စက်နဲ့ မောင်းသမား အခမဲ့ဆောင်ရွက်ပေးမှာပါ" ဟု ညောင်လေးပင်မြို့ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထန်ပီးက ပြောသည်။

ညောင်လေးပင်မြို့နယ်အတွင်း မိုးစပါးစိုက်ခင်းပေါင်း ၇၆၃၅ ဧက၊ ကြဲခင်းပေါင်း ၄၂၂၁၄ ဧက ရေနစ်မြုပ်ခဲ့ပြီး ဩဂုတ် ၇ ရက် စာရင်းအရ စိုက်ခင်းပေါင်း ၂၁၄၄ ဧက၊ ကြဲခင်းပေါင်း ၂၅၁၄၃ ဧက ရေပြန်ပေါ်လျက်ရှိကြောင်း၊ ပျက်စီးခဲ့သည့် မိုးစပါးများကို အချိန်မီစိုက်ပျိုးနိုင်ရန် တောင်သူပိုင် စက်ကိရိယာများနှင့် စက်မှုလယ်ယာဦးစီးဌာနပိုင် စက်များဖြင့် ထွန်ယက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# တာချီလိတ်မြို့၌ မြန်မာရွှေ့ပြောင်းအလုပ်သမားသုံးဦး ပြန်လည်လွှဲပြောင်း

**တာချီလိတ် ဩဂုတ် ၁၀**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားသုံးဦးကို ထိုင်းနိုင်ငံတာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ ဩဂုတ် ၉ ရက်က တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့ နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၉ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ယခုလွှဲပြောင်းသည့် သုံးဦးအပါအဝင် အမျိုးသား ၄၄၈ ဦး၊ အမျိုးသမီး ၂၀၉ ဦးနှင့် ကလေး ၂၃ ဦး စုစုပေါင်း ၆၈၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# လယ်ဝေးမြို့၌ မှုခင်းအသိပညာပေးဟောပြော

**လယ်ဝေး ဩဂုတ် ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့မရဲစခန်းမှူး ဒုရဲမှူးအောင်ဇေယျလင်းနှင့် ရဲတပ်ဖွဲ့ဝင်များမှ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးအတွက် တစ်အိမ်တက်၊ ဆင်းကွင်းဆင်း၍ အသိပညာပေး ဟောပြောမှုကို ဉသျှစ်လိုင်ကျေးရွာအုပ်စု ကျောက်မီးကူးကျေးရွာတိုးကြီးတဲစုတို့တွင် ဩဂုတ် ၈ ရက်က ဆောင်ရွက်ခဲ့ပြီး ဒုရဲမှူးအောင်ဇေယျလင်းနှင့် ရဲကင်းမှူး ဒုရဲအုပ်မြင့်ကျော်အေးတို့က ပြည်သူများအား သက်ငယ်မုဒိမ်းမှု ဖြစ်ပွားရခြင်းအကြောင်း၊ ဖြစ်ပွားပုံ ပြစ်ဒဏ်တို့ကို အသေးစိတ်ရှင်းလင်း အသိပညာပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



နေပြည်တော် ဇေယျာသီရိမြို့နယ် စည်ပင်ကြီးကျေးရွာအုပ်စု စည်ပင်ကြီးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုလျော့နည်း ကျဆင်းရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများနှင့် ယာဉ်အန္တရာယ်မဖြစ်ပွားစေရေး အသိပညာပေးခြင်းများကို ရေဆင်းနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ထိုက်လွင်ကျော်က စည်ပင်ကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းနှင့် ကျေးရွာပြည်သူများအား ဩဂုတ် ၈ ရက်က ဟောပြောစဉ်။

ဟိန်းထက်ဇော် (မြန်မာ့အလင်း)

# ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေမြင့်တက်လာနိုင်သဖြင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစာစောင်များ ဖြန့်ဝေ

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်မြစ်ရေ ထူးကဲဒီရေမြင့်တက်လာနိုင်မှုကြောင့် ဒလမြို့နယ်၌ သဘာဝဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် ယမန်နေ့က ဒလဘက်ကမ်း သင်္ဘောဆိပ်၌ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများက ရေဘေးပညာပေးစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

ရန်ကုန်မြို့၏ ရေစွန့်ထုတ်မှုစနစ်သည် ဒီရေအတက်အကျရှိသော ရန်ကုန်မြစ်ကို အခြေခံထားခြင်းကြောင့် ဩဂုတ် ၁၀ ရက်မှ ၁၆ ရက် အထိ ဒီရေတက်ချိန်နှင့် မိုးသည်းထန်စွာ ရွာသွန်းချိန် တိုက်ဆိုင်ပါက မြေနိမ့်ပိုင်း နေရာများသို့ ဒီရေဝင်ရောက်မှုများ ဖြစ်ပေါ်လာနိုင်သောကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ထူးကဲဒီရေတက်မည့် အခြေအနေများကို မိဘပြည်သူများသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

ရန်ကုန်မြစ် ထူးကဲဒီရေမြင့်တက်လာနိုင်ခြင်းကြောင့် မြစ်တစ်ဖက်ကမ်းတွင်တည်ရှိသော ဒလမြို့နယ်၌ မြေနိမ့်ပိုင်းရပ်ကွက်များနှင့် မြစ်ချောင်းကမ်းဘေးနေရာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပါက ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ကြိုတင်ကာကွယ်ရေး အသိပေးချက်များ၊ ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် လိုက်နာရန်အချက်များ၊ ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များနှင့် သဘာဝဘေးအန္တရာယ်နှင့်ကြုံတွေ့ပါက ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ပါဝင်သည့် ရေဘေးပညာပေး စာစောင်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၀**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူအာဆန်မာမွတ် အာလီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Manjurul Karim Khan Chowdhury လည်း တက်ရောက်သည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူအာဆန်မာမွတ် အာလီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုအရှိန်မြှင့်တင်ဆောင်ရွက်ရန်အတွက် သတင်းများ အပြန်အလှန်ဖလှယ်ရေး၊ တာဝန်ရှိသူများ နီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်ရေး သဘောတူညီခဲ့

## သတင်းထုတ်ပြန်ချက်

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဝန်ကြီးအဆင့် အစည်းအဝေး တစ်ရပ်ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ အတွင်းက နှစ်နိုင်ငံ လက်မှတ်ရေးထိုးထားသည့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအစဉ်အား အကောင်အထည်ဖော်ရေးနှင့် ပတ်သက်ပြီး အမြင်ချင်းဖလှယ် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူအာဆန်မာမွတ် အာလီတို့မှ ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အောက်ဖော်ပြပါအချက်များ သဘောတူညီခဲ့ပါသည်-

(က) မကြာသေးမီက ကော့(ဇ်)ဘဇားသို့ ထွက်ပြေးတိမ်းရှောင်သွားသည့် ရခိုင်ဒေသမှ နေရပ်စွန့်ခွာသွားကြသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဆောလျင်စွာ စတင်နိုင်ရန် နှစ်နိုင်ငံအကြား သဘောတူညီခဲ့ပါသည်။ ပြန်လည်လက်ခံရေး ဆောင်ရွက်ရာတွင် မိမိဆန္ဒအလျောက် လုံခြုံစိတ်ချစွာနှင့် ဂုဏ်သိက္ခာရှိစွာ နေရပ်ပြန်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ နှစ်နိုင်ငံဝန်ကြီးများအကြား ပြန်လည်လက်ခံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် တိုက်ရိုက်အဆက်အသွယ်မှုပြုနိုင်မည့် HOTLINE တစ်ခု ထူထောင်ထားပြီး ဖြစ်ပါသည်။

(ခ) နှစ်နိုင်ငံအကြား သဘောတူထားသည့် စိစစ်ရေးပုံစံ (VERIFICATION FORMS) များကို ကော့(ဇ်)ဘဇားတွင် ရောက်ရှိနေသည့် နေရပ်စွန့်ခွာသွားသူများထံ ဖြန့်ဝေရေးနှင့် ပုံစံများကို ၎င်းတို့ကိုယ်တိုင် ဖြည့်စွက်နိုင်ရန် သဘောတူညီခဲ့ပါသည်။ ထို့ပြင် မြန်မာအစိုးရအနေဖြင့် စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်နှင့် နေရပ်စွန့်ခွာသွားသူများသည် ၎င်းတို့ဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လိုခြင်းဖြစ်ကြောင်းအား သက်သေပြနိုင်မည့် ပြန်လည်ဝင်ရောက်လိုသူ၏လက်မှတ်၊ လက်ဗွေနှင့် ဓာတ်ပုံများအား ပုံစံများတွင် ထည့်သွင်းဖြည့်စွက်သွားစေရန် အတွက်လည်း နှစ်နိုင်ငံအကြား သဘောတူညီခဲ့ပါသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ◆

# မြန်မာ ယူ-၂၃ အသင်း နောက်ဆုံးခြေစမ်းပွဲအဖြစ် Police Tero အသင်းနှင့် ယနေ့ခြေစမ်းမည်

**ရန်ကုန် ဩဂုတ် ၁၀**

မြန်မာ ယူ-၂၃ အသင်းသည် အာရှအားကစားပြိုင်ပွဲအတွက် နောက်ဆုံးပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး ပြိုင်ပွဲမတိုင်မီ နောက်ဆုံး ခြေစမ်းပွဲအဖြစ် ဩဂုတ် ၁၁ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ထိုင်းလိဂ်-၁ ကလပ် Police Tero အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် ဩဂုတ် ၈ ရက် ညနေမှစ၍ ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး ကစားသမားများ၏ ခြေစွမ်းကို စမ်းသပ်နိုင်ရန် Police Tero အသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ယင်းပွဲတွင် အရန်ကစားသမားများကို အသုံးပြုမည်ဖြစ်ပြီး ဒဏ်ရာမှ ပြန်ကောင်းလာသည့်

*စာမျက်နှာ ၇ ကော်လံ ၁* ❄



မြန်မာ ယူ-၂၃ အသင်း လေးနိုင်ငံပြိုင်ပွဲမတိုင်မီ လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

# စစ်တောင်းနှင့် သံလွင်မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၀**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။ **မိုး/ဇလ**

Visit
The 5th International Processing & Packaging Exhibition for Myanmar ပဉ္စမအကြိမ်မြောက် နိုင်ငံတကာထုတ်လုပ်ခြင်းနှင့် ထုတ်ပိုးခြင်းဆိုင်ရာပြပွဲ
PROPAK MYANMAR
Including: Over 200 Exhibitors from 13 countries
6 International Pavilions from China, Italy, Japan, Singapore, Taiwan, Thailand
Industry Conferences & Seminars
New Venue
13-15 September 2018
Yangon Convention Centre (YCC), Yangon
Located within Inya Lake Hotel compound on Kabar Aye Pagoda Rd.
Pre-register at www.propakmyanmar.com
Incorporating: DRINKTECH MYANMAR INGREDIENTS MYANMAR PLASPAK MYANMAR PRINTECH
Contact Ya Mone at
Tel: +95 1378 975 or
Yamone.oo@ubm.com
Supported by: MFPEA MIA FoSTA AHK
Gold Sponsor by: GC
Organised by: UBM

